# သတ္တုတွင်းဝန်ကြီးဌာန
# ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတော် ရေနံခါတ်လုပ်ကိုင်ခွင့်နည်းဥပဒေများ
## အမှတ် ၅
## ရန်ကုန်မြို့၊ ၁၃၂၃ ခု၊ ပြာသိုလပြည့်ကျော် ၅ ရက်။
## (၁၉၆၂ ခု၊ ဇန္နဝါရီလ ၂၅ ရက်။)

[ ပြင်ဆင် : 04.12.1962 ]

အမှတ် ၅။ ။ ၁၉၅၇ ခုနှစ်၊ ရေနံခါတ်ပင်ရင်းအခြေအမြစ်များကို (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေ ပုဒ်မ ၇ ဖြင့် အပ်နှင်းထားသော အာဏာများသုံးစွဲလျက်၊ နိုင်ငံတော် သမတသည်၊ အောက်ပါ နည်းဥပဒေများကို ပြုလုပ်လိုက်သည်။

## အပိုင်း ၁
## စကားချီး

အမည်နှင့် တည်ရာနယ်အဝန်း။

၁။ ။ (၁) ဤနည်းဥပဒေများကို **၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတော် ရေနံခါတ်လုပ်ကိုင်ခွင့်နည်းဥပဒေများ**ဟု ခေါ်တွင်ရမည်။

(၂) ဤနည်းဥပဒေများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တဝှန်းလုံးအပြင်၊ ပြည်ပိုင်ပင်လယ်အလွန် မြေထုနှင့်တဆက်တည်း ရေအောက်မြေပြင်နှင့် ၎င်းနှင့်အလားတူ ပြည်ထောင်စုအတွင်း ကျွန်းတခုခုနှင့် တဆက်တည်း ရေအောက်မြေပြင်တို့နှင့်သက်ဆိုင်ရမည်။

အဓိပ္ပါယ်ကောက်ယူပုံ။

၂။ ။ နည်းဥပဒေ ၃ နှင့်မဆန့်ကျင်စေဘဲ၊ ဤနည်းဥပဒေများကို ၁၉၅၇ ခုနှစ်၊ ရေနံခါတ်ပင်ရင်း အခြေ အမြစ်များ (တိုးတက်ဖြစ်ထွန်းမှုနှင့် စည်းမျဉ်းသတ်မှတ်မှု ) အက်ဥပဒေပါ ဝေါဟာရများနှင့် အဓိပ္ပါယ် ကောက်ယူပုံကိုရည်ညွှန်း၍၊ အဓိပ္ပါယ်ကောက်ယူရမည်။

အဓိပ္ပါယ်ပိုင်းခြားဖေါ်ပြချက်။

၃။ ။ ဤနည်းဥပဒေများတွင်၎င်း၊ ဤနည်းဥပဒေများအရ ထုတ်ပေးသည့်ရေနံခါတ်လုပ်ကိုင်ခွင့်၊ သို့တည်းမဟုတ် အမိန့်အသီးသီးတွင်၎င်း အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ် နှင့်ဖြစ်စေ မဆန့်ကျင်လျှင်-

(၁) **“အက်ဥပဒေ”** ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ ရေနံခါတ်ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု နှင့် စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေကိုဆိုလိုသည်။

(၂) **“ဆက်စပ်သည်၊ သို့တည်းမဟုတ် ဆက်စပ်နေသည်”** ဆိုသည့် စကားရပ်များကို၊ စီးဆင်းစုများ၊ သို့တည်းမဟုတ် မြေ၊ သို့တည်းမဟုတ် ရေ အစိတ်အပိုင်းခွဲများနှင့်တွဲ၍၊ အသုံးပြုသည့်အခါ၊ နေရာ တခု၌၊ သို့တည်းမဟုတ် တခုထက်ပိုသောနေရာများ၌ တွေ့ထိနေခြင်းကို ဆိုလိုသည်။ သို့ရာတွင် စီးဆင်း စုနှစ်ခု၊ သို့တည်းမဟုတ် မြေ၊

Myanmar Law Information System (MLIS)

သို့တည်းမဟုတ် ရေ အစိတ်အပိုင်းခွဲနှစ်စု၏စပ်ကြားတွင်၊ အမှားပြင် မျဉ်းကြောင်း၊ လမ်းအတွက်သတ်မှတ်ပေးခြင်း၊ မီးရထားလမ်း၊ သို့တည်းမဟုတ် သွားလာခွင့်တခုခု၊ သို့တည်းမဟုတ် ပေါင်းစပ်သွားလာခွင့်တခုခု တည်းရှိနေခြင်းကြောင့်၊ ၎င်းစီးဆင်းစုများ၊ သို့တည်း မဟုတ် မြေ၊ သို့တည်းမဟုတ် ရေ အစိတ်အပိုင်းခွဲများတွေ့ ထိခြင်းမရှိလျှင် ထိုစီးဆင်းစုများ၊ သို့တည်း မဟုတ် မြေ၊ သို့တည်းမဟုတ် ရေ အစိတ်အပိုင်းခွဲများမှာ ဆက်စပ်နေသည်ဟု မှတ်ယူရမည်။

(၃) **"စည်"** ဆိုသည်မှာ၊ စံဂါလံ ၄၀ ကိုဆိုလိုသည်။

(၄) **"မှုတ်ထုတ်"** ဆိုသည်မှာ၊ ဓါတ်ငွေ့အပါအဝင်ဖြစ်သည့် အရည်အငွေ့သည်၊ တွင်းတတွင်းမှ၊ မတော် တဆ ချုတ်ချယ်ကင်းမဲ့စွာ လွတ်ထွက်ခြင်းကို ဆိုလိုသည်။

(၅) **" မှုတ်ထုတ်ကာကွယ်တန်ဆာပလာ"** ဆိုသည်မှာ၊ တွင်းတူးပိုက်ပတ်လည်တွင်၊ ပိတ်ဆို့နိုင်သည့် ပြင်၊ ၎င်းပိုက်ကိုနုတ်လိုက်လျှင်၊ တွင်းနံရံပိုက်ခေါင်းကို၊ လုံးဝပိတ်ဆို့နိုင်သည့် ထူးခြားသည့် လမ်းစ၊ နှက်၊ သို့တည်းမဟုတ် ရော်ဘာမောင်းစွပ်တပ်ဆင်ထားသည့်တွင်းနံရံပိုက် အချုတ်အချယ်ကိုဆိုလိုသည်။

(၆) **"ပြည်ထောင်စုနိုင်ငံသား"** ဆိုသည်မှာ၊ တည်ဆဲတရားဥပဒေအရ၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဟု အဓိပ္ပါယ်ပိုင်းခြား ဖေါ်ပြထားသော သူတဦးဦးကို ဆိုလိုသည်။

(၇) **"ကော်လိတ်တော်အရာရှိ"** ဆိုသည်မှာ၊ ရေနံဓါတ်လုပ်ကိုင်ခွင့်အရ၊ လက်ရှိထားသည့် နယ်ပယ်တခု တည်ရှိသောခရိုင်၏ တာဝန်ခံမြေခွန်တော် အရာရှိကို ဆိုလိုသည်။

(၈) **"ရောင်းဝယ်ဖေါက်ကားလောက်အောင်အခြင်အတွယ်"၊ သို့တည်းမဟုတ် "ရောင်းဝယ်ဖေါက်ကား လောက်အောင်အတွက်"** ဆိုသည်မှာ၊ ရက် ၃၀ ထက်မပိုသောကာလမှ၊ အထွက်စမ်းသပ်မှုများပြုလုပ်ပြီး နောက် မြန်မာနိုင်ငံတော်ဘူမိဗေဒဌာနက ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူနှင့်ညှိနှိုင်းတိုင်ပင်၍၊ သတ်မှတ် သည့်အတိုင်း၊ ထုတ်လုပ်အသုံးအဆောင် တပ်ဆင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်တာများ (တူးဖေါက်ခြင်းနှင့် အပြီးသတ်ခြင်းအ တွက်၊ အဘိုးအခများနှင့် ကုန်ကျစရိတ်များအပါအဝင်) အတွက် ကုန်ကျသည့်စရိတ်များကိုင်၍၊ ထိုထုတ်လုပ်သည့်ရေနံဓါတ်၊ သို့တည်းမဟုတ် ၎င်းမှ ချေးချွတ်ထုတ်လုပ် သည့်ပစ္စည်းများ၏ဈေး၊ အမျိုးအစားနှင့်အခြင်အတွယ်ကိုင်၍၊ ၎င်းထုတ်လုပ်သည့် ရေနံဓါတ်နှင့်ပစ္စည်း များအတွက် ရရှိနိုင်သည့်ဈေးကွက်များကိုင်း ထောက်ထား၍ ဆက်လက်ထုတ်ယူရန်၊ စီးပွါးရေးအရ သင့်မြတ်လျော်ကန်ကြောင်း ထင်မြင်ယူဆနိုင်သည့် တွင်းတတွင်းမှ၊ ထုတ်လုပ်သည့်ရေနံဓါတ် အခြင် အတွယ်ကို ဆိုလိုသည်။

(၉) **"ဓါတ်ငွေ့ကုဗပေ"** ဆိုသည်မှာ၊ စံဖိအားအခြေခံစတုရန်းတလက်မလျှင်၊ ၁၅ ပေါင်ပကတိနှင့် စံအပူ အအေး အခြေခံဒီဂရီ ၆၀ ဖယ်ရင်ဟိုက်တွင် ကုဗတပေအတွင်းဝင်ဆံ့သော ဓါတ်ငွေ့ထုထယ်ကို ဆိုလို သည်။

(၁၀) **"နေ့"** ဆိုသည်မှာ၊ နေ့တနေ့ နံနက် ၇ နာရီမှနောက်နေ့နံနက် ၇နာရီထိ၊ တဆက်တည်း ၂၄ နာရီရှိ ကာလအပိုင်းအခြားကိုဆိုလိုသည်။ ထိုပြင် နေ့စဉ်မှာကိုက်ညီသောအဓိပ္ပါယ်ရှိစေရမည်။

(၁၁) **" ဌာန"** ဆိုသည်မှာ၊ မြန်မာနိုင်ငံတော်ဘူမိဗေဒဌာနကို ဆိုလိုသည်။

Myanmar Law Information System (MLIS)

(၁၂) **"စီးဆင်းစု"** ဆိုသည်မှာ၊ ရေနံဓါတ်အတွက် တူးဖေါက်၍၊ ထုတ်လုပ်ရန် ကိစ္စအလို့ငှါ၊ တွင်း တတွင်းအတွက် သတ်မှတ်ထားသည့် နယ်ပယ်ကိုဆိုလိုသည့်ပြင်၊ မျက်နှာပြင်နယ်နိမိတ်များ တည်ရှိရာ မျက်နှာပြင်တည့်မတ်များဖြင့် နယ်နိမိတ်သတ်မှတ်ပိုင်းခြားသည့် မျက်နှာပြင်အောက် နယ်ပယ်များ လည်းပါဝင်သည်။ ထို့ပြင် ဌာနကအခြားနည်း လက်ခံအတည်မပြုလျှင်၊ ဧက ၄၀၏ ဆတိုးကိန်းများ ဖြစ်ရမည်။

(၁၃) **"တူးဖေါက်ခြင်း" ၊ သို့တည်းမဟုတ် "လွန်ဖေါက်ခြင်း"** ဆိုသည်မှာ၊ ကမ္ဘာမြေကြီး၏ အပေါ်ရုံခွံအား၊ တည့်မတ်စွာဖြစ်စေ၊ တပြေးတည်းဖြစ်စေ၊ စောင်းရွေ့စွာဖြစ်စေ ဖြတ်၍အပေါက်ဖေါက် ခြင်းကို ဆိုလိုသည်။ ထို့ပြင် အဆိုပါအပေါက်နံရံများပြိုကျခြင်းကို ကာကွယ်ရန်အတွက်၊ သို့တည်း မဟုတ် အဆိုပါအပေါက်၌၊ ရေအပါအဝင်ဖြစ်သည့် ဗာဟိရဝတ္ထုပစ္စည်းများဖြင့် ပြည့်သွားခြင်းကို ကာကွယ်ရန်အတွက်၊ လုပ်ငန်းဆောင်တာအားလုံး လည်းပါဝင်သည်။

(၁၄) **"ဘဏ္ဍာတော်မင်းကြီး"** ဆိုသည်မှာ၊ ဘဏ္ဍာတော်မင်းကြီးအက်ဥပဒေအရ ပြည်ထောင်စုအစိုးရက ခန့် ထားသည့် ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) ကို ဆိုလိုသည်။

(၁၅) **"စီးကြောင်း"**ဆိုသည်မှာ၊ ရေနံဓါတ်ကိုတွင်းထိပ်မှ၊ ခွဲထုတ်တန်ဆာပလာ၊ သို့တည်းမဟုတ် သံကန်၊ သို့တည်းမဟုတ် သံကန်စုသို့ သယ်ယူပို့ဆောင်ရန်အတွက်၊ သို့တည်းမဟုတ် ဆက်သွယ်ပို့ဆောင် ရန်အတွက်အသုံး ပြုသည့် ပိုက်လိုင်းကို ဆိုလိုသည်။

(၁၆) **"မတားဆီးနိုင်သောအဖြစ်အပျက်"** ဆိုသည်မှာ၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူက၊ အကြောင်းအား လျော်စွာတားမြစ်ခြင်းငှါသော်၎င်း၊ ထိန်းသိမ်းခြင်းငှါသော်၎င်းမစွမ်းဆောင်နိုင်သောသဘာဝဓမ္မအတိုင်း၊ ဆိုက်ရောက်သည့်ဘေးအန္တရာယ်များ၊ စစ်မက်ဖြစ်ပွါးခြင်း၊ ဆူပူသောင်းကျန်းခြင်း၊ ရုန်းရင်းဆန်ခတ် ဖြစ်ခြင်း၊ အနုနည်းထကြွတော်လှန်ခြင်း၊ လေပြင်းမုန်တိုင်းကျရောက်ခြင်း၊ ဒီရေလှိုင်းတံပိုးထခြင်း၊ ရေ လွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ ပေါက်ကွဲခြင်း၊ မီးသင့်လောင်ခြင်း၊ မြေငလျင်တုန်လှုပ်ခြင်း၊ သို့တည်း မဟုတ် ၎င်းတို့ကဲ့သို့သော အခြားအဖြစ်အပျက်မျိုး တရပ်ရပ်ကိုဆိုလိုသည်။

(၁၇) **"ဂါလံ"** ဆိုသည်မှာ၊ စံဂါလံကို ဆိုလိုသည်။

(၁၈) **"ဓါတ်ငွေ့-ရေနံအချိုးအစား"** ဆိုသည်မှာ၊ ရေနံတစည်နှင့်အတူ ထုတ်လုပ်သည့် ဓါတ်ငွေ့ကုဗပေ အရေအတွက်ကို ဆိုလိုသည်။

(၁၉) **"ဓါတ်ငွေ့ဆီ"** ဆိုသည်မှာ၊ သဘာဝဓါတ်ငွေ့မှ ခွဲထုတ်၍သော်၎င်း၊ ဓါတုဗေဒလုပ်ငန်းစဉ် တခုခုဖြင့်၊ သို့တည်းမဟုတ် ရူပဗေဒလုပ်ငန်းစဉ်တခုခုဖြင့် ပြုလုပ်၍သော်၎င်းရသော မည်သည့်ဟိုက်ဒရို ကာဘွန်ဓါတ်ရည်များ ကိုမဆို၊ ဆိုလိုသည်။

(၂၀) **"ဓါတ်ငွေ့တွင်း"** ဆိုသည်မှာ-

(က) ထုတ်လုပ်သည့်အချိန်၌၊ ရေနံစိမ်းနှင့်မရောစပ်သော ဓါတ်ငွေ့ထွက်နိုင်သည့်တွင်း၊သို့တည်းမဟုတ်

(ခ) ရေနံဓါတ်ထွက်နေသော ကျောက်လွှာတခုတည်းမှ၊ ရေနံတစည်လျှင်၊ ဓါတ်ငွေ့ကုဗပေ ၂၀,၀၀၀ (နှစ်သောင်း တိတိ) ထက်ပိုထွက်နိုင်သည့်တွင်း၊ သို့တည်းမဟုတ်

Myanmar Law Information System (MLIS)

(ဂ) ရေနံထွက်သည့်ကျောက်လွှာကို၊ ဓါတ်ငွေ့မှပြီးမြောက်အောင် သီးခြားထားသည့်ပြင်၊ ဓါတ်ငွေ့ကို ၊ ကျွတ်ပိုက်များဝေါင်းမှငင်း၊ ရေနံကိုတခြားတွင်းနံရံပိုက်တန်း၊ သို့တည်းမဟုတ် ကျွတ်ပိုက်တန်းအတွင်း မှငင်းထုတ်လုပ်ရာ တွင်းအစိတ်အပိုင်း၊ သို့တည်းမဟုတ်

(ဃ) အကြောင်းတခုခုကြောင့်၊ နိုင်ငံတော်သမတက ဓါတ်ငွေ့တွင်းအဖြစ် အမျိုးအစားခွဲထားသည့် တွင်း တတွင်းတွင်းကိုဆိုလိုသည်။

(၂၁) **"ဘူမိဗေဒဗဟုသုတလွှန်ပေါက်"** ဆိုသည်မှာ၊ လျောင်လှုပ်စေရန် ဖေါက်သည့် ယမ်းတောင့် ထည့်ဖေါက်များမှတပါး ရေနံဓါတ်ရယူရန်၊ လောလောဆယ် ရည်ရွယ်ချက်ဖြင့်မဟုတ်ဘဲ၊ ဘူမိဗေဒနှင့် အနေအထားဆိုင်ရာ အကြောင်းအရာရရှိရန်ကိစ္စအလို့ငှါ၊ တူးဖေါက်သည့်အချင်း "၆ လက်မ" အောက်ရှိ အပေါက် တပေါက်ပေါက်ကို ဆိုလိုသည်။

(၂၂) **"ဘူမိဗေဒဆိုင်ရာ တိုင်းထွားမှု"** ဆိုသည်တွင် နယ်ပယ်တခုခုရှိ ကျောက်များ၏ ဘူမိဗေဒဆိုင်ရာ အမျိုးအစား၊ အသက်နှင့်အနေအထားကို သတ်မှတ်သိရှိရန်အတွက် လိုအပ်သည့် မြေပြင်၌ပေါ်ထွက်နေ သော ကျောက်များစစ်ဆေးခြင်း၊ လိုအပ်သည့်ကျောက်နမူနာများ(Samples) နှင့် အခြားဝတ္ထုပစ္စည်းဇန် များ၊ (Specimens) စုဆောင်းခြင်း၊ စမ်းသပ်ခန်း၌စုံစမ်းစစ်ဆေးခြင်း၊ ဘူမိဗေဒမြေပုံများနှင့် ဖြတ်ပိုင်းပုံများ ပြင်ဆင်ပြုလုပ်ခြင်းအပြင်၊ အခြားလုပ်ငန်းဆောင်တာအားလုံးပါဝင်သည်။

(၂၃) **"ဘူမိရူပဗေဒဆိုင်ရာတိုင်းထွာမှု"** ဆိုသည်မှာ၊ သင့်လျော်သော မျက်နှာပြင်အောက် ဘူမိဗေဒ အနေအထား ရှိ၊ မရှိ ကိရိယာများဖြင့် ရှာဖွေခြင်းကိုဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင်၊ ထိုသို့ရှာဖွေရန် ကိစ္စများအတွက် လိုအပ်သော ပေါက်ကွဲစေတတ်သည့်အရာဝတ္ထုများ ထည့်သွင်းဖေါက်ခွဲရေးအတွက်၊ လွန်ပေါက်များတူးမြှုပ်ခြင်းလည်း ပါဝင်သည်။

(၂၄) **"အငှါးပတ္တာရသူ"** ဆိုသည်မှာ၊ ဤနည်းဥပဒေများအရ၊ အငှါးပတ္တာထုတ်ပေးထားသူ၊ ၎င်းသူ၏ပိုင်ဆိုင်ခွင့်ကို ဆက်ခံရရှိသူများနှင့် ၎င်းသူထံမှပိုင်ဆိုင်ခွင့်ကို တဆင့်ရရှိသူတို့ ကိုဆိုလိုသည်။

(၂၅) **" လိုင်စင်ရသူ"** ဆိုသည်မှာ၊ ဤနည်းဥပဒေများအရ၊ လိုင်စင်ထုတ်ပေးထားသူ၊ ၎င်းသူ၏ ပိုင်ဆိုင်ခွင့်ကို ဆက်ခံရရှိသူများနှင့် ၎င်းသူထံမှပိုင်ဆိုင်ခွင့်ကို တဆင့်ရရှိသူတို့ကို ဆိုလိုသည်။

(၂၆) **"သဘာဝဓါတ်ငွေ့"၊ သို့တည်းမဟုတ် "ဓါတ်ငွေ့"** ဆိုသည်မှာ၊ စုတ်ယူခြင်း၊ စင်ကြယ်စေခြင်း ရောနှောပူးတွဲနေပြီး ညစ်ညူးစေသည့်၊ အခြားတပါးမှအရည်နှင့် အဖတ်ဝတ္ထုများကို ခွဲထုတ်ခြင်းဖြင့်၊ သို့တည်းမဟုတ် အခြားပြုပြင်နည်း၊ သို့တည်းမဟုတ် လုပ်ငန်းစဉ်ဖြင့် မပြုလုပ်ရသေးမိဖြစ်စေ၊ ပြုလုပ် ပြီးဖြစ်စေ တွင်းများမှရပြီးလျှင် ရေနံအဖြစ်သတ်မှတ်မထားသည့်၊ ကျောက်လွှာတွင်ပါရှိသော၊ သို့တည်း မဟုတ်ကျောက်လွှာမှထွက်သော၊ သို့တည်းမဟုတ် ရေနံကို အကောက်တော်အတွက် မတိုင်းတာမီ၊ ရေနံမှ ခွဲထုတ်ထားသော အရည်အငွေ့ ဟိုက်ဒရိုကာဘွန်ဓါတ်များ အဓိကပါရှိနေသည့် ဓါတ်ငွေ့ကို ဆိုလိုသည်။

(၂၇) **"ရေနံ"** ဆိုသည်မှာ၊ ဓါတ်ငွေ့ဆီမှတပါး ရေနံဓါတ်ရေကို ဆိုလိုသည်။ "ရေနံစိမ်း"၊ သို့တည်း မဟုတ် "အစိမ်း" ဆိုသည့် စကားရပ်မှာ တိုးတက်ကောင်းမွန်အောင် လုပ်ငန်းစဉ်တခုခု မဆောင်ရွက်ရ သေးမီ၊ သဘာဝအလျောက်ရှိသည့်ရေနံကို ရည်ညွှန်းသည်။

Myanmar Law Information System (MLIS)

(၂၈) **“ ရေနံတွင်း”** ဆိုသည်မှာ၊ ရေနံထွက်နိုင်သည့်ပြင်၊ အဓိပ္ပါယ်ဖော်ပြထားသည့် ဓါတ်ငွေ့တွင်း မဟုတ်သော တွင်းတတွင်းတွင်းကို ဆိုလိုသည်။

(၂၉) **“သူ”**ဆိုသည်မှာ၊ ပုဂ္ဂိုလ်တဦးတယောက်ကို ဆိုလိုသည်သာမက၊ ပြည်ထောင်စုအတွင်း၊ သို့တည်း မဟုတ် အပြင်ဘက်တွင်၊ မှတ်ပုံတင်ထား၍၊ အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်တဦးတယောက်၊ ပြည်ထောင်စုအတွင်း၌ နေထိုင်လျက်ရှိသော၊ အများနှင့်ဆိုင်သည့် ကုမ္ပဏီဖြစ်စေ၊ ပြည်ထောင်စုတွင်၊ အဖွဲ့ဝင်အစုရှင်တဦး၊ သို့တည်းမဟုတ် တဦးထက်ပိုမို၍၊ နေထိုင်လျက်ရှိသော၊ သို့တည်းမဟုတ် အာဏာလွှဲအပ်ထားသည့် ကိုယ်စားလှယ်တဦးတယောက်၊ နေထိုင်လျက်ရှိသော ဆင်ဒီကိတ်အဖွဲ့၊ ကုန်ဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီဖြစ်စေပါဝင်သည်။

(၃၀) **“ရေနံဓါတ်မြေ”** ဆိုသည်မှာ၊ ရေနံဓါတ်ရှိသောလျောင်ရာနေရာ၊ သို့တည်းမဟုတ် လျောင်ရာနေရာ များတည့်မတ်စွာ အောက်ကခံနေသည့် သီးခြားနယ်ပယ်ကို ဆိုလိုသည်။

(၃၁) **“ ပိုက်လိုင်း”** ဆိုသည်မှာ ၊ ရေနံ၊ ဓါတ်ငွေ့ဆီ၊ သို့တည်းမဟုတ် ဓါတ်ငွေ့သယ်ယူပို့ဆောင်ရန်၊ သို့တည်းမဟုတ် ဆက်သွယ်ပို့ဆောင်ရန်အတွက်၊ ပိုက်လိုင်းကိုသော်၎င်း၊ ရေနံ၊ ဓါတ်ငွေ့ဆီ၊ သို့တည်း မဟုတ် ဓါတ်ငွေ့ရယူရန် တူးဖေါက်ရန် ၊ သို့တည်းမဟုတ် ရေနံဓါတ်ငွေ့ဆီ၊ သို့တည်းမဟုတ် ဓါတ်ငွေ့ ထုတ်လုပ်ရန်၊ သို့တည်းမဟုတ် ချက်လုပ်ရန်ကိစ္စနှင့်သက်ဆိုင်သည့်ရေကို သယ်ယူပို့ဆောင်ရန်၊ သို့တည်း မဟုတ် ဆက်သွယ်ပို့ဆောင်ရန်အတွက် ၊ ပိုက်လိုင်းကိုသော်၎င်း၊ ဆိုလိုသည့်အပြင်၊ ထိုစကားရပ်တွင်၊ ပိုက်လိုင်း၏ ရည်ရွယ်ရင်းအကြောင်းအတွက် လိုအပ်သည့်၊ သို့တည်းမဟုတ် ထိုပိုက်လိုင်းနှင့် စပ်လျဉ်း ၍၊ သို့တည်းမဟုတ် ဆက်စပ်ဖက်တွဲ၍အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သည့်၊ မရွှေ့ပြောင်းနိုင်သည့် ဥစ္စာ ပစ္စည်းအရပ်ရပ်လည်းပါဝင်သည်။ ထို့ပြင် ဆိုခဲ့သည့်အချက်၏ ယေဘုယျသဘောကို၊ မချုတ်ချယ်စေဘဲ၊ သံကန်များ၊ သံကန်စုနှင့်အခြားခရီးဆုံး လွယ်လင့်တကူဖြစ်စေသည့် အသုံးအဆောင်များနှင့် ၎င်းတို့ အတွက်လိုအပ်သည့်၊ သို့တည်းမဟုတ် ၎င်းတို့နှင့်ပေါင်းစပ်အသုံးပြုသည့်၊ မရွှေ့မပြောင်းနိုင်သော ဥစ္စာပစ္စည်းလည်းပါဝင်သည်။ သို့ရာတွင် စက်ရုံနယ်ပယ်တွင် လုံးဝတည်ရှိသည့် ချေးချွတ်ရန်၊ သို့တည်း မဟုတ် ပစ္စည်းထုတ်လုပ်ရန်၊ သို့တည်းမဟုတ် ရောင်းချရန်အသုံးပြုသော ပိုက်လိုင်းများမပါဝင်ချေ။

(၃၂) **“ အိုင်”** ဆိုသည်မှာ၊ ယေဘုယျအနေအထား၌၊ ၎င်းကဲ့သို့သော အခြားလျောင်ရာနေရာ၊ သို့တည်း မဟုတ် အစုအဝေးတခုခုမှသီးခြားထားသည့် ၊ သို့တည်းမဟုတ် သီးခြားထားဟန်လက္ခဏာရှိသည့်၊ ရေနံ ဓါတ်အစုအဝေးပါရှိသော၊ သို့တည်းမဟုတ် ပါရှိဟန်လက္ခဏာရှိသော မြေအောက်လျောင်ရာနေရာကို ဆိုလိုသည်။

(၃၃) **“ကျောက်မျက်ရတနာများ”** ဆိုသည်မှာ၊ စိန်၊ မြ၊ ပတ္တမြား၊ ကျောက်နီ၊ နီလာ၊ ခရမ်း၊ ကျောက် စလင်းစွဲ၊ နဂါးသွဲ့၊ စလင်းစိမ်း၊ ဖရဲအူ၊ ပစ္စတာချိုကျောက်၊ ဆီးကျောက်၊ အညွှံ့နီလာ၊ ပါလဒုတ္တာ၊ မြော၊ ပြောင်ခေါင်းစိမ်း၊ စလင်းယောင်ဆောင်၊ စလင်းကျောက်၊ ထပ်တရာ၊ ဂေါ်မုတ်နှင့် အထက်မြန်မာနိုင်ငံ ပတ္တမြား စည်းမျဉ်းဥပဒေအရ အမိန့်ကြော်ငြာစာဖြင့် ကျောက်မျက်ရတနာအဖြစ် ကြေညာထားသည့် အခြားမည်သည့် ကျောက်များကိုမဆို၊ ဆိုလိုသည်။

Myanmar Law Information System (MLIS)

(၃၄) **"ထုတ်လုပ်"** ပစ္စည်းဆိုသည်မှာ၊ ဤတွင်ဖော်ပြသည်ဖြစ်စေ၊ မဖော်ပြသည်ဖြစ်စေ ရေနံဓါတ် ပြုလုပ်သော ကုန်ပစ္စည်းတခုခုကိုဆိုလိုသည့်အပြင်၊ ထိုစကားရပ်တွင် ချေးချွတ်ပြီးရေနံစိမ်း၊ အစိမ်း ဦးရေများ၊ ဦးရည်ထုတ်ပြီးအစိမ်း၊ လုပ်ငန်းစဉ်ဖြင့်ဆောင်ရွက်ထားသည့် အစိမ်းလုပ်ငန်းစဉ်ဖြင့်ဆောင် ရွက်ထားသည့်ရေနံစိမ်း၊ ရေနံစိမ်းမှ အကြွင်းအကျန်ရေနံပစ္စည်း အလေးစားမှ အပေါ့စားသို့ပြောင်းလဲ ရာတွင် သုံးရန်ရင်းနှီးပစ္စည်း၊ ရေနံပစ္စည်းအလေးစားမှ အပေါ့စားသို့မပြောင်းလဲဘဲရသည့်မီးထိုးဆီ၊ မီးထိုးဆီပြုပြင်ထားသည့် ရေနံစိမ်း၊ ရေနံချေး၊ ဓါတ်ငွေ့ ပြုလုပ်နိုင်သည့် ရေနံဆီ၊ ဓါတ်ငွေ့ဆီ၊ ဓါတ်ဆီ၊ ရေနံဆီ၊ အမြန်မောင်းဒီဇယ်စက်ဆီ၊ ဒီဇယ်စက်ဆီအကျဲစား၊ ဒီဇယ်စက်ဆီအပျစ်စား၊ ချောဆီ၊ ရေနံနှင့် ရေနံဓါတ်မှတဆင့်ရရှိသော အရည်ထုတ်လုပ်ပစ္စည်း၊ သို့တည်းမဟုတ် ထုတ်လုပ်ပစ္စည်းပွါးတခုဖြစ်စေ၊ တခုထက်ပို၍ဖြစ်စေ ပေါင်းစပ်ထားသည့်၊ သို့တည်းမဟုတ် ရောနှောနေသည့်ပစ္စည်းများနှင့် ရေနံဓါတ်မှ တဆင့်ရရှိသော အရည်ထုတ်လုပ်ပစ္စည်း၊ သို့တည်းမဟုတ် ထုတ်လုပ်ပစ္စည်းပွါးနှစ်ခုဖြစ်စေ၊ နှစ်ခုထက်ပို ၍ဖြစ်စေ ပေါင်းစပ်ထားသည့်၊ သို့တည်းမဟုတ် ရောနှောနေသည့်ပစ္စည်းများလည်းပါဝင်သည်။

(၃၅) **"ဝယ်ယူသူ"** ဆိုသည်မှာ၊ လုပ်ငန်းစဉ်ဖြင့်ဆောင်ရွက်ရန်၊ သို့တည်းမဟုတ် ပြန်လည်ရောင်းချရန် ရည်ရွယ်၍၊ ရေနံစိမ်း၊ ဓါတ်ငွေ့ဆီ၊ သို့တည်းမဟုတ် ဓါတ်ငွေ့ဝယ်ယူသူတဦးဦးကို ဆိုလိုသည်။

(၃၆) **"မီးရထားလမ်း"** မှာ၊ ၎င်းအား မီးရထားလမ်းများအက်ဥပဒေတွင်၊ ပိုင်းခြားဖော်ပြထားသော အဓိပ္ပါယ်ရှိသည်။

(၃၇) **"လမ်း"**ဆိုသည်မှာ၊ အသုံးပြုဖန်များ၍ ဖြစ်ပေါ်လာသည့်လမ်းကြောင်းမဟုတ်ဘဲ၊ ဖေါက်လုပ် ထားသည့်၊ သို့တည်းမဟုတ် လူတို့ခင်းကျင်းထားသည့်လမ်းကို ဆိုလိုသည်။

(၃၈) **"ခွဲထုတ်တန်ဆာပလာ"** ဆိုသည်မှာ၊ အရည်နှင့်ဓါတ်ငွေ့ကို ၎င်းတို့ကို တွင်းမှထုတ်လုပ်လျှင် ထုတ်လုပ်ခြင်းမျက်နှာပြင်၌ ခွဲထုတ်ရန်အတွက်တန်ဆာပလာကို ဆိုလိုသည်။

(၃၉) **"ကျောက်လွှာ"** ဆိုသည်မှာ၊ အနည်းနှင့်အများဆင်တူဖြစ်သည့် ကျောက်ဖြင့်ပြီးသည့် ကျောက် ဇေမူတခုတည်းကို ဆိုလိုသည်။

(၄၀) **"ပြုပြင်တန်ဆာပလာ"** ဆိုသည်မှာ၊ ရေနံ၊ ဓါတ်ငွေ့နှင့်ရေကို၊ တွင်းမှထုတ်လုပ်လျှင် ထုတ်လုပ် ခြင်း မျက်နှာပြင်၌ခွဲထုတ်ရန်အတွက် တန်ဆာပလာကို ဆိုလိုသည်။

(၄၁) **"သယ်ယူပို့ဆောင်သူ"** ဆိုသည်မှာ၊ ရေနံ၊ ဓါတ်ငွေ့ဆီ၊ သို့တည်းမဟုတ် ဓါတ်ငွေ့သယ်ယူပို့ဆောင် သောသူတဦးဦးကို ဆိုလိုသည်။

(၄၂) **" ရေနံဝန်"** ဆိုသည်မှာ၊ မြန်မာနိုင်ငံရေနံမြေများ အက်ဥပဒေအားဖြင့်၊ သို့တည်းမဟုတ် အရ လွှဲအပ်နိုင်သည့် တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်နှင့် အာဏာများကိုသုံးစွဲရန်၊ နိုင်ငံတော်သမတ ကခန့်အပ်သည့် ရေနံဓါတ်လုပ်ကိုင်ခွင့်အရ လက်ရှိထားသည့်နယ်ပယ်တခုတည်ရှိရာ၊ ကြေ်ငြာထား သည့်ရေနံမြေတခု၏ တာဝန်ခံအရာရှိတဦးကို ဆိုလိုသည်။

(၄၃) **"ဖြုန်းတီးမှု"** ဆိုသည်မှာ-

(က) ရေနံဓါတ်လုပ်ငန်းတွင် သာမန်အားဖြင့်သိရှိနားလည်သည့် ဝတ္ထုနှင့်ဆိုင်သောဖြုန်းတီးမှု၊



Myanmar Law Information System (MLIS)

(ခ) လှောင်ရာနေရာစွမ်းအင်ကို ထိရောက်စွာအသုံးမပြုခြင်း၊ အလွန်အကျွံအသုံးပြုခြင်း၊ သို့တည်း မဟုတ် နည်းလမ်းမကျအသုံးပြုခြင်း၊ သို့တည်းမဟုတ် အလဟဿဖြစ်စေခြင်း။

(ဂ) စေ့စပ်၍ နည်းလမ်းကျသည့် လုပ်ငန်းဆောင်တာများနှင့် ဓလေ့ထုံးစံများအရ၊ အိုင်တခုခုမှ အန္တိမအရယူနိုင်သော ရေနံခါတ်အခြင်အတွယ်ကို ယုတ်လျော့စေမည့် ၊ သို့တည်းမဟုတ် ယုတ်လျော့စေ ဘွယ်ရာအကြောင်းရှိသည့်၊ သို့တည်းမဟုတ် မျက်နှာပြင်၌ ရေနံခါတ်မဆုံးပါးသင့်ဘဲ ဆုံးပါးခြင်း၊ သို့တည်းမဟုတ် အလွန်အကျွံဆုံးပါးခြင်းဖြစ်စေမည့်၊ သို့တည်းမဟုတ် ဖြစ်စေဘွယ်ရာအကြောင်းရှိသည့် နည်းလမ်းဖြင့် တွင်းတတွင်းတွင်းကို နေရာသတ်မှတ်ခြင်း၊ အကွာအဝေးစီစဉ်ခြင်း၊ တူးဖေါက်ခြင်း၊ အသုံးအဆောင်တပ်ဆင်ခြင်း၊ သို့တည်းမဟုတ် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ သို့တည်းမဟုတ် ၎င်းတွင်းမှ ထုတ်လုပ်ခြင်း၊ သို့တည်းမဟုတ် အကြောင်းမရှိသော ၊ သို့တည်းမဟုတ် လွန်ကျွံသောမျက်နှာပြင်၌ ရေနံခါတ်ဆုံးရှုံးမှု။

(ဃ) ရေနံခါတ်ကိုညံ့ဖျင်းစွာသိုလှောင်ခြင်း၊ သို့တည်းမဟုတ်

(င) ရေနံခါတ်ကို၊ သယ်ယူပို့ဆောင်ခြင်း၊ သို့တည်းမဟုတ် ရောင်းချခြင်းအခွင့်အရေးများ၊ သို့တည်း မဟုတ် တော်သင့်ရုံဖြစ်သောဈေးကွက်၌ ရောင်းစွန်မည့်အချင်အတွယ် ထက်အလွန်အကျွံပို၍ ထုတ်လုပ် ခြင်း။

(၄၄) **“ရေလွှမ်းမိုးသည့်နယ်ပယ်”** ဆိုသည်မှာ၊ အများပြည်သူများသွားလာနိုင်သည့်၊ သို့တည်းမဟုတ် အများပြည်သူအကျိုးသက်ဆိုင်ခွင့်ရှိသည့်၊ ရေရှင်၊ သို့တည်းမဟုတ် ရေသေလွှမ်းမိုးနေသည့် နယ်ပယ် တခုခုကို ဆိုလိုသည်၊

(၄၅) **“တွင်း”** ဆိုသည်မှာ၊ ငလျင်လှုပ်စေရန်၊ ဖေါက်သည့်ယမ်းတောင့်ထည့်ပေါက်များနှင့် ဘူမိဗေဒ ဗဟုသုတလွန်ပေါက်များမပါဝင်စေဘဲ၊ ထိုအပေါက်မှ မည်သည့်ရေနံခါတ်၊ သို့တည်းမဟုတ် ၎င်းရေနံ ခါတ်မှတဆင့်ရရှိသော ထုတ်လုပ်ပစ္စည်းမဆိုရရှိသည့်၊ သို့တည်းမဟုတ် ရရှိနိုင်မည့်ဖြစ်သည်၊ သို့တည်း မဟုတ် မည်သည့်ရေနံခါတ်ကိုမဆိုဖြစ်စေ၊ ရရှိရန်ကိစ္စအလို့ငှါ၊ ဤကဲ့သို့ပြုလုပ်သည့်၊ သို့တည်းမဟုတ် မည်သည့်ရေနံခါတ်မဆို ထုတ်လုပ်မှုနှင့်စပ်လျဉ်းသည့်၊ သို့တည်းမဟုတ် မည်သည့်ရေနံခါတ်၊ သို့တည်း မဟုတ်၊ ရေနံခါတ်မှတဆင့်ရရှိသော ထုတ်လုပ်ပစ္စည်းကိုမဆို၊ မြေအောက်၌သိုလှောင်ရန်ကိစ္စအလို့ငှါ၊ တူးဖေါက်ခြင်းဖြင့်ဖြစ်စေ၊ လွန်ဖေါက်ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ဆဲဖြစ်သည့် မြေကြီး၌အပေါက်တပေါက်ပေါက်ကို ဆိုလိုသည်။

(၄၆) **“ဇုန်”** ဆိုသည်မှာ၊ ဘူမိဗေဒကျောက်ထုဓကမူနှင့်သက်ဆိုင်၍၊ သတ်မှတ်ပိုင်းခြားနိုင်သည့်ခြား နေရာတခုခုကို ခေါ်သည်။

## အပိုင်း ၂

## အရပ်ရပ်

နည်းဥပဒေများအာဏာတည်ရာအကျယ်အဝန်း။

၄။ ။ ဤနည်းဥပဒေများသည်၊ ပြည်ထောင်စုပိုင်ဆိုင်သည့်ရေနံခါတ်နှင့် စပ်လျဉ်းသည့်အခွင့်အရေးများ အားလုံးကို စည်းမျဉ်းသတ်မှတ်စေရမည့်ပြင်၊ ရေနံခါတ်လုပ်ကိုင်ခွင့်အသီးသီးကို ၊ ဤနည်းဥပဒေများ နှင့်အညီ ပေးအပ်ရမည်။

ရေနံဓါတ် လုပ်ကိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံစာရင်းများနှင့် မြေပုံရေပုံများကို ကြည့်ရှု စစ်ဆေးခြင်း။

၅။ ။ စိတ်ဝင်စားသူမည်သူမဆို-

(က) ဘဏ္ဍာတော်မင်းကြီးရုံး၌ ထားရှိသည့် ရေနံဓါတ်လုပ်ကိုင်ခွင့် မှတ်ပုံစာရင်းများနှင့် မြေပုံရေပုံများ ကို ကြည့်ရှုစစ်ဆေးနိုင်သည့်ပြင်၊ အဆိုပါမှတ်ပုံစာရင်းများနှင့် မြေပုံရေပုံများမှ ကောက်နုတ်ချက်များ ထုတ်ယူခြင်းကိုသော်၎င်း၊ မိတ္တူများကူးယူခြင်းကိုသော်၎င်း ပဌမတနာရီအတွက်၊ တနာရီလျှင် ၅၀ ကျပ် (ကျပ်ငါးဆယ်တိတိ) ကျရင်းနောက်နှောင်းသော နာရီအသီးသီးအတွက် ၅ ကျပ် (ငါးကျပ်တိတိ) ကျရင်းပေးဆောင်၍ ပြုလုပ်နိုင်သည်။ ထို့ပြင်

(ခ) အများပြည်သူတို့သိရှိရန်အတွက်၊ နိုင်ငံတော်သမတက ထုတ်ပြန်ခွင့်ရှိသည့်၊ ပြည်ထောင်စုအတွင်းရှိ ရေနံဓါတ်များနှင့်သက်ဆိုင်သော မည်သည့်သီးခြားပညာရပ်ဆိုင်ရာ၊ သို့တည်းမဟုတ် စာရင်းစစ်တမ်း ဆိုင်ရာ အခြေခံအချက်အလက်များကိုမဆို ကြည့်ရှုစစ်ဆေးခြင်းကိုဖြစ်စေ၊ ၎င်းတို့မှ ကောက်နုတ်ချက် များထုတ်ယူခြင်း။ သို့တည်းမဟုတ် မိတ္တူကူးယူခြင်းကိုသော်၎င်း၊ ဌာနသို့ နည်းလမ်းတကျလျှောက်လွှာ တင်ပြီးနောက်၊ အခမဲ့ပြုနိုင်သည်။

စာချုပ် မချုပ်ဆိုသေးသမျှကာလပတ်လုံးအတည်မဖြစ်ခြင်း။

၆။ ။ လျှောက်ထားသည့် အခွင့်အရေးများနှင့်စပ်လျဉ်းသည့် လွှဲအပ်မှုစာချုပ်စာတမ်းကို နိုင်ငံတော် သမတက မချုပ်ဆိုသေးသမျှကာလပတ်လုံး ပြည်ထောင်စုပိုင်မြေများလွှဲအပ်ရန်အတွက် မည်သည့် လျှောက်လွှာမျှ ပြည်ထောင်စုအပေါ် အတည်မဖြစ်စေရ။

နယ်ပယ်အသီးသီးအတွက် သီးခြားလျှောက်လွှာ။

၇။ ။ မဆက်စပ်သည့်နယ်ပယ်တခုထက်ပို၍ လိုအပ်လျှင် မဆက်စပ်သည်နယ်ပယ်အသီးသီးအတွက် သီးခြား လျှောက်ထားရမည်။

ရေနံဓါတ်လုပ်ကိုင်ခွင့်မည်မျှကိုမဆို လက်ရှိထားနိုင်ခြင်း။

၈။ ။ ဤနည်းဥပဒေများနှင့်မဆန့်ကျင်စေဘဲ၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့် မည်မျှကိုမဆို လက်ရှိထားနိုင်သည်။

ညွှန်ကြားချက်များ။

၉။ ။ နိုင်ငံတော်သမတသည်၊ ဤနည်းဥပဒေများကို အဓိပ္ပါယ်ပိုင်းခြားဖေါ်ပြနိုင်ရန်နှင့်၊ ဤနည်းဥပဒေ များအတိုင်း ထိရောက်စွာစီရင်အုပ်ချုပ်နိုင်ရန်အတွက်၊ မိမိလိုအပ်သည်ထင်မြင်သည့် အထူးညွှန်ကြား ချက်များကိုသော်၎င်း၊ ယေဘုယျညွှန်ကြားချက်များကိုသော်၎င်း အခါအားလျော်စွာထုတ်ဆင့်နိုင်သည်။

လျှောက်လွှာများနှင့် စပ်လျဉ်း၍ဦးစားပေးခြင်း။

၁၀။ ။ လေလံဆွဲဝယ်ရန် ကြော်ငြာခြင်းမပြုဘဲသော်၎င်း၊ ဘိတ်ခေါ်ခြင်းမပြုဘဲသော်၎င်း ရေနံဓါတ် လုပ်ကိုင်ခွင့် ပေးအပ်သည့်အချက်တွင်၊ လျှောက်လွှာများကို အစိုးရကလက်ခံရရှိသည့် နေ့စွဲနှင့်အချိန် အရ၊

Myanmar Law Information System (MLIS)

ဦးစားပေး၍အရေးယူဆောင်ရွက်ရမည်။ သို့ရာတွင် ကိစ္စအားလုံး၌၊ ဘဏ္ဍာတော်မင်းကြီးက လျှောက်လွှာတခုခုကိုဖြစ်စေ၊ လျှောက်လွှာအားလုံးကိုဖြစ်စေလက်ခံနိုင်သည်၊ သို့တည်းမဟုတ် ငြင်းပယ် နိုင်သည်။

ရေနံဓါတ်လုပ်ကိုင်ခွင့် ကို ချုပ်ဆိုရန်အချိန်အကန့်အသတ်။

၁၁။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်တခုနှင့်စပ်လျဉ်း၍၊ ဘဏ္ဍာတော်မင်းကြီးက လျှောက်လွှာကိုလက်ခံ အတည်ပြုကြောင်း လျှောက်ထားသူထံအကြောင်းကြားပြီးနောက် သုံးလအတွင်း ၎င်းရေနံဓါတ် လုပ်ကိုင်ခွင့်ကို ချုပ်ဆိုခြင်းမပြုလျှင်၊ အဆိုပါရေနံဓါတ်လုပ်ကိုင်ခွင့်ပေါ်တွင်၊ လျှောက်ထားသူ၏ ရထိုက် ခွင့်သည်၊ ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

## အပိုင်း ၃

## ရေနံဓါတ်လုပ်ကိုင်ခွင့်လျှောက်ပိုင်ခွင့်လက်မှတ်များ

လျှောက်လွှာနှင့်လိုအပ်ချက်များ။

၁၂။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်လျှောက်ပိုင်ခွင့် လက်မှတ်အတွက်လျှောက်လွှာကို မည်သူကမဆို၊ ဘဏ္ဍာ တော်မင်းကြီးထံ၊ ပုံစံ (က) ဖြင့်တင်သွင်းရမည်။ လျှောက်လွှာနှင့်အတူ လျှောက်လွှာခ၊ ကျပ် ၅၀၀ (ကျပ်ငါးရာတိတိ) ပါရှိစေရမည်။

ရေနံဓါတ်လုပ်ကိုင်ခွင့် မပေးအပ်မီ အလျှင်တင်ကူးလိုအပ်သည့်အရာ။

၁၃။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ပေးအပ်နိုင်ရန်အတွက်၊ ခိုင်လုံသည့်ရေနံဓါတ် လုပ်ကိုင်ခွင့်လျှောက်ပိုင်ခွင့် လက်မှတ်ကို အလျှင်တင်ကူးလက်ရှိထားရမည်။ ၁၉၂၄ ခုနှစ်၊ ဓါတ်သတ္တုလုပ်ကိုင်ခွင့် နည်းဥပဒေများ အရထုတ်ပေးသည့်၊ ခိုင်လုံသည့်ရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်ခွင့်လက်မှတ်မှာ၊ ဤနည်းဥပဒေများ ထုတ်ပေးသည့်၊ ခိုင်လုံသည့်ရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်ခွင့်လက်မှတ်ဟု မှတ်ယူရမည်။

သက်တမ်း

၁၄။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်လျှောက်ပိုင်ခွင့်လက်မှတ်သည်၊ ထုတ်ပေးသည့်နေ့မှစ၍ အတည်ဖြစ်ပြီး၊ နောက်လာမည့် ဒုတိယပြက္ခဒိန်နှစ်၊ ဒီဇဘ်ာလ ၃၁ ရက်နေ့ညဉ့်သန်းခေါင်း၌ ကုန်ဆုံးစေရမည်။ သို့ရာတွင် ပြက္ခဒိန်နှစ်တနှစ်နောက်ဆုံးသုံးလပတ်အတွင်း ထုတ်ပေးသည့်လက်မှတ်သည်၊ နောက်လာ မည့် တတိယပြက္ခဒိန်နှစ်၊ ဒီဇဘ်ာလ ၃၁ ရက်နေ့ထိခိုင်လုံရမည်။

အသစ်လဲလှယ်ခြင်း။

၁၅။ ။ (၁) ရေနံဓါတ်လုပ်ကိုင်ခွင့်လျှောက်ပိုင်ခွင့်လက်မှတ်ကို၊ အောက်ပါနည်းလမ်းအတိုင်း နှစ်နှစ်ထွက် အသစ် လဲလှယ်နိုင်သည်။

(က) အသစ်လဲလှယ်ရန်အတွက် လျှောက်လွှာကို မူလရေနံဓါတ်လုပ်ကိုင်ခွင့်လျှောက်ပိုင်ခွင့် လက်မှတ် ကုန်ဆုံးမည့်နေ့ရက်မတိုင်မီ၊ ခြောက်လထက်နောက်မကျဘဲလက်ခံရရှိလျှင်၊ ၎င်းလက်မှတ်ကို၊ အသစ် လဲလှယ်ခ၊ ကျပ် ၂၅၀ (ကျပ်နှစ်ရာ့ငါးဆယ်တိတိ) ပေးဆောင်ကာလ၊ ဘဏ္ဍာတော်မင်းကြီးက မိမိ၏သဘော အတိုင်းအသစ်လဲလှယ်ပေးနိုင်သည့်၊ထို့ပြင်

(ခ) အသစ်လဲလှယ်ရန်အတွက်လျှောက်လွှာကို မူလရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်ခွင့်လက်မှတ် ကုန်ဆုံးမည့်နေ့ရက်မတိုင်မီ၊ ခြောက်လအတွင်းလက်ခံရရှိလျှင်၊ ၎င်းလက်မှတ်ကို လျှောက်လွှာအသစ် အတွက်

တောင်းခံသည့်အခကြေးငွေ ပေးဆောင်ကာလ၊ ဘဏ္ဍာတော်မင်းကြီးက မိမိ၏သဘောအတိုင်း အသစ်လဲလှယ်ပေးနိုင်သည်။

(၂) အသစ်လဲလှယ်ရန်အတွက်လျှောက်လွှာကို၊ မူလရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်ခွင့်လက်မှတ် ကုန်ဆုံးသည့်နေ့ရက်နောက်မှ လက်ခံရရှိလျှင်၊ ၎င်းလျှောက်လွှာကို ၊ လျှောက်လွှာအသစ်အဖြစ်မှတ်ယူ ရမည်။

ရေနံဓါတ်လုပ်ကိုင်ခွင့်လျှောက်ပိုင်ခွင့် လက်မှတ်ကို၊ မည်သည့်အခါတွင်ဖျက်သိမ်းနိုင်သည်။

၁၆။ ။ နိုင်ငံတော်သမတက၊ ရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်ခွင့်လက်မှတ်ကို မသင့်လျော်သော နည်းနာများဖြင့်ရထားသည်ဟူ၍သော်၎င်း ထိုလက်မှတ်လက်ရှိထားသူသည်၊ မိမိအားထုတ်ပေးသည့် ရေနံဓါတ်လုပ်ကိုင်ခွင့်တခုခုဆိုင်ရာ သဘောတူဝန်ခံချက်များအတိုင်း ကျင့်သုံးရန်ပျက်ကွက်သည်ဟူ၍ သော်၎င်း စစ်ဆေးစီရင်ဆုံးဖြတ်လျှင်၊ အဆိုပါရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်ခွင့် လက်မှတ်ကို ဖျက်သိမ်းနိုင်သည်။

ထုတ်ပေးပြီးဖြစ်သည့် ရေနံဓါတ်လုပ်ကိုင်ခွင့်လက်ရှိထားရန်အတွက် ရေနံဓါတ်လုပ် ကိုင်ခွင့် လျှောက်ပိုင်ခွင့် လက်မှတ်ကိုပြန်လည်အတည်ပြုရန်မလို။

၁၇။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ခိုင်လုံသည့်ရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်ခွင့်လက်မှတ်အရ၊ ထုတ်ပေးပြီးဖြစ်သည့် ရေနံဓါတ်လုပ်ကိုင်ခွင့်တခုခု လက်ရှိထားနိုင်ရန်အတွက်ဖြစ်စေ၊ ဤနည်းဥပဒေ များအရ ၎င်းသူရထိုက်ခွင့်ရှိသည့်၊ ဖြစ်ထွန်းတိုးပွါးလာသော ရေနံဓါတ်လုပ်ကိုင်ခွင့်တခုခုကို ရရန် အလို့ငှါဖြစ်စေ ရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်လက်မှတ်ကို၊ ပြန်လည်အတည်ပြုရန်မလို။

## အပိုင်း ၄

## ရေနံဓါတ်စူးစမ်းရေးလိုင်စင်များ

လျှောက်လွှာ။

၁၈။ ။ ရေနံဓါတ်စူးစမ်းရေးလိုင်စင်အတွက် လျှောက်လွှာအသီးသီးကို၊ ဘဏ္ဍာတော်မင်းကြီးထံတင်သွင်း ရမည်။ ဘဏ္ဍာတော်မင်းကြီးသည် ပြည်ထောင်စုပိုင် ဥစ္စာပစ္စည်းဖြစ်သည့် ရေနံဓါတ်ဆိုင်ရာအခွင့်အရေး များနှင့်စပ်လျဉ်း၍ ၊ ကေ ၂၀၀,၀၀၀ (နှစ်သိန်းတိတိ) ထက်မပိုသောနယ်ပယ်အတွက်၊ ဤနည်းဥပဒေ များနှင့်အညီ၊ အဆိုပါလိုင်စင်ကို ထုတ်ပေးနိုင်သည်။

လျှောက်လွှာအတွက်လိုအပ်ချက်များ။

၁၉။ ။ ရေနံဓါတ်စူးစမ်းရေးလိုင်စင်အတွက် လျှောက်လွှာကို၊ ပုံစံ (က) ဖြင့်ပြုလုပ်ရမည်။ ထိုလျှောက်လွှာ နှင့်အတူလျှောက်လွှာခ၊ ကျပ် ၅၀၀(ကျပ်ငါးရာတိတိ) နှင့် အလုပ်အစီအစဉ်ပါ ရှိစေရမည်။

သက်တမ်း။

၂၀။ ။ (၁) ရေနံဓါတ်စူးစမ်းရေးလိုင်စင်တခု၏ သက်တမ်းသည်၊ ထုတ်ပေးသည့်နေ့ရက်မှ၊ နှစ်နှစ် အတွက်ဖြစ်စေရမည်။ သို့ရာတွင်မည်သည့်အခါ၌မဆို-

(က) ဤနည်းဥပဒေများအရသော်၎င်း၊ လိုင်စင်ပါသဘောတူခံဝန်ချက်များနှင့် စည်းကမ်းချက်များအရ သော်၎င်း သတ်မှတ်ထားသည့်၊ သို့တည်းမဟုတ် တင်ရှိသည့်တာဝန်ရှိခြင်း၊ သို့တည်းမဟုတ် တာဝန်

Myanmar Law Information System (MLIS)

မကောင်းခြင်းတခုခုကိုမထိခိုက်စေဘဲ လိုင်စင်ရသူသည် ဘဏ္ဍာတော်မင်းကြီးအား တလအောက်မနည်း ကြိုတင်အကြောင်းကြား၍၊ နယ်ပယ်အားလုံးကိုဖြစ်စေ၊ နယ်ပယ်တစိတ်တဒေသကိုဖြစ်စေ ပြန်အပ်နိုင် သည်။ ထို့ပြင်

(ခ) လိုင်စင်ရသူသည်၊ ဆိုင်ရာနည်းဥပဒေအရပ်ရပ်ကို လိုက်နာဆောင်ရွက်ပြီးလျှင် ရေနံဓါတ်ရှာဖွေခွင့် လိုင်စင်၊ သို့တည်းမဟုတ်လိုင်စင်များအတွက်ဖြစ်စေ၊ ရေနံဓါတ်တူးဖေါ်ခွင့်အငှါးပတ္တာ၊ သို့တည်းမဟုတ် အငှါးပတ္တာများအတွက်ဖြစ်စေ ရေနံဓါတ်စူးစမ်းရေးလိုင်စင်ကို ပြန်အပ်နိုင်သည်။

(၂) လိုင်စင်ကုန်ဆုံးချိန်အလျှင် သုံးလကြိုတင်၍ လျှောက်လွှာရေးသားတင်သွင်းသည့်အခါ၊ မူလ အကျယ်အဝန်း၏ ငါးဆယ်ရာခိုင်နှုန်းတိုင် လိုအပ်သည့်အတိုင်း အစိတ်အပိုင်း၊ သို့တည်းမဟုတ် အစိတ် အပိုင်းများအတွက် လိုင်စင်ကို တဆယ့်နှစ်လကာလအပိုင်းအခြားအတွက် အသစ်လဲလှယ်ပေးရမည်။ သို့ရာတွင် လိုင်စင်ရရှိသူသည်၊ စပ်လျဉ်းသည့် နည်းဥပဒေအရပ်ရပ်ကို လိုက်နာဆောင်ရွက်ပြီးဖြစ်ရမည်။ ဘဏ္ဍာတော်မင်းကြီးက သဘောအတိုင်း လျော့နည်းသောအကျယ်အဝန်းအတွက် လိုင်စင်ကို တဆယ့် နှစ်လကာလအပိုင်းအခြားအတွက် နောက်ထပ်၍တကြိမ် လဲလှယ်ပေးနိုင်သည်။

အာမခံတင်ငွေ။

၂၁။ ။ (၁) လိုင်စင်၏သဘောတူဝန်ခံချက်များနှင့် စည်းကမ်းချက်များကို ကျင့်သုံးသင့်သလို ကျင့်သုံး စေရန်အလို့ငှါ၊ လိုင်စင်ရသူသည် ၎င်းအားလိုင်စင်မပေးအပ်မီ အာမခံတင်ငွေအဖြစ် လိုင်စင်အရ လက်ရှိ ထားမည့် နယ်ပယ်တကေလျှင် ဆယ်ပြားကျနှင့်ညီမျှသည့် ငွေအရေအတွက်ကို ကြိုတင်ပေးဆောင်ရ မည်။ သို့ရာတွင် အနည်းဆုံး ကျပ် ၁၀,၀၀၀ (ကျပ်တသောင်းတိတိ) အောက်မလျော့စေရ။ ထိုငွေအရေ အတွက်ကို အခါးအားလျော်စွာ လိုအပ်သလို လိုင်စင်ရသူက ထပ်ဖြည့်ရမည်။

(၂) အထက်ပါနည်းဥပဒေခွဲ (၁)အရ၊ ပေးဆောင်ထားသည့် အာမခံတင်ငွေတခုခု၏ စုစုပေါင်းကို အာမခံငွေ တင်သွင်းသူအား ရေနံဓါတ်ရှာဖွေရေးလိုင်စင်ပေးအပ်ခဲ့သော်၊ ရေနံဓါတ်ရှာဖွေရေးလိုင်စင်အရ ပေးရန်ရှိသည့် အာမခံတင်ငွေ၏ တစိတ်တဒေသအဖြစ် ဆပ်ပေးပြီးကြောင်းစာရင်းသွင်းထားမည်၊ သို့တည်းမဟုတ် အာမခံတင်ငွေသွင်းသူက အဆိုပါလိုင်စင်တခုခုကို ငြင်းပယ်ခဲ့သော်၊ သို့တည်းမဟုတ် မရရှိခဲ့သော် ၎င်းအားပြန်၍ပေးရမည်။

စူးစမ်းခွန်။

၂၂။ ။ (၁) ပြန်ပေးနိုင်မည်မဟုတ်သည့် ရေနံဓါတ်စူးစမ်းခွန်ကို အောက်ပါအတိုင်း နှစ်စဉ်ကြိုတင်ပေး ဆောင်ရမည်။

(က) လိုင်စင်သက်တမ်း၏ အစအဦးဖြစ်သော ကာလအပိုင်းအခြားအဖို့ စတုရန်းတမိုင်၊ သို့တည်း မဟုတ် ၎င်း၏တစိတ်တဒေသအတွက် နှစ်စဉ် ၁၀ကျပ် (ကျပ်တဆယ်တိတိ) ကျနှုန်း။

(ခ) လိုင်စင်သက်တမ်း၏တတိယနှစ်အဖို့ စတုရန်းတမိုင်၊ သို့တည်းမဟုတ် ၎င်း၏တစိတ်တဒေသ အတွက် နှစ်စဉ် ၂၀ ကျပ် (ကျပ်နှစ်ဆယ်တိတိ) ကျနှုန်း။ ထို့ပြင်

Myanmar Law Information System (MLIS)

(ဂ) လိုင်စင်သက်တမ်း၏စတုတ္ထနှစ်အဖို့ စတုရန်းတမိုင်၊ သို့တည်းမဟုတ် ၎င်း၏တစိတ်တဒေသ အတွက် နှစ်စဉ် ၃ဝ ကျပ် (ကျပ်သုံးဆယ်တိတိ) ကျနှုန်း။

(၂) ပဥ္စမနှစ်အတွက် ရေနံဓါတ်စူးစမ်းခွန်ကို လိုင်စင်မပေးမီအပ်၊ ပေးဆောင်ရမည်။

လုပ်ငန်းဆောင်တာများ စတင်ပြုလုပ်ခြင်း။

၂၃။ ။ လိုင်စင်ရသူသည်၊ လိုင်စင်သက်တမ်းစတင်သည့်နေ့မှ ဆက်စပ်လျက် နောက်လာသည့်ရက် ပေါင်း ၁၈ဝ (တရာ့ရှစ်ဆယ်) အတွင်းတည်ရှိနေနိုင်ဘွယ်ရာရှိသည့် ဘူမိဗေဒအနေအထားများ၊ သို့တည်း မဟုတ် ထောင်ချောက်များကို သိသာရန်အလို့ငှါ လိုင်စင်၌ဖေါ်ပြထားသည့် နယ်ပယ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်တာများစတင်ပြုလုပ်ရမည့်ပြင်၊ အဆိုပါလုပ်ငန်းဆောင်တာများကို ကြိုးစားအားထုတ် ၍ ပြုလုပ်သွားရမည်။

စူးစမ်းရာတွင်၊ အနည်းဆုံးအသုံးစရိတ်။

၂၄။ ။ (၁) လိုင်စင်ရသူသည် လိုင်စင်သက်တမ်း၏ ပဥ္စမနှစ်အတွင်း၊ လိုင်စင်တွင် ဖေါ်ပြထားသည့် နယ်ပယ်များအတွင်းနှင့် နယ်ပယ်များပေါ်တွင်စူးစမ်းရာ၌ တကေလျှင်အနည်းဆုံး ပြား ၅ဝ (ငါးဆယ် ပြားတိတိ) ကျနှင့် ညီမျှသည့်ငွေအရေအတွက်၊ သို့တည်းမဟုတ် ကျပ် ၂၅,ဝဝဝ (ကျပ်နှစ်သောင်း ငါးထောင်တိတိ) ၎င်းငွေနှစ်ရပ်အနက် များရာကိုအသုံးပြုရမည်။

(၂) လိုင်စင်ရသူသည်၊ လိုင်စင်သက်တမ်း၏ဒုတိယနှင့် နောက်နှစ်များအတွင်း လိုင်စင်တွင် ဖေါ်ပြ ထားသည့်နယ်ပယ်များအတွင်းနှင့် နယ်ပယ်များပေါ်တွင်စူးစမ်းရာ၌ တကေလျှင်ပြား ၇၅(ခုနစ်ဆယ့် ငါးပြားတိတိ) ကျနှင့်ညီမျှသည့် အရေအတွက်၊ သို့တည်းမဟုတ် ကျပ် ၅ဝ,ဝဝဝ (ကျပ်ငါးသောင်းတိတိ) ၎င်း ငွေနှစ်ရပ်အနက် များရာကို အသုံးပြုရမည်။

(၃) နှစ်တနှစ်နှစ်အတွက် လိုအပ်သည့်အနည်းဆုံး ငွေအရေအတွက်ထက်ပို၍ စူးစမ်းသည့်အလုပ်အ တွက် အမှန်ကုန်ကျသည့် ငွေအရေအတွက်တစုံတရာကို ရေနံဓါတ်စူးစမ်းရေးလိုင်စင်၏ ကျန်ရှိသေး သည့်နှစ်များအတွက် လိုအပ်သည့်စူးစမ်းရေး အလုပ်တာဝန်ရှိခြင်းများအတွက်၊ ကျခံရန်ရှိသည့်ငွေစာ ရင်းသစ်သို့ကူးပြောင်းထည့်သွင်းနိုင်သည်။ သို့ရာတွင် ထိုသို့စာရင်းသစ်သို့ ကူးပြောင်းထည့်သွင်းသည့် ငွေအ ရေအတွက်စုစုပေါင်းသည်၊ နောက်ဆက်လာသော ဆိုင်သင့်ရာရာ နှစ်တနှစ်နှစ်တွင် လိုအပ်သည့် နှစ်စဉ်အသုံးစရိတ် ထက်ဝက်ထက် မပိုစေရ။

(၄) ဤနည်းဥပဒေအရ၊ လိုအပ်သည့်အတိုင်း အခါအားလျော်စွာ အသုံးပြုသည့်ငွေအရေအတွက်ကို သတ်မှတ်ရန်ကိစ္စအလို့ငှါ-

(က) ငွေလုံးငွေရင်းနှင့် ရင်းနှီးထားသည့် အသုံးအဆောင်များအတွက် အများဆုံးအသုံးစရိတ်ငွေများ သည် မြန်မာနိုင်ငံ အမြတ်တော်အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ငွေလုံးငွေရင်းနှင့် ရင်းနှီးထား သည့် အသုံးအဆောင်များအတွက် ခွင့်ပြုသည့် တန်ဘိုးလျှော့ငွေ အရေအတွက်ထက် မပိုစေရ၊ ထို့ပြင်

(ခ) ပြန်မရသည့်တွင်းနံရံ ပိုက်၏ တန်ဘိုးကို အသုံးစရိတ်အဖြစ် လက်ခံနိုင်သည်။

(၅) နှစ်တနှစ်နှစ်အတွက် ကုန်ကျရန်လိုအပ်သည့် အသုံးစရိတ်ငွေအရေအတွက်တွင် လျော့၍နေလျှင် လိုင်စင်ရသူသည်၊ ဘဏ္ဍာတော်မင်းကြီး၏သဘောအတိုင်း အဆိုပါလျော့၍နေသော ငွေအရေအတွက်နှင့် ညီမျှသည့် လက်ငင်းပေးငွေကိုဖြစ်စေ၊ အဆိုပါလျော့၍နေသော ငွေအရေအတွက်နှစ်ဆနှင့်ညီမျှသည့် အပ်ငွေကိုဖြစ်စေ ပေးဆောင်ရမည်။ တဆက်တည်းဖြစ်သော နောက်နှစ်အတွက် လိုအပ်သည့်အနည်း ဆုံးအသုံးစရိတ်ထက်ပို၍ လိုင်စင်ရသူအသုံးပြုသည့် ပေးဆောင်ထားသောအပ်ငွေအထိ ငွေအရေ အတွက် တစုံတရာကို လိုင်စင်ရသူအားပြန်ပေးနိုင်၍ ကျန်ငွေမှာ လိုင်စင်ကို ခိုင်လုံသည့်အခြေအနေတွင် တည်စေရန်အလို့ငှါ ပေးဆောင်ခြင်းအဖြစ်ဖြင့် သိမ်းယူနိုင်သည်။ ဤနည်းဥပဒေခွဲအရ၊ နှစ်တနှစ်နှစ်အ တွက် အနည်းဆုံးအသုံးစရိတ်ထက်ပို၍ သုံးစွဲသည် ငွေအရေအတွက်တစုံတရာ ကို လိုင်စင်၏နောက် နှောင်းသောနှစ်များအတွက် လိုအပ်သည့် စူးစမ်းရေးအလုပ်တာဝန်ရှိခြင်းများအတွက် ကျခံရန်ရှိသည့် ငွေစာရင်းသစ်သို့ ကူးပြောင်းမထည့်သွင်းစေရ။

အသုံးစရိတ်များအတွက် သက်သေခံအထောက်အထား။

၂၅။ ။ လိုင်စင်ရယူသူသည်၊ လိုင်စင်သက်တမ်း၏ နှစ်အသီးသီးကုန်ဆုံးပြီးနောက် သုံးလအတွင်း လိုင်စင်တွင်ဖေါ်ပြထားသည့် နယ်ပယ်များအတွင်းနှင့် နယ်ပယ်များပေါ်တွင် ၎င်း၏လုပ်ငန်းဆောင်တာ များဆောင်ရွက်ရာ၌၊ အလျင်နှစ်အတွင်းကုန်ကျသည့် ငွေအရေအတွက်များကိုဖေါ်ပြ၍ ဘဏ္ဍာတော် မင်းကြီးသဘောကြေနပ်လောက်သည့် လက်မှတ်ရစာရင်းကိုင်ကဖြစ်စေ၊ မှတ်ပုံတင်စာရင်းကိုင်ကဖြစ်စေ သက်သေခံလက်မှတ်ရေးထိုးသည့် အသေးစိတ်ဖေါ်ပြချက်ကို ဘဏ္ဍာတော်မင်းကြီးထံပေးသွင်းရမည်။

ရေနံဓါတ် ရှာဖွေရေးလိုင်စင်၊ သို့တည်းမဟုတ် ရေနံတူးဖေါ်ရန်အငှါးပတ္တာရထိုက်ခွင့်။

၂၆။ ။ လိုင်စင်ရသူသည်၊ ဤနည်းဥပဒေများနှင့် လိုင်စင်ပါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင် ရွက်ခဲ့ပြီးဖြစ်လျှင်၊ လိုင်စင်သက်တမ်းအတွင်း မည်သည့်အခါ၌မဆို လိုင်စင်ကို လိုင်စင်ရသူ၏ဘက်မှ ပျက်ကွက်မှုတခုခုကြောင့်မရပ်စဲလိုက်လျှင် ရေနံဓါတ်ရှာဖွေရေးလိုင်စင်၊ သို့တည်းမဟုတ် လိုင်စင်များကို အပိုင်း၅ နှင့် မဆန့်ကျင်စေဘဲ၎င်း၊ ရေနံဓါတ်တူးဖေါ်ရန်အငှါးပတ္တာ၊ သို့တည်းမဟုတ် အငှါးပတ္တာများ ကို အပိုင်း ၆ နှင့်မဆန့်ကျင်စေဘဲ၎င်းလျှောက်ထား၍ ရယူနိုင်ခွင့်ရှိစေရမည်။

## အပိုင်း ၅

## ရေနံဓါတ်ရှာဖွေရေးလိုင်စင်များ

လျှောက်လွှာ။

၂၇။ ။ ရေနံဓါတ်ရှာဖွေရေး လိုင်စင်အတွက် လျှောက်လွှာအသီးသီးကို ဘဏ္ဍာတော်မင်းကြီးထံ နည်း ဥပဒေ ၂၆ နှင့်အညီတင်သွင်းရမည်။ ဘဏ္ဍာတော်မင်းကြီးသည် ပြည်ထောင်စုပိုင်ဥစ္စာပစ္စည်းဖြစ်သည့် ရေနံဓါတ်ဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်း၍၊ ဧက ၂၅,၀၀၀(နှစ်သောင်းငါးထောင်တိတိ) ထက်မပို သောနယ်ပယ်အတွက် ဤနည်းဥပဒေများနှင့်အညီ အဆိုပါလိုင်စင်ကို ထုတ်ပေးနိုင်သည်။

လျှောက်လွှာအတွက် လိုအပ်ချက်များ။

Myanmar Law Information System (MLIS)

၂၈။ ။ ရေနံဓါတ်ရှာဖွေရေးလိုင်စင်အတွက် လျှောက်လွှာကို၊ ပုံစံ (က) ဖြင့် ပြုလုပ်ရမည်။ လျှောက်လွှာ နှင့်အတူ လျှောက်လွှာခ ကျပ် ၁,၀၀၀( ကျပ်တထောင်တိတိ) နှင့် အလုပ်အစီအစဉ်ပါရှိစေရမည်။

သက်တမ်း။

၂၉။ ။ (၁) ရေနံဓါတ်ရှာဖွေရေးလိုင်စင်၏ သက်တမ်းသည်၊ ထုတ်ပေးသည့်နေ့ရက်မှ၊ သုံးနှစ်အတွက်ဖြစ် ရမည်။ သို့ရာတွင် မည်သည့်အခါ၌မဆို-

(က) ဤနည်းဥပဒေများအရသော်၎င်း၊ လိုင်စင်ပါ သဘောတူဝန်ခံချက်များနှင့် စည်းကမ်းချက်များ အရသော်၎င်း၊ သတ်မှတ်ထားသည့်၊ သို့တည်းမဟုတ် တင်ရှိသည့်တာဝန်ရှိခြင်း၊ သို့တည်းမဟုတ် ဝန်မကင်းခြင်းတခုခုကိုမထိခိုက်စေဘဲ၊ လိုင်စင်ရသူသည်၊ နယ်ပယ်များပြန်အပ်မည့်အကြောင်း ဘဏ္ဍာတော်မင်းကြီးအား စာဖြင့်ရေးသား၍ သုံးလအောက်မနည်း ကြိုတင်၍အကြောင်းကြားခြင်းဖြင့် နယ်ပယ်အားလုံးကိုဖြစ်စေ၊ နယ်ပယ်တစိတ်တဒေသကိုဖြစ်စေ ပြန်အပ်နိုင်သည်။ ထို့ပြင်

(ခ) လိုင်စင်ရသူသည်၊ စပ်လျဉ်းသည့်နည်းဥပဒေအရပ်ရပ်ကို လိုက်နာဆောင်ရွက်ပြီးလျှင်၊ ရေနံဓါတ် တူးဖေါ်ရန် အငှါးပတ္တာ၊ သို့ တည်းမဟုတ် အငှါးပတ္တာများအတွက် ရေနံဓါတ်ရှာဖွေရေး လိုင်စင်ကိုဖြစ် စေ၊ ရေနံဓါတ်ရှာဖွေရေးလိုင်စင် တစိတ်တဒေသကိုဖြစ်စေ ပြန်အပ်နိုင်သည်။

(၂) လိုင်စင်ကုန်ဆုံးချိန်၊ အလျှင်သုံးလကြိုတင်၍ လျှောက်လွှာရေးသားတင်သွင်းသည့်အခါ၊ လိုင်စင်ကို တဆယ့်နှစ်လကာလအပိုင်းအခြားအတွက် အသစ်လဲလှယ်ပေးရမည်။ သို့ရာတွင် လိုင်စင်ရသူသည်၊ စပ်လျဉ်းသည့် နည်းဥပဒေအရပ်ရပ်ကို လိုက်နာဆောင်ရွက်ပြီးဖြစ်ရမည်။ ဘဏ္ဍာတော်မင်းကြီးက သဘောအတိုင်း တဆယ့်နှစ်လကာလ အပိုင်းအခြားအတွက်နောက်ထပ်၍ တကြိမ်လဲလှယ်ပေးနိုင်သည်။

အာမခံတင်ငွေ။

၃၀။ ။ (၁)လိုင်စင်၏သဘောတူဝန်ခံချက်များနှင့်စည်းကမ်းချက်များကို ကျင့်သုံးသင့်သလို ကျင့်သုံးစေ ရန်အလို့ငှါ၊ လိုင်စင်ရသူသည် ၎င်းအားလိုင်စင်မပေးအပ်မီ၊ အာမခံတင်ငွေအဖြစ် ကျပ် ၁၀,၀၀၀ (ကျပ်တ သောင်းတိတိ) ရှိ ငွေအရေအတွက်ကို ကြိုတင်ပေးဆောင်ရမည်။ ၎င်းငွေကို အခါအားလျော်စွာ လိုအပ်သလို လိုင်စင်ရသူကထပ်ဖြည့်ရမည်။

(၂) အထက်ပါနည်းဥပဒေခွဲ(၁)အရ ပေးဆောင်ထားသည့် အာမခံတင်ငွေတခုခု၏စုစုပေါင်းကို အာမခံ ငွေတင်သွင်းသူအား ရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာပေးအပ်ခဲ့သော် ရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာ အရ ပေးရန်ရှိသည့်အာမခံတင်ငွေ၏ တစိတ်တဒေသအဖြစ် ဆပ်ပေးပြီးကြောင်းစာရင်းသွင်းထားမည်။ သို့တည်းမဟုတ် အာမခံတင်ငွေသွင်းသူက အဆိုပါအငှါးပတ္တာတခုခုကို ငြင်းပယ်ခဲ့သော်၊ သို့တည်းမ ဟုတ် မရရှိခဲ့သော် ၎င်းအားပြန်၍ ပေးမည်။

ရှာဖွေခန့်ခွန်။

၃၁။ ။ (၁) ပြန်ပေးနိုင်မည်မဟုတ်သည့် ရှာဖွေခခွန်ကို အောက်ပါအတိုင်း နှစ်စဉ်ကြိုတင်ပေးဆောင်ရ မည်။

(က) လိုင်စင်သက်တမ်း၏ ပဌမနှစ်အဖို့ တဧကေ၊ သို့တည်းမဟုတ် ၎င်း၏ တစိတ်တဒေသအတွက်နှစ် စဉ် ၁ ကျပ် (တကျပ်) ကျနူန်း။



Myanmar Law Information System (MLIS)

(ခ) လိုင်စင်သက်တမ်း၏ ဒုတိယနှစ်အဖို့ တဧက၊ သို့တည်းမဟုတ် ၎င်း၏ တစိတ်တဒေသအတွက် နှစ်စဉ် ၁ ကျပ် ၂၅ ပြား (တကျပ်နှင့်နှစ်ဆယ့်ငါးပြား) ကျနှုန်း။

(ဂ) လိုင်စင်သက်တမ်း၏ တတိယနှစ်အဖို့ တဧ ၊ သို့တည်းမဟုတ် ၎င်း၏ တစိတ်တဒေသအတွက် နှစ် စဉ် ၁ ကျပ် ပြား ၅၀ (တကျပ်နှင့်ပြားငါးဆယ်) ကျနှုန်း။ ထို့ပြင်

(ဃ) လိုင်စင်သက်တမ်း၏စတုတ္ထနှင့် ပဥ္စမနှစ်အဖို့ တဧက၊ သို့တည်းမဟုတ် ၎င်း၏ တစိတ်တဒေသ အတွက် နှစ်စဉ် ၂ ကျပ် ပြား ၅၀ (နှစ်ကျပ်နှင့် ပြားငါးဆယ်) ကျနှုန်း။

(၂) ပဌမနှစ်အတွက် ရှာဖွေခခွန်ကို၊ လိုင်စင်မပေးအပ်မီ ပေးဆောင်ရမည်။

လုပ်ငန်းဆောင်တာများစတင်ပြုလုပ်ခြင်း။

၃၂။ ။ လိုင်စင်ရသူသည်၊ ရောင်းဝယ်ဖေါက်ကားနိုင်လောက်အောင် အခြင်အတွယ် ရေနံဓါတ်စုဝေးလျက် ရှိမရှိဆုံးဖြတ်ရန်အလို့ငှါ၊ လိုင်စင်သက်တမ်း စတင်သည့်နေ့မှ ဆက်စပ်လျက်နောက်လာသည့် ရက်ပေါင်း တရာ့ရှစ်ဆယ်အတွင်း လိုင်စင်၌ဖေါ်ပြထားသည့် နယ်ပယ်များနှင့်စပ်လျဉ်း၍၊ လုပ်ငန်းဆောင်တာများ စတင် ပြုလုပ်ရမည့်ပြင်၊ အဆိုပါလုပ်ငန်းဆောင်တာများကို ကြိုးစားအားထုတ်၍ ပြုလုပ်သွားရမည်။

ရှာဖွေရာတွင် အနည်းဆုံးအသုံးစရိတ်။

၃၃။ ။ (၁) လိုင်စင်ရသူသည်၊ သက်တမ်း၏နှစ်တနှစ်နှစ်တွင် လိုင်စင်တွင်ဖေါ်ပြထားသည့် နယ်ပယ်များ အတွင်းနှင့် နယ်ပယ်များပေါ်တွင် ရေနံဓါတ်ရှာဖွေရာ၌၊ အောက်ပါနှုန်းနှင့်အညီ ငွေအသုံးပြုရမည်။

(က) သက်တမ်း၏ ပဌမနှစ်တွင် ကျပ် ၃,၀၀,၀၀၀ (ကျပ်သုံးသိန်းတိတိ) အောက်မနည်း။ ထို့ပြင်

(ခ) သက်တမ်း၏ နောက်နှောင်းသောနှစ်များတွင် တနှစ်လျှင် ကျပ် ၅,၀၀,၀၀၀ (ကျပ်ငါးသိန်းတိတိ) အောက်မနည်း၊ သို့ရာတွင် မည်သည့်နှစ်တွင်မဆို၊ လိုအပ်သည့်အနည်းဆုံး အသုံးစရိတ်၏ ရာခိုင်နှုန်း ငါးဆယ်မှာ အမှန်တကယ်ရေနံဓါတ်ရယူရန် လောလောဆယ်ရည်ရွယ်ချက်ဖြင့် တူးဖေါက်ရန်ဖြစ်ရမည်။

(၂) နှစ်တနှစ်နှစ်အတွက်လိုအပ်သည့် အနည်းဆုံးငွေအရေအတွက်ထက်ပို၍၊ ရေနံဓါတ်ရှာဖွေသည့် အလုပ်အတွက် အမှန်ကုန်ကျသည့် ငွေအရေအတွက်တစုံတရာကို၊ ရေနံဓါတ်ရှာဖွေရေးလိုင်စင်၏ ကျန်ရှိ နေသည့်နှစ်များအတွက် လိုအပ်သည့်ရှာဖွေရေး အလုပ်တာဝန်ရှိခြင်းများအတွက် ကျခံရန်တာဝန်ရှိ သည့်ငွေစာရင်းသစ်သို့ကူးပြောင်းထည့်သွင်းနိုင်သည်။ သို့ရာတွင် ကူးပြောင်းထည့်သွင်းသည့်ငွေအရေ အတွက် စုစုပေါင်းသည်။

(က) လာမည့်ဒုတိယနှင့် တတိယနှစ်များအတွက် ဆိုင်သင့်ရာရာ လိုအပ်သည့်နှစ်စဉ်အသုံးစရိတ်၏ တဝက်၊ ထို့ပြင်

(ခ) လာမည့်စတုတ္ထနှင့် ပဥ္စမနှစ်များအတွက် ဆိုင်သင့်ရာရာ လိုအပ်သည့် နှစ်စဉ်အသုံးစရိတ်၏ လေးပုံ ပုံသုံးပုံထက်မများစေရ။

(၃) ဤနည်းဥပဒေအရ လိုအပ်သည့်အတိုင်း၊ အခါအားလျော်စွာအသုံးပြုသည့် ငွေအရေအတွက်ကို သတ်မှတ်ရန်ကိစ္စအလို့ငှါ-

Myanmar Law Information System (MLIS)

(က) ငွေလုံးငွေရင်းနှင့် ရင်းနှီးထားသည့် အသုံးအဆောင်များအတွက် အသုံးစရိတ်ငွေများသည်၊ မြန်မာနိုင်ငံအမြတ်တော် အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ငွေလုံးငွေရင်းနှင့် ရင်းနှီးထားသည့် အသုံးအဆောင်များအတွက် ခွင့်ပြုထားသည့် တန်ဘိုးလျော့ငွေ အရေအတွက်ထက်မပိုစေရ။ ထို့ပြင်

(ခ) ပြန်မရသည့်တွင်းနံရံပိုက်၏တန်ဘိုးကို၊ အသုံးစရိတ်အဖြစ်လက်ခံနိုင်သည်။

(၄) နှစ်တနှစ်နှစ်အတွက် ကုန်ကျရန်လိုအပ်သည့် အသုံးစရိတ်ငွေ အရေအတွက်တွင်ငွေလျော့၍နေလျှင်၊ လိုင်စင်ရသူသည် ဘဏ္ဍာတော်မင်းကြီး၏သဘောအတိုင်း၊ အဆိုပါလျော့၍နေသော ငွေအရေအတွက်နှင့် ညီမျှသည့်လက်ငင်းပေးငွေကို ပေးဆောင်ရမည်။ သို့တည်းမဟုတ် အဆိုပါလျော့၍နေသော ငွေအရေ အတွက်နှစ်ဆနှင့်ညီမျှသည့် ငွေအရေအတွက်ကို ပေးလျော်ပါမည်ဟု ဘဏ္ဍာတော်မင်းကြီးသဘော ကြေနပ်လောက်သည့်ခံဝန်သူ၊ သို့တည်းမဟုတ် ခံဝန်သူများနှင့် ခံဝန်ချုပ်ကိုချုပ်ဆိုပေးရမည်။ တဆက် တည်းဖြစ်သော နောက်နှစ်အတွက် လိုအပ်သည့်အနည်းဆုံးအသုံးစရိတ်ထက်ပို၍၊ လိုင်စင်ရသူကပေး ဆပ်သည့် ငွေအရေအတွက်အထိ၊ ငွေအရေအတွက်တစုံတရာနှင့်ပတ်သက်၍၊ ဝန်ခံချုပ်အရ၊ တာဝန်ရှိ ခြင်းများကို လျော့ပေးနိုင်၍၊ ကျန်ငွေကိုလိုင်စင်ကို ခိုင်လုံသည့်အခြေအနေတွင် တည်စေရန်အလို့ငှါ၊ လိုင်စင်ရသူကပေးဆောင်ရမည်။ ဤနည်းဥပဒေခွဲအရ၊ နှစ်တနှစ်နှစ်အတွက် အနည်းဆုံးအသုံးစရိတ် ထက်ပို၍ သုံးစွဲသည့်ငွေအရေအတွက် တစုံတရာကို လိုင်စင်၏ နောက်နှောင်းသောနှစ်များအတွက် လိုအပ်သည့်ရှာဖွေရေး အလုပ်တာဝန်ရှိခြင်းများအတွက် ကျခံရန်ရှိသည့်ငွေစာရင်းသစ်ကို ကူးပြောင်းမ ထည့်သွင်းစေရ။

အသုံးစရိတ်များအတွက်သက်သေခံအထောက်အထား။

၃၄။ ။ လိုင်စင်ရသူသည်၊ လိုင်စင်သက်တမ်း၏ နှစ်အသီးသီးကုန်ဆုံးပြီးနောက် သုံးလအတွင်း၊ လုပ်ကိုင်ခွင့်လက်ရှိထားသည့် နယ်ပယ်များအတွင်းနှင့် နယ်ပယ်များပေါ်တွင် ၎င်း၏လုပ်ငန်းဆောင်တာ များဆောင်ရွက်ရာ၌၊ အလျင်နှစ်အတွင်း ကုန်ကျသည့် ငွေအရေအတွက်များကိုဖေါ်ပြ၍၊ လက်မှတ်ရ စာရင်းကိုင်ကဖြစ်စေ၊ ဘဏ္ဍာတော်မင်းကြီး သဘောကြေနပ်လောက်သည့် မှတ်ပုံဝင်စာရင်းကိုင်က ဖြစ်စေ သက်သေခံလက်မှတ်ရေးထိုးသည့် အသေးစိတ်ဖေါ်ပြချက်ကို၊ ဘဏ္ဍာတော်မင်းကြီးထံ ပေးသွင်း ရမည်။

ရေနံခါတ်တူးဖေါ်ရန်အငှါးပတ္တာရထိုက်ခွင့်။

၃၅။ ။ လိုင်စင်ရသူသည်၊ ဤနည်းဥပဒေများနှင့် လိုင်စင်ပါ စည်းကမ်းချက်များအတိုင်း၊ လိုက်နာ ဆောင်ရွက်ခဲ့ပြီးဖြစ်လျှင်၊ လိုင်စင်သက်တမ်းအတွင်း မည်သည့်အခါ၌မဆို၊ ၎င်းလိုင်စင်ကို လိုင်စင်ရသူ ဘက်မှ ပျက်ကွက်မှုတခုခုကြောင့် မရုပ်စဲလိုက်လျှင်၊ ရေနံခါတ်ရှာဖွေရေး လိုင်စင်ပါ အကျယ်အဝန်း၏ ခြောက်ဆယ်ရာခိုင်နှုန်းထက်မပိုသော ဆက်စပ်နေသည့် နယ်ပယ်များ ပေါ်တွင်၊ ရေနံခါတ်တူးဖေါ်ရန် အ ငှါးပတ္တာ၊ သို့တည်းမဟုတ် အငှါးပတ္တာများကို၊ အပိုင်း ၆ နှင့် မဆန့်ကျင်စေဘဲ၊ လျှောက်ထား၍ ရယူနိုင် ခွင့် ရှိစေရမည်။

သို့ရာတွင် လိုင်စင်တခုနှင့် သက်ဆိုင်သည့် နယ်နိမိတ်အတွင်းရှိ နယ်ပယ်တခုခုပေါ်တွင် တူးဖေါက်သည့် တွင်းတတွင်းက ရောင်းဝယ်ဖေါက်ကားနိုင်လောက်အောင် အခြင်အတွယ်ရေနံခါတ်ရှိကြောင်း၊ တိကျစွာ ပြသည့်အချက်တွင်၊

လိုင်စင်ရသူသည်၊ ထိုသို့တွေ့ရှိသည့်နေ့ရက်မှ၊ ရက်ပေါင်းခြောက်ဆယ်အတွင်း၊ ရေ နံဓါတ် တူးဖေါ်ရန်အငှါးပတ္တာ၊ သို့တည်းမဟုတ် အငှါးပတ္တာများအတွက် လျှောက်ထားရမည်။

ထို့ပြင်လည်း အဘိုးဖြတ်တွင်းတတွင်း၊ သို့တည်းမဟုတ် တွင်းများတူးဖေါက်ရန်ကိစ္စအလို့ငှါ၊ တနှစ်၊ သို့ တည်းမဟုတ် လိုင်စင်သက်တမ်း ကုန်ဆုံးသည့်တိုင်အောင် ထိုနှစ်ရပ်အနက်အရင်ကျရာထိ၊ အငှါးပတ္တာရ ယူခြင်းကို ဆိုင်းငံ့ထားရန်၊ လိုင်စင်ရသူက ဘဏ္ဍာတော်မင်းကြီးထံလျှောက်လွှာရေးသား တင်သွင်းနိုင် သည်။ သို့ရာတွင် ရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာ၊ သို့တည်းမဟုတ် အငှါးပတ္တာများ မလျှောက်ထားမီ၊ တွေ့ရှိရာနယ်ပယ်၌၊ အဆိုပါ တွင်းမျိုးနှစ်တွင်းထက် ပို၍တူးဖေါက်ခွင့်မရှိစေရ။

အငှါးပတ္တာမရှိဘဲထုတ်လုပ်ခြင်း။

၃၆။ ။ လိုင်စင်ရသူအား၊ တူးဖေါ်ခွင့် အငှါးပတ္တာခံယူခြင်းမပြုဘဲ၊ လိုင်စင်ရနယ်ပယ်များမှ ရေနံဓါတ် ထုတ်လုပ်ခွင့်ပြုခဲ့လျှင်၊ ထိုလိုင်စင်ရသူသည်၊ ဤနည်းဥပဒေများပါ အပိုင်း ဂ တွင်သီးခြားဖေါ်ပြထား သည့်အတိုင်း အကောက်တော် ပေးဆောင်ရမည်။

## အပိုင်း ၆

## ရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာများ

လျှောက်လွှာ။

၃၇။ ။ ရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာအတွက် လျှောက်လွှာအသီးသီးကို၊ ဘဏ္ဍာတော်မင်းကြီးထံ နည်းဥပဒေ ၃၅ နှင့်အညီ တင်သွင်းရမည်။ ဘဏ္ဍာတော်မင်းကြီးသည်၊ ဤနည်းဥပဒေများနှင့်အညီ အဆို ပါ အငှါးပတ္တာကို ထုတ်ပေးနိုင်သည်။

လျှောက်လွှာအတွက် လိုအပ်ချက်များ။

၃၈။ ။ ရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာအတွက် လျှောက်လွှာကို၊ ပုံစံ(က)ဖြင့် ပြုလုပ်ရမည်။ လျှောက်လွှာနှင့်အတူ လျှောက်လွှာခ ကျပ် ၂,၅၀၀(ကျပ် နှစ်ထောင့်ငါးရာတိတိ) ပါရှိစေရမည်။

အငှါးပတ္တာ ရထားသည့်နယ်ပယ်ကို၊ တိုင်းထွာခြင်း။

၃၉။ ။ (၁) လျှောက်ထားသူသည်၊ အငှါးပတ္တာ လျှောက်ထားသည့်နယ်ပယ်ကို စေ့စပ်သေချာသည့်တိုင်း ထွာမှု ပြုလုပ်စေရမည်။ ထိုသို့ တိုင်းထွာမှု ပြုလုပ်ရာတွင်လည်း၊ ဧက ၄၀ ပေါ်တွင် ဖြစ်စေ၊ ၄၀ ၏ ဆတိုး ကိန်းများပေါ်တွင်ဖြစ်စေ အခြေပြုသည့် စီးဆင်းစုတည်ထွင်ရန် အတွက်၊ သင့်လျော်သည့် စတု ရန်းမိုင်တမိုင် အခြေခံပေါ်တွင် တိုင်းထွာရမည်။

(၂) အငှါးပတ္တာ၊ သို့တည်းမဟုတ် အငှါးပတ္တာများအတွက် လျှောက်လွှာများသည်၊ အကွက်များ၏နယ် နိမိတ်များကို (နေသွားအလိုက်) မြောက်နှင့်တောင်၊ အရှေ့နှင့်အနောက်တည့်လုနီးပါးတန်းနေအောင် သတ်မှတ်၍၊ နည်းဥပဒေခွဲ(၁) နှင့်မဆန့်ကျင်စေဘဲ၊ ထိုသို့သတ်မှတ်သည့်အတိုင်း တိုင်းထွာရမည်။

(၃) ရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာ၏ သက်တမ်းအတွင်း၊ သို့တည်းမဟုတ် ထိုအငှါးပတ္တာအသစ်လဲ လှယ်ထားသည့် သက်တမ်းအတွင်း၊ မည်သည့်အခါ၌မဆို၊ အကြောင်းတခုခုကြောင့်၊ အငှါးပတ္တာတခု အ ရလက်ရှိ ထားသည့်

Myanmar Law Information System (MLIS)

နယ်ပယ်တခုခုကို၊ ပြန်လည်တိုင်းထွာရန် လိုအပ်သည်ဟု ထင်မြင်ယူဆသည့် အချက်တွင်၊ ဘဏ္ဍာတော်မင်းကြီးက အဆိုပါတိုင်းထွာမှုကို၊ အငှါးပတ္တာရသူ၏ စရိတ်ဖြင့် ပြုလုပ်ရန် ဆင့်ဆိုနိုင်သည်။

(၄) ဘဏ္ဍာတော်မင်းကြီး အလိုရှိသည့် ဤနည်းဥပဒေများအရ၊ ထုတ်လုပ်သည့်မြေပုံ နယ်ပုံ၏ မိတ္တူ များကို၊ ၎င်းအားရနိုင်စေရမည်။

အငှါးပတ္တာ ရယူနိုင်သည့် အခြားနည်းစံနစ်များ။

၄၀။ ။ (၁) နိုင်ငံတော်သမတသည်၊ စိတ်ဝင်စားသည့် ရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်ခွင့် လက်မှတ် လက်ရှိထားသူတဦး၏ လျှောက်ထားချက်အရဖြစ်စေ၊ မိမိ၏သဘောအရဖြစ်စေ ထို့ပြင် အပိုင်း (၄) အပြင်၊ (၅) နှင့်အညီ၊ အငှါးပတ္တာရထိုက်ခွင့်မရှိသေးလျှင်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်လျှောက်ပိုင်ခွင့် လက်မှတ်လက် ရှိထားသူတဦးဦးအား၊ အငှါးပတ္တာဖြင့် လွှဲအပ်ရန်၊ ပြည်ထောင်စုပိုင်ဥစ္စာပစ္စည်းဖြစ်သည့် ရေနံဓါတ် ဆိုင် ရာအခွင့်အရေးများကို ကျေညာနိုင်ခွင့်ရှိသည်။

(၂) နည်းဥပဒေခွဲ (၁)နှင့် မဆန့်ကျင်စေဘဲ၊ နိုင်ငံတော်သမတသည်၊ ပြည်ထောင်စုကိုယ်စား ပဋိညာဉ်ပြု နိုင်သည်၊ အငှါးချထားနိုင်သည်၊ အငှါးစာချုပ်ထုတ်ပေးနိုင်သည်၊ သို့တည်းမဟုတ် ဤအက်ဥပဒေသ ဘောတရားနှင့် တင်ကူးကြံစည်ချက်နှင့် မညီမညွတ်မဟုတ်သည့် သဘောတူစာချုပ်များ ချုပ်ဆိုနိုင် သည်။

(၃) နည်းဥပဒေခွဲ(၁) နှင့်အညီ၊ ကြော်ငြာများကို၊ မြန်မာနိုင်ငံပြန်တမ်းတွင်၎င်း၊ နိုင်ငံတော်သမတ သီးခြားဖေါ်ပြသည့် အခြားဖြန့်ချီထုတ်ဝေသည့် စာရွက်စာတမ်းများတွင်၎င်း ထုတ်ပြန်ကျေညာရမည့်ပြင် မည်သည့်စပ်လျဉ်းသည့်သဘောတူ ဝန်ခံချက်များနှင့် စည်းကမ်းချက်များအရ လေလံဆွဲဝယ်နိုင်၍၊ သို့တည်းမဟုတ် အဘိုးကမ်းလှမ်းနိုင်၍၊ အငှါးပတ္တာပေးအပ်နိုင်မည်ကို ဖေါ်ပြရမည်။

(၄) နိုင်ငံတော်သမတက၊ ကြေနပ်ဘွယ်မရှိဟူ၍၎င်း၊ မလုံလောက်ဟူ၍၎င်းမှတ်ယူသည့် လေလံဆွဲ ဝယ်မှုတခုခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ငြင်းပယ်ရန် အခွင့်အရေးမှာ၊ နိုင်ငံတော်သမတ၌ရှိစေရမည်။ ထိုကဲ့သို့ ဖြစ်ခဲ့ပါမူ လေလံဆွဲဝယ်သူများက တင်သွင်းသည့် ငွေများကို ပြန်ပေးရမည်။

(၅) လျှောက်တောင်းရာတွင် အောင်မြင်သည့်လျှောက်ထားသူသည်၊ ဤနည်းဥပဒေအရ၊ ရယူသည့် နယ်ပယ်များပေါ်တွင်၊ မည်သည့်လုပ်ငန်းဆောင်တာများကို မဆိုမပြုလုပ်မီ၊ ဤအပိုင်းရှိနည်းဥပဒေများ နှင့်အညီ၊ ရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာအတွက် ဘဏ္ဍာတော်မင်းကြီးထံ လျှောက်ထားရမည်။ ဘဏ္ဍာတော်မင်းကြီးကလည်းထိုသူအား၊ အငှါးပတ္တာကို၊ နည်းဥပဒေခွဲ (၃) အရ၊ ဖေါ်ပြထားနိုင်သည့် အပိုသဘောတူဝန်ခံချက်များနှင့် စည်းကမ်းချက်များဖြင့် ပေးအပ်ရမည်။

အငှါးပတ္တာ၏အကျယ်အဝန်း။

၄၁။ ။ ဘဏ္ဍာတော်မင်းကြီးက၊ အခြားနည်းသဘောတူညီပြီး မဟုတ်လျှင်အငှါးပတ္တာတခုတွင် ပါဝင်နိုင် သည့် နယ်ပယ်သည်၊ အနည်းဆုံး ဧက၄၀ (လေးဆယ်တိတိ) နှင့် အများဆုံးဧက ၁၅,၀၀၀ (တသောင်း ငါးထောင်တိတိ) ဖြစ်ရမည်။ သို့ရာတွင် မည်သည့်အငှါးပတ္တာတခုခု၌မဆို နယ်ပယ်အားလုံးသည်၊ ဆက် စပ်လျက်ဖြစ်ရမည်။

ရေနံဓါတ်တူးဖေါ်ရန်အငှါးပတ္တာအရ အများဆုံးစုစုပေါင်းပိုင်ဆိုင်ခွင့်။

Myanmar Law Information System (MLIS)

၄၂။ ။ အငှါးပတ္တာရသူ၊ သို့တည်းမဟုတ် ၎င်းနှင့် တွဲဘက်အကျိုးသက်ဆိုင်သူများ၊ ရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာများအရ လက်ရှိထားသည့်အများဆုံး စုစုပေါင်းဧရိယာမှာ၊ တချိန်တည်းတွင်၊ စတုရန်းမိုင် ၅၀၀ (ငါးရာတိတိ) ထက်မပိုစေရ။

သက်တမ်း။

၄၃။ ။ (၁) အငှါးပတ္တာသည်၊ အတည်ဖြစ်သည့်နေ့ရက်မှစတင်၍၊ နောက်လာမည့် ဇန္နဝါရီလ ပဌမ ရက်နေ့ထိနှင့် ထိုနောက်နှစ်ပေါင်း ၂၀ (နှစ်ဆယ်တိတိ) ရှိကာလအပိုင်းအခြား သက်တမ်းအတွက်ဖြစ်ရ မည်။

(၂) အငှါးပတ္တာကုန်ဆုံးချိန်၊ အလျင်ခြောက်လကြိုတင်၍၊ ဘဏ္ဍာတော်မင်းကြီးထံ လျှောက်လွှာရေး သားတင်သွင်းသည့်အခါ၊ အငှါးပတ္တာကို နှစ်ပေါင်း ၂၀ ထက်မပိုသော ကာလအပိုင်းအခြားရှိနောက်ထပ် သက်တမ်းအတွက်၊ အစိုးရ၏သဘောအတိုင်း အသစ်လဲလှယ်ပေးနိုင်သည်။ သို့ရာတွင်အငှါးပတ္တာရသူသည်၊ အငှါးပတ္တာ၏ သဘောတူဝန်ခံချက်များနှင့် စည်းကမ်းချက်များကို ကျင့်သုံးဆောင်ရွက်ခဲ့ပြီးဖြစ်ရမည်။

(၃) အသစ်လဲလှယ်သည့် အငှါးပတ္တာအတွက်အခ အခွန်ငှါးရမ်းခ၊ အကောက်တော်တို့ကို၊ အသစ်လဲ လှယ်ချိန်၌ တည်ဆဲဖြစ်သည့် နည်းဥပဒေများအရ၊ နှုန်းထားဖြင့်တောင်းခံမည်မှတပါး အသစ်လဲလှယ် သည့် အငှါးပတ္တာအတွက်၊ သဘောတူဝန်ခံချက်နှင့် စည်းကမ်းချက်များမှာ ၊ မူလအငှါးပတ္တာတွင် ပါရှိ သည့်အတိုင်း တမျိုးတည်းဖြစ်ရမည်။

(၄) ဘဏ္ဍာတော်မင်းကြီးထံ တဆယ့်နှစ်လအောက်မနည်းရေးသား၍၊ နို့တစ်စာပေးပို့ခြင်းဖြင့်၊ အငှါး ပတ္တာကိုဖြစ်စေ၊ အငှါးပတ္တာ၏ မည်သည့်အစိတ်အပိုင်း၊ သို့တည်းမဟုတ် အစိတ်အပိုင်းများကို မဆို ဖြစ်စေ အငှါးပတ္တာ၏သက်တမ်းအတွင်း မည်သည့်အခါ၌မဆို အငှါးပတ္တာရသူက ရုပ်စဲနိုင်သည်။ သို့ရာတွင် ထိုသို့ရုပ်စဲရာ၌၊ ဤနည်းဥပဒေများ၌၊ သို့တည်းမဟုတ် ရေနံဓါတ်လုပ်ကိုင်ခွင့်၌ပါရှိသည့် ပဋိညာဉ်များ၊ သို့တည်းမဟုတ် သဘောတူချက်များ ဖေါက်ဖျက်မှုတခုခုနှင့်စပ်လျဉ်းသည့် နိုင်ငံတော် သမတ၏ အခွင့်အရေးတခုခုကိုသော်၎င်း၊ ပပျောက်ခွင့်တခုခုကိုသော်၎င်း မထိစေရ။

<ပြင်ဆင် 04.12.1962>

အာမခံတင်ငွေ။

၄၄။ ။ (၁) အငှါးပတ္တာ၏သဘောတူဝန်ခံချက်များနှင့် စည်းကမ်းချက်များကို၊ ကျင့်သုံးသင့်သလို ကျင့်သုံးစေရန်အလို့ငှါ အငှါးပတ္တာရသူသည်၊ ၎င်းအား အငှါးပတ္တာမပေးအပ်မီ၊ အာမခံတင်ငွေအဖြစ် ၊ ၂၀,၀၀၀/- (ကျပ်နှစ်သောင်းတိတိ) ရှိငွေအရေအတွက်ကို ကြိုတင်ပေးဆောင်ရမည်။ ၎င်းငွေကို အခါ အားလျော်စွာ လိုအပ်သလို အငှါးပတ္တာရသူက ထပ်ဖြည့်ရမည်။

(၂) နိုင်ငံတော်သမတက၊ သို့တည်းမဟုတ် ၎င်းအတွက်ကုန်ကျထားသည့်မည်သည့် စရိတ်စကများကို မဆိုနုတ်၍၊ အထက်ပါနည်းဥပဒေခွဲ (၁)အရ ပေးဆောင်ထားသည့် အာမခံတင်ငွေ တခုခု၏ စုစုပေါင်းကို အာမခံတင်ငွေသွင်းသူအားရေနံ ဓါတ်တူးဖေါ်ရန်၊ အငှါးပတ္တာပေးအပ်ခဲ့သော်၊ အငှါးပတ္တာအရပေးရန်ရှိ သည့်အခခွန်၊ ငှါးခ၊ သို့တည်းမဟုတ် အကောက်တော်များ၏ တစိတ်တဒေသအဖြစ် ဆပ်ပေးပြီး ကြောင်း စာရင်းသွင်းထားမည်၊ သို့တည်းမဟုတ်အာမခံတင် ငွေသွင်းသူက၊ အဆိုပါအငှါးပတ္တာတခုခုကို ငြင်းပယ်ခဲ့သော်၊ သို့တည်းမဟုတ် မရရှိခဲ့သော် ၎င်းအားပြန်၍ပေးမည်။

Myanmar Law Information System (MLIS)

တူးဖေါ်ခခွန်။

၄၅။ ။ ပြန်ပေးနိုင်မည်မဟုတ်သည့် တူးဖေါ်ခခွန်ကို၊ တကော၊ သို့တည်းမဟုတ် တကော၏ တစိတ်တဒေ သအတွက် တနှစ်လျှင် ၁ကျပ် (တကျပ်တိတိ) ကျနှုန်းအတိုင်း၊ နှစ်စဉ်ကြိုတင်ပေးဆောင်ရမည်။

ပဋ္ဌမနှစ်အတွက် တူးဖေါ်ခခွန်ကို၊ အငှါးပတ္တာမပေးအပ်မီပေးဆောင်ရမည်။

ပုံသေငှါးရမ်းခ။

၄၆။ ။ (၁) တနှစ်တကြိမ်ဖြစ်သော ပုံသေငှါးခကို အောက်ပါနှုန်းအတိုင်း၊ နှစ်စဉ်ကြိုတင်ပေးဆောင်ရ မည်။

(က) ပဋ္ဌမစတုရန်းမိုင် ၅၀ အဖို့ တကော၊ သို့တည်းမဟုတ် တကော၏ တစိတ်တဒေသအတွက် ၅ ကျပ် (ငါးကျပ်တိတိ)။

(ခ) နောက်စတုရန်းမိုင် ၅၀ အဖို့ တကော၊ သို့တည်းမဟုတ် တကော၏တစိတ်တဒေသအတွက် ကျပ် ၁၀ (တဆယ်ကျပ်တိတိ)။

(ဂ) နောက်စတုရန်းမိုင် ၅၀ အဖို့ တကော၊ သို့တည်းမဟုတ် တကော၏ တစိတ်တဒေသအတွက် ၁၅ ကျပ် (တဆယ့်ငါးကျပ်တိတိ)။

(ဃ) နောက်စတုရန်းမိုင် ၁၀၀ အဖို့ တကော၊ သို့တည်းမဟုတ် တကော၏ တစိတ်တဒေသအတွက် ကျပ် ၂၀ (နှစ်ဆယ်ကျပ်တိတိ)။

(င) နောက်စတုရန်းမိုင် ၂၅၀ အဖို့ တကော၊ သို့တည်းမဟုတ် တကော၏ တစိတ်တဒေသအတွက် ကျပ် ၃၀ (သုံးဆယ်ကျပ်တိတိ)။

သို့ရာတွင် အငှါးပတ္တာရရှိသူသည် ၊ ပုံသေငှါးရမ်းခစုစုပေါင်းကိုဖြစ်စေ၊ အကောက်တော်စုစုပေါင်းကို ဖြစ်စေ ၎င်းအနက်မည်သည့်များရာကိုမဆိုသာပေးဆောင်ရန် တာဝန်မကင်းစေရမည်။ ထို့ပြင်လည်း ဈေးကွက်ရှိနိုင်သည့် ခါတ်ငွေ့မြေများအတွက် အထက်ပါနှုန်းကို ၅၀ (ငါးဆယ်တိတိ) ရာခိုင်နှုန်းထိ အောင်လျှော့နည်းမည့်အပြင်၊ ဈေးကွက်မရှိသည့် ခါတ်ငွေ့မြေများအတွက် အထက်ပါနှုန်းကို ၂၅ (နှစ်ဆယ့်ငါးတိတိ) ရာခိုင်နှုန်းထိအောင်လျှော့နည်းစေရမည်။

(၂) ပဋ္ဌမနှစ်အတွက် ပုံသေငှါးရမ်းခကို အငှါးပတ္တာထုတ်မပေးမီ ပေးဆောင်ရမည်။

မျက်နှာပြင်ငှါးရမ်းခ။

၄၇။ ။ အငှါးပတ္တာအရ၊ ဆောင်ရွက်သည့် လုပ်ငန်းဆောင်တာများ ကိစ္စအလို့ငှါ၊ မျက်နှာပြင်ကို အသုံးပြုလိုက အသုံးပြုနိုင်သည်။ သို့တည်းမဟုတ် လက်ရှိယူထားလိုက လက်ရှိယူထားနိုင်သည်။ မြေအားလုံးအတွက် ထိုမြေတည်ရှိရာ ခရိုင်တွင် မြေခွန်တော်နှင့် မြေငှါးရမ်းခ ဥပဒေအရ စည်းကြပ်နိုင်သည့်နှုန်းဖြင့် နှစ်စဉ်မြေမျက်နှာပြင် ငှါးရမ်းခကို၎င်း၊ ထိုမြေမှာရေနံ့ခါတ်ရယူရန်အတွက် လက်ရှိလုပ်ကိုင်ခြင်းမပြုခဲ့ပါက၊ မည်သည့်ဆည်မြောင်း နည်းဥပဒေများမဆိုအရ၊ သာမန်အားဖြင့် စည်းကြပ်နိုင်သည့် ရေခွန်များရှိလျှင်၊ ထိုရေခွန်များကို၎င်း ပေးဆောင်ရမည်။ မည်သည့်အဆိုပါ ငှါးရမ်းခကိုမျှ သက်ဆိုင်ရာခရိုင်တွင် တရားဥပဒေများအရ၊ စည်းကြပ်ခြင်းပြုနိုင်လျှင် ထိုနှုန်းကို ဘဏ္ဍာတော်မင်းကြီးက တကောအတွက်သော်၎င်း၊ တကော၏တစိတ်တဒေသ အတွက်သော်၎င်း တနှစ်လျှင်အများဆုံး ၃ ကျပ် (သုံးကျပ်) ကျနှင့် အနည်းဆုံး ပြား ၅၀ (ပြားငါးဆယ်) ကျ သတ်မှတ်နိုင်သည်။ အများပြည်သူတို့အကြွင်းမဲ့ ဝင်ရောက်ခွင့်ရှိသည့် လမ်းမကြီး၊

သို့တည်းမဟုတ် လမ်းတခုခုတွင် ပါဝင်သည့်နယ်မြေကို လက်ရှိယူထားခြင်းနှင့်သော်၎င်း၊ အသုံးပြုခြင်းနှင့်သော်၎င်း စပ်လျဉ်း၍ အဆိုပါ ငှါးရမ်းခမျိုးကို မပေးဆောင်ရ။

အလုပ်တာဝန်ရှိခြင်းများ။

၄၈။ ။ (၁) အငှါးပတ္တာရသူပေါ်တွင် ရေနံခါတ်စူးစမ်းရှာဖွေရန်နှင့် အကျိုးဖွံ့ဖြိုးအောင် ပြုလုပ်ထုတ်ယူ ရန်တာဝန်ရှိသည်။ အငှါးပတ္တာရသူသည်၊ နှစ်စဉ်ဒီဇင်ဘာလသရက်နေ့တွင် နောက်လာမည့် နှစ်အတွက် စူးစမ်းရှာဖွေမှုနှင့် အကျိုးဖွံ့ဖြိုးအောင် ပြုလုပ်ထုတ်ယူမှု အစီအစဉ်ကိုဘဏ္ဍာတော်မင်းကြီးသိရှိစေရန် အတွက်တင်သွင်းရမည်။

(၂) ရေနံခါတ်လုပ်ငန်းတွင် ယေဘုယျအားဖြင့် သိရှိနားလည်သည့်စမ်းသပ်ထင်ရှားစေပြီး နယ်ပယ်များ နှင့် အချို့အဝက်စမ်းသပ်ထင်ရှားစေပြီး၊ နယ်ပယ်အားလုံးပေါ်တွင် နိုင်ငံတော်သမတထံမှ အခြားနည်း စာဖြင့်ရေးသားသော လက်ခံအတည်ပြုချက်မရရှိလျှင် အဆိုပါနယ်ပယ်များတွင် ကုန်စင်အောင်တူး ဖေါက်ပြီး၊ ၎င်းနယ်ပယ်များကိုတိုးတက် ဖြစ်ထွန်းအကျိုးဖွံ့ဖြိုးအောင်ပြုလုပ်၍၊ ၎င်းနယ်ပယ်များမှ ရယူ သည့်ရေနံခါတ်ကို စောနိုင်သမျှစောစွာ အများဆုံးအထွက်နှုန်းဖြင့် ဖြုန်းတီးမှုမဖြစ်စေဘဲ၊ အဆက်မပြတ် ထုတ်လုပ်ရန်တာဝန်ရှိသည်။

(၃) ရေနံခါတ်လုပ်ငန်းတွင် ယေဘုယျအားဖြင့် သိရှိနားလည်သည့်မစမ်းသပ်မထင်ရှားစေရသေးသော နယ်ပယ်အားလုံးပေါ်တွင် နိုင်ငံတော်သမတထံမှ စာဖြင့်ရေးသားဆင့်ဆိုချက်ရရှိပြီးနောက်၊ တနှစ် အတွင်း အငှါးပတ္တာရသူသည်၊ အငှါးပတ္တာ၌၊ သို့တည်းမဟုတ် အငှါးပတ္တာစု၌ ဖေါ်ပြထားသည့် နယ်ပယ် များပေါ်တွင် တူးဖေါက်သည့် လုပ်ငန်းဆောင်တာများစတင်ရမည့်ပြင်၊ ထိုတူးဖေါက်သည့် လုပ်ငန်း ဆောင်တာများကို နိုင်ငံတော်သမတ ကြေနပ်လောက်အောင် ကြိုးစားအားထုတ်သင့်သမျှကြိုးစားအား ထုတ်၍ ဆက်လက်ပြုလုပ်သွားရမည်။ သို့ရာတွင် နိုင်ငံတော်သမတသည်၊ အငှါးပတ္တာရသူအား၊ တချိန် တည်းတွင် တွင်းတတွင်းထက်ပို၍ တူးဖေါက်စေရန်မဆင့်ဆိုရ။

(၄) အငှါးပတ္တာရသူက အထက်ပါနည်းဥပဒေခွဲ (၃) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တွင်တွင်းတူးဖေါက်ခြင်းကိုမစတင်လျှင်သော်၎င်း၊တွင်းတူးဖေါက်သည့်လုပ်ငန်းဆောင်တာများစတင်ပြီး ဖြစ်သော်လည်း၊ ၎င်းလုပ်ငန်းဆောင်တာများကို ကြိုးစားအားထုတ်သင့်သလောက် ကြိုးစားအားထုတ် ၍ မပြုလုပ်လျှင်သော်၎င်း၊ နိုင်ငံတော်သမတ၏ စာဖြင့်ရေးသားသောခွင့်ပြုချက်မရရှိဘဲ၊ အဆိုပါလုပ် ငန်းဆောင်တာများကို တနှစ်ထက်ပိုသည့်ကာလအပိုင်းအခြားအတွင်း ရပ်စဲထားလျှင်သော်၎င်း၊ အငှါး ပတ္တာသည်၊ သို့တည်းမဟုတ် အငှါးပတ္တာစုသည်၊ နိုင်ငံတော်သမတ၏ သဘောအတိုင်းဖျက်သိမ်းခြင်းခံရ မည်။

(၅) နည်းဥပဒေခွဲ (၃) တွင် မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော်သမတသည်၊ အငှါးပတ္တာရသူ တင်ပြရ မည့် လုံလောက်သောအကြောင်းပြချက်များကြောင့်၊ ၎င်းတွင်သီးခြားဖေါ်ပြထားသည့် အချိန်ကာလကို မိမိသင့်သည်ထင်မြင်သည့်ကာလအပိုင်းအခြားအတွက် တိုးချဲ့ပေးနိုင်သည်။

တိုးတက်ဖြစ်ထွန်းအောင်လုပ်ကိုင်ရန်လိုအပ်ချက်များမှ သက်သာခွင့်။

၄၉။ ။ အငှါးပတ္တာပေးထားသည့်နယ်ပယ်တွင် ရေနံမဟုတ်ဘဲ ခါတ်ငွေ့ကိုသာလျှင် ရောင်းဝယ်ဖေါက် ကားလောက်အောင် တွေ့ရှိသည့်အချက်တွင် အငှါးပတ္တာရသူသည်၊ မိမိပါဝင်ဆင်နွှဲနိုင်သော လုံလောက် သည့်ခါတ်ငွေ့စျေးကွက်မရှိသေးသမျှ

ကာလပတ်လုံး နိုင်ငံတော်သမတက အဆိုပါအကြောင်းခြင်းရာ များနှင့်စပ်လျဥ်း၍၊ ကြေနပ်လျှင်အဆိုပါအငှါးပတ္တာပေးထားသည့် နယ်ပယ်ဆိုင်ရာ တိုးတက်ဖြစ်ထွန်း အောင် လုပ်ကိုင်ရန်လိုအပ်ချက်များမှ သက်သာခွင့်ရရှိစေရမည်။

အငှါးပတ္တာတခုလုံး၊ သို့တည်းမဟုတ် တစိတ်တဒေသကိုပြန်အပ်ခြင်း။

၅၀။ ။ (၁) နည်းဥပဒေ ၄၁ နှင့်မဆန့်ကျင်စေဘဲ၊ အငှါးပတ္တာရသူသည်၊ အငှါးပတ္တာတခုလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ ခြောက်လနို့တစ်ပေးခြင်းအားဖြင့် ပြန်အပ်နိုင်သည်။ သို့ရာတွင် ထိုသို့ပြန်အပ် သည့်ကေပေါင်းမှာ၊ ကေ ၄၀ ၏ ဆတိုးကိန်းများဖြစ်ရမည်။

(၂) ပြန်အပ်သည့်ကေပေါင်းသည်၊ ဆက်စပ်လျက်မဟုတ်သည့်ကေပေါင်းဖြစ်ပေါ်စေသည့်ကိစ္စတွင် ပြန်အပ်သည့်နယ်ပယ်များပေါ်တွင် နည်းဥပဒေ ၃၇၊ ၃၈နှင့် အညီအငှါးပတ္တာသစ်များ လျှောက်ထားရ မည်။

## အပိုင်း ၇

## သီးသန့်မဟုတ်သည့်မျက်နှာပြင်ရှာဖွေမှုဝင်ရောက်ခြင်း၊ နေခြင်း၊ ထွက်ခွါသွားခြင်း

သီးသန့်မဟုတ်သည့် မျက်နှာပြင်ရှာဖွေမှု။

၅၁။ ။ (၁) ဤနည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ပြည်ထောင်စုပိုင်ဖြစ်သည့် လက်ရှိယူထားသူမရှိ သည့်ပြင်၊ သီးသန့်ထားခြင်းလည်းမရှိသော မြေမျက်နှာပြင်တွင်၊ ပြည်ထောင်စုနိုင်ငံသားတဦးကသော် ၎င်း၊ ခိုင်လုံသည့် ရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်ခွင့်လက်မှတ် လက်ရှိထားသည့်နိုင်ငံခြားသားတဦး ကသော်၎င်း လွတ်လပ်စွာရှာဖွေနိုင်သည်။ သို့ရာတွင် အဆိုပါနိုင်ငံခြားသားတဦးသည် ဘဏ္ဍာတော်မင်း ကြီးက ထုတ်ပေးသည့်အခွင့်လက်မှတ်အရနှင့် ၎င်းတွင်သတ်မှတ်နိုင်သည့် သဘောတူဝန်ခံချက်များနှင့် စည်းကမ်းချက်များနှင့် အညီမှတပါးမည်သည့်ရှာဖွေမှုကိုမျှ မဆောင်ရွက်ရ။

(၂) အခွင့်လက်မှတ်အတွက် လျှောက်လွှာကို ပုံစံ(က) ဖြင့် ပြုလုပ်၍၊ ဘဏ္ဍာတော်မင်းကြီးထံ လိပ်စာတပ်ရမည်။ လျှောက်လွှာနှင့်အတူ လျှောက်လွှာခ ၅ ကျပ် (ကျပ်ငါးတိတိ) ပါရှိစေရမည်။

(၃) လက်ရှိယူထားသူရှိသည့် မြေမျက်နှာပြင်တွင်၊ လက်ရှိယူထားသူ၏ ခွင့်ပြုချက်ရရှိသည့်ပြင်၊ တည် ဆဲဥပဒေတခုခု၏ ပြဋ္ဌာန်းချက်အရသာ ရှာဖွေနိုင်သည်။

**ရှင်းလင်းချက်**။ ။ ဤနည်းဥပဒေ၏ ကိစ္စများအလို့ငှါ၊ ရေနံဓါတ်စူးစမ်းရေးလိုင်စင်တွင် ပါသည့်မြေကို လက်ရှိယူထားပြီးမြေဟု မမှတ်ယူရ၊ ရေနံဓါတ်ရှာဖွေရေးလိုင်စင်၊ သို့တည်းမဟုတ် ရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာတွင်ပါသည့်မြေကို လက်ရှိယူထားပြီးမြေဟု မှတ်ယူရမည်။ ဤနည်းဥပဒေဖြင့် ခွင့်ပြုသော အထူးအခွင့်အရေးသည် ရေနံဓါတ်နှင့် ပေါ်ထွက်နေသောကျောက်များ၏ တော်သင့်ရုံနမူနာများကို စစ်ဆေးရန်အလို့ငှါ စုဆောင်းခြင်း၊ ယူဆောင်သွားခြင်း၊ ထို့ပြင် အထူးအခြေအနေများတွင်သာ ရေနံဓါတ်စူးစမ်းရေးလိုင်စင်အရ ပြုလုပ်သည့်ဘူမိရူပဗေဒတိုင်းထွာမှုမှ ရရှိသည့်အကြောင်းအချက်များ ကို အဓိပ္ပါယ်ကောက်ရာတွင် အသုံးပြုရန် အပိုအကြောင်းအချက်များရရန်အတွက် ကန့်သတ်သည့် အတိုင်းအတာရှိသော ဘူမိရူပဗေဒတိုင်းထွာမှု ပြုလုပ်ခြင်းတို့နှင့်သာသက်ဆိုင်သည်။ လွန်ပေါက်များ၊

သို့တည်းမဟုတ် တွင်းများတူးမြုပ်ခြင်း၊ သို့တည်းမဟုတ် ကျင်းများ၊ မြောင်းများ၊ သို့တည်းမဟုတ် အခြားဂလိုင်များပြုလုပ်ခြင်းများနှင့် မသက်ဆိုင်ချေ။ ဤအခွင့်လက်မှတ်သည် အခွင့်လက်မှတ်လက်ရှိ ထားသူအား ရေနံခါတ်စူးစမ်းရေးလိုင်စင်၊ ရေနံခါတ်ရှာဖွေရေးလိုင်စင်၊ သို့တည်းမဟုတ် ရေနံခါတ် တူးဖေါ်ရန် အငှါးပတ္တာကို ရထိုက်ခွင့်ရှိစေရန်အတွက် ၎င်းတွင် အကျုံးဝင်သည့်နယ်ပယ်ပေါ်တွင် ဦးစား ပေးသည့်၊ သို့တည်းမဟုတ် သီးသန့်သည့်အခွင့်အရေးတခုခုမပါရှိချေ။

ဝင်ရောက်ခြင်းနှင့် ဆောက်လုပ်ခြင်း၊ထို့ပြင် မျက်နှာပြင်ပေါ် လုပ်ငန်း ဆောင်တာများ ဆိုင်ရာ ချုတ်ချယ် ချက်များ။

၅၂။ ။ (၁) ရေနံခါတ်လုပ်ကိုင်ခွင့်ရသူသည် ရေနံခါတ်လုပ်ကိုင်ခွင့်ရသည့်မြေများ၏ မျက်နှာပြင်ကိုဖြစ် စေ၊ ၎င်းမြေပေါ်ရှိ သစ်ပင်များကောက်ပဲသီးနှံများ၊ အဆောက်အဦများ၊ အဆောက်အအုံများ၊ သို့တည်း မဟုတ် အခြားဥစ္စာပစ္စည်းများကိုဖြစ်စေ၊ မည်သည့်မလိုအပ်သည့်၊ သို့တည်းမဟုတ် လွှဲရှောင်နိုင်သည့် ထိခိုက်ဆုံးရှုံးပျက်စီးမှုကိုမဆိုမပြုလုပ်ရ။ သို့တည်းမဟုတ် ပြုလုပ်ခွင့်မပေးရ။ ထို့ပြင် ရေနံခါတ်လုပ်ကိုင် ခွင့်ရသည့် မြေများတွင် စိုက်ပျိုးခြင်းမပြုရ၊ သို့တည်းမဟုတ်နည်းဥပဒေများအရ ခွင့်ပြုထားသည့် အတိုင်းမှတပါး အခြားနည်း၊ တနည်းနည်းနှင့်အသုံးမပြုရ။

(၂) ရေနံခါတ်လုပ်ကိုင်ခွင့်ရသူသည် ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်၏စာဖြင့် ရေးသားသောခွင့်ပြုချက်မရှိဘဲ လက်ရှိယူထားသည့်၊ သို့တည်းမဟုတ် သီးသန့်ထားသည့်မြေမဟုတ် သော မြေတခုခုတွင်သစ်တခုခုကိုဖြစ်စေ၊ သစ်ပင်တပင်ပင်ကိုဖြစ်စေ မခုတ်ဖြတ်ရ၊ သို့တည်းမဟုတ် ပျက်စီးအောင်မပြုရ။

(၃) ရေနံခါတ်လုပ်ကိုင်ခွင့်ရသူသည် ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်၏ခွင့်ပြုစာမရ ဘဲ လမ်းတခုခု၏မျက်နှာပြင်ကို ဖရိုဖရဲဖြစ်အောင်မပြုရ၊ သို့တည်းမဟုတ် လမ်းသွားလာပိုင်ခွင့်တခုခု၊ ရေတွင်းတတွင်းတွင်း၊ သို့တည်းမဟုတ် ရေကန်တကန်ကန် အသုံးပြုခြင်းကို အနှောက်အရှက်မပြုရ။

(၄) ရေနံခါတ်လုပ်ကိုင်ခွင့်ရသူသည် မိမိ၏ပြုမူမှုကြောင့် လမ်းတခုခု၊ သို့တည်းမဟုတ် ပြည်သူပိုင် ဆောက်လုပ်ထားရာတခုခု ထိခိုက်ဆုံးရှုံးပျက်စီးခြင်း ဆီးတားရန်အတွက် ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်ကလိုအပ်သည်မှတ်ယူသည့် စီမံချက်များကို ဆောင်ရွက်ရမည်။

(၅) ရေနံခါတ်လုပ်ကိုင်ခွင့်ရသူသည် မီးသင်္ဂြိုဟ်ရာမြေတခုခု၊ သို့တည်းမဟုတ် သုသာန်မြေတခုခု၊ သို့တည်းမဟုတ် လူတန်းစားတခုခု၏ အမြင့်အမြတ်ထားရာ နေရာတနေရာရာပေါ်တွင် မည်သည့် အဆောက်အအုံ၊ သို့တည်းမဟုတ် မည်သည့်အရာကိုမျှ မတည်ဆောက်ရ၊ သို့တည်းမဟုတ် မတည်ထား ရ၊ သို့တည်းမဟုတ် မထားရှိရ၊ သို့တည်းမဟုတ် မည်သည့်မြေပေါ်လုပ်ငန်းဆောင်တာများကိုမျှမဆောင် ရွက်ရ။ ထို့ပြင်ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်၏ခွင့်ပြုစာမပါဘဲ အဆိုပါမြေများ၊ သို့ တည်းမဟုတ် နေရာပေါ်သို့ဝင်ရောက်ခြင်းမပြုရ။

(၆) ရေနံခါတ်လုပ်ကိုင်ခွင့်ရသူသည် အများပြည်သူတို့ ပျော်ပါးရာမြေတခုခု၊ ရွာမြေနေရာ တနေရာရာ၊ အများပြည်သူ သွားလာသောလမ်း တလမ်းလမ်း၊ သို့တည်းမဟုတ် ကော်လိတ်တော်အရာရှိ၊ သို့တည်း မဟုတ် ရေနံဝန်၊ သို့တည်းမဟုတ် ဘဏ္ဍာတော်မင်းကြီးက အများပြည်သူအကျိုးကို ထောက်ထား၍၊ ဤ ကန့်သတ်ချက်တွင် ထည့်သွင်းရန်ဆုံးဖြတ်အပ်သော အခြားနေရာ တနေရာရာသို့ ကော်လိတ်တော်အရာ ရှိ၊ သို့တည်းမဟုတ်

Myanmar Law Information System (MLIS)

ရေနံဝန်၏ခွင့်ပြုစာမပါဘဲ ဝင်ရောက်ခြင်းမပြုရ။ သို့တည်းမဟုတ် ဘဏ္ဍာတော်မင်း ကြီး၏စာဖြင့်ရေးသားသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ၊ ၎င်းနေရာတနေရာရာတွင် မည်သည့် အဆောက်အအုံ၊ သို့တည်းမဟုတ် မည်သည့်အရာကိုမဆို မတည်ဆောက်ရ၊ သို့တည်းမဟုတ် မတည် ထားရ၊ သို့တည်းမဟုတ် မထားရှိရ၊ သို့တည်းမဟုတ် မည်သည့်မြေပေါ်လုပ်ငန်းဆောင်တာများ ကိုမဆို မဆောင်ရွက်ရ။

(၇) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ၎င်းကိုယ်တိုင်သော်၎င်း၊ ၎င်းအတွက်သော်၎င်း ရေနံဓါတ်လုပ်ကိုင်ခွင့်ဖြင့်အပ်နှင်းသည့် အခွင့်အာဏာတခုခုကို သုံးစွဲဆောင်ရွက်ခြင်းကြောင့် ဖြစ်ပျက်တန်ရာသည့် သစ်တောကြိုးဝိုင်းများကိုထိခိုက် ဆုံးရှုံးပျက်စီးစေမှု အားလုံးအတွက်၎င်း၊ အခြားသူများကိုဖြစ်စေ၊ ထိုသူများ၏ ဥစ္စာပစ္စည်းကိုဖြစ်စေ ထိခိုက်ဆုံးရှုံးပျက်စီးမှု၊ သို့တည်းမဟုတ် အနာတရဖြစ်အောင်ထိခိုက် မှု၊ ပျက်စီးအောင် ထိခိုက်မှုအားလုံးအတွက်၎င်း၊ သင့်လျော်သော လျော်ကြေးနှင့်ကြေနပ်မှုပေးရမည်၊ ထို့ပြင် အဆိုပါထိခိုက်ဆုံးရှုံးပျက်စီးမှု၊ သို့တည်းမဟုတ် အနာတရဖြစ်အောင်ထိခိုက်မှု၊ ပျက်စီးအောင် ထိခိုက်မှု၊ တခုခုအတွက်၊ မည်သည့်သူ၊ သို့တည်းမဟုတ် သူတို့မဆိုပြုလုပ်နိုင်သည့်၊ သို့တည်းမဟုတ် ပြုလုပ်စေနိုင်သည့် လျော်ကြေးရထိုက်ခွင့်တောင်းဆိုချက်၊ တရားစွဲဆိုချက်နှင့် တောင်းဆိုချက်အားလုံး အတွက်ကြောင့်နှင့်၊ ၎င်းတို့ကိုမြော်ခေါ်၍၊ တရားစရိတ်များနှင့် ကုန်ကျစရိတ်များအားလုံးအတွက် နိုင်ငံတော်သမတအား၊ မနစ်နာမဆုံးပါးလေအောင် လျော်ကြေးပေးရမည့်ပြင်၊ လျော်ကြေးအာမခံ ဆက်လက်ထားရှိစေရမည်။

(၈) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ သူတဦးတယောက် လက်ရှိယူထားသည့် နယ်ပယ်တခုခုသို့ ထိုလက်ရှိယူထားသူ၏ ခွင့်ပြုချက်မရဘဲ၊ သို့တည်းမဟုတ် အဆိုပါခွင့်ပြုချက်မရှိသည့် အချက်တွင်ကော် လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်၏စာဖြင့် ရေးသားထားသည့် အခွင့်အာဏာမရဘဲ ဝင်ရောက်ခြင်းမပြုရ။

(၉) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ နယ်ပယ်တခုခုပိုင်သူ၏၊ သို့တည်းမဟုတ် နယ်ပယ်တခုခု လက်ရှိ ယူထားသူ၏၊ သို့တည်းမဟုတ် အခြားသူတဦးဦး၏ သစ်ပင်များ၊ ပင်ထောင်ကောက်ပဲသီးနှံများ၊ အဆောက်အဦများ၊ အဆောက်အအုံများ၊ တဲများ၊ သို့တည်းမဟုတ် အခြားဥစ္စာပစ္စည်း မည်သည့်အမျိုး အစားကိုမဆို၊ ထိုပိုင်ရှင်၏၊ သို့တည်းမဟုတ်လက်ရှိယူထားသူ၏၊ သို့တည်းမဟုတ် ထိုအခြားသူ၏ ခွင့် ပြုချက်မရဘဲဖြစ်စေ အဆိုပါခွင့်ပြုချက်မရှိသည့်အချက်တွင် ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်၏စာဖြင့် ရေးသားထားသည့် အခွင့်အာဏာမရဘဲဖြစ်စေ မခုတ်လှဲ၊ မရိတ်ဖြတ်ရ၊ သို့တည်း မဟုတ် တနည်းနည်းဖြင့် ပျက်စီးအောင်မထိခိုက်ရ။

(၁၀) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ၏၊ ပြုလုပ်ရန်ရည်ရွယ်သည့်လုပ်ငန်း ဆောင်တာများမှ ဖြစ်ပေါ်ဘွယ်ရာအကြောင်းရှိသည့် ထိခိုက်ဆုံးရှုံးပျက်စီးမှုတခုခု၊ သို့တည်းမဟုတ် ပျက်စီးအောင် ထိခိုက်မှုတခုခု အတွက်၊ လျော်ကြေးကမ်းလှမ်းသည်ကို လက်ခံရရှိပြီးနောက် အထက်နည်းဥပဒေခွဲ (၉) တွင် ရည်ညွှန်း ထားသည့် အဆိုပါပိုင်ရှင်တဦးဦးကဖြစ်စေ၊ လက်ရှိယူထားသူတဦးဦးကဖြစ်စေ၊ အခြားသူတဦးဦးက ဖြစ်စေ နိုင်ငံတော်သမတ၌ရှိ၍၊ ရေနံဓါတ်လုပ်ကိုင်ခွင့်အရ၊ ပေးအပ်သောအခွင့်အရေးများနှင့် အာဏာများသုံးစွဲနိုင်ခွင့်ကိုငြင်းဆိုလျှင်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ၎င်းကိစ္စကို ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ်

ရေနံဝန်ထံအစီရင်ခံ၍ လျော်ကြေးအဖြစ် ကမ်းလှမ်းသည့် ငွေအရေအတွက်ကို ကော် လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်ထံတင်သွင်းထားရမည်။ ကောလိတ်တော်အရာရှိ၊ သို့တည်း မဟုတ်ရေနံဝန်က၊ ထိုသို့ကမ်းလှမ်းသည့် လျော်ကြေးငွေအရေအတွက်သည်၊ လျော်ကန်သင့်မြတ်သည်ဟု ကြေနပ်လျှင်၊ သို့တည်းမဟုတ် ထိုအတိုင်းမကျေနပ်၍ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူက၊ ကော်လိတ်တော် အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်ကလျော်ကန်သင့်မြတ်သည်ဟုထင်မြင်သည့် နောက်ထပ်ငွေအရေ အတွက်ကို၊ ထိုအရာရှိထံတင်သွင်းထားပြီးဖြစ်လျှင်၊ ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန် သည် ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူအား ထိုနယ်ပယ်ပေါ်တွင်ဝင်ရောက်၍ ရေနံဓါတ်လုပ်ကိုင်ခွင့်ပါကိစ္စများ အတွက် လိုအပ်သည့်လုပ်ငန်းဆောင်တာများကို ပြုလုပ်ခွင့်ပေးရန်၊ အဆိုပါပိုင်ရှင်၊ သို့တည်းမဟုတ် လက်ရှိယူထားသူ၊ သို့တည်းမဟုတ် အခြားသူအားဆင့်ဆိုရမည်။

(၁၁) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ၏ ကိစ္စများအတွက်၊ အခြားသူလက်ရှိမယူထားသေးသော အခြားနယ် ပယ်တစုံတရာသည် ရနိုင်၍သင့်လျော်လျှင်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်၌မပါဝင်သောအခြားအလုပ်၊ သို့တည်း မဟုတ် ကိစ္စများအတွက်၊ အခြားသူတို့ လက်ရှိယူထားပြီးဖြစ်သော ရေနံဓါတ်လုပ်ကိုင်ခွင့်ရသည့် နယ်ပယ်၏ မည်သည့်မျက်နှာပြင်အစိတ်အပိုင်းကိုမျှ၊ မျက်နှာပြင်ပေါ်စူးစမ်းခြင်းမှအပ၊ အခြားမျက်နှာ ပြင်ပေါ်ဆောက်လုပ်ရာများ၊ သို့တည်းမဟုတ် လုပ်ငန်းဆောင်တာများအတွက်၊ ဘဏ္ဍာတော်မင်းကြီး ထံမှ ကြိုတင်ခွင့်ပြုမိန့်မရဘဲ၊ လက်ရှိမယူထားရ၊ သို့တည်းမဟုတ် အသုံးမပြုရ။

(၁၂) ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်က၊ ယေဘုယျအမိန့်ဖြင့်သော်၎င်း၊ အထူးအမိန့် ဖြင့်သော်၎င်း၊ ဤနည်းဥပဒေနှင့် မသက်ဆိုင်စေရဟုကျေညာသော နယ်ပယ်များမှတပါး၊ မျက်နှာပြင် ပေါ်စူးစမ်းမှုမှအပ၊ အခြားလုပ်ငန်းဆောင်တာများအတွက်၊ အဆိုပါကိစ္စအတွက် အသုံးမပြုပြီးခဲ့သေး သော နယ်ပယ်တခုခုကို၊ လက်ရှိမယူထားမီ၊ သို့တည်းမဟုတ် အသုံးမပြုမီ၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ သည်၊ ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်အား၊ ထိုသို့အသုံးပြုရန်ကြံရွယ်သည့် နယ်ပယ် အမည်၊ သို့တည်းမဟုတ် အခြားအခေါ်အဝေါ်တည်နေရာနှင့် နယ်ပယ်အကျယ်အဝန်းအပြင်၊ အဆိုပါ နယ်ပယ်ကို မည်သည့်ကိစ္စအတွက်လိုအပ်ကြောင်းကို သီးခြားဖေါ်ပြ၍ ယာယီရယူခြင်းဖြစ်လျှင် တလ ကြိုတင်၍၎င်း၊ အမြဲတန်းယူရခြင်းဖြစ်လျှင် သုံးလကြိုတင်၍၎င်း၊ စာဖြင့်အကြောင်းကြားရမည်။ ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်က အကြောင်းကြားစာရရှိပြီးနောက် ဆိုင်သင့်ရာရာ တလအတွင်း၊ သို့တည်းမဟုတ် သုံးလအတွင်း အဆိုပါနယ်ပယ်အသုံးပြုခြင်းကို ကန့်ကွက်ခဲ့သော် ထို ကန့်ကွက်ချက်၊ သို့တည်းမဟုတ် ကန့်ကွက်ချက်များကို ဘဏ္ဍာတော်မင်းကြီးထံ ဆုံးဖြတ်ပေးရန်လွှဲအပ် ရာ၌ ဘဏ္ဍာတော်မင်းကြီးက ဖျက်သိမ်းလိုက်၍၊ သို့တည်းမဟုတ် လျော့ပေးလိုက်၍မှတပါး၊ အဆိုပါနယ် ပယ်ကို ထိုသို့လက်ရှိယူထားခြင်းမပြုရ။

သစ်အသုံးပြု ခြင်းပေါ်တွင် ကန့်သတ်ချက် များနှင့်ကြိုးဝိုင်းသစ်တော များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ။

၅၃။ ။ (၁) (က) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသည့် မြေပေါ်တွင်-

Myanmar Law Information System (MLIS)

(၁) အောက်ပါ အမျိုးအစားများ ဖြစ်သော သစ်ပင်တပင်ပင်၊ ကျွန်း၊ သစ်ခါး၊ ရှစ်ခါး၊ ခါးရှစ်၊ သစ်ရွဲ၊ သင်ကန်း၊ ပျဉ်းကတိုး၊ ပျဉ်းရှား၊ ပိတောက်နှင့်အောက် မြန်မာနိုင်ငံတွင်ကညင်ထားဝယ်သစ်တောခရိုင်တွင် ကရဝေးနှင့် မှန်းသင်း၊ ရခိုင်၊ ပုသိမ်နှင့် ထားဝယ် သစ်တော ခရိုင်များတွင် ပျဉ်းမနှင့် ကံမောင်း၊ သို့တည်းမဟုတ်

(၂) ခရိုင်သစ်တောဝန်ကဖြစ်စေ၊ ၎င်း၏အမိန့်အရဖြစ်စေ၊ သစ်တောပြုစုရေး အကျိုးငှါချန်လှပ်ရန် အထူးမှတ်သားထားသည့် သစ်ပင်တပင်ပင်ကို၊ ခရိုင်သစ်တောဝန်ထံမှ အခွင့်အာဏာ လွှဲအပ်ခြင်းမရှိဘဲ၊ မခုတ်ရ၊ မလှဲရ၊ သို့တည်းမဟုတ် ပျက်စီးအောင် မထိခိုက်ရ၊ သို့ရာတွင်အဆိုပါသစ်ပင်သည်၊ ၎င်းအောက် ရှိမြေတွင် တူးဖေါ်သည့်လုပ်ငန်းဆောင်တာများအတွက်၊ အမှန်စင်စစ်ပိတ်ပင်ခြင်း၊ သို့တည်းမဟုတ် တားဆီးခြင်းဖြစ်နေလျှင်၊ ခရိုင်သစ်တောဝန်ထံမှ ကြိုတင်အခွင့်အာဏာလွှဲအပ်ခြင်း၊ လွှဲပယ်လှပ်ထား နိုင်သည်။

(ခ) အထက်ပါအပိုင်း (က) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကြိုတင်အခွင့် အာဏာလွှဲအပ်ခြင်းမရှိဘဲ၊ ကျွန်းပင်တပင်ပင်၊ သို့တည်းမဟုတ် ပျဉ်းကတိုးပင်တပင်ပင်၊ ခုတ်လှဲခြင်းကို ခရိုင်သစ်တောဝန်ထံ ချက်ခြင်းအစီရင်ခံရမည်။ အစီရင်ခံစာတွင်၊ မြေမှလေးပေခွဲအမြင့်တွင် တိုင်းတာထားသော အဆိုပါ ကျွန်းပင်၊ သို့တည်းမဟုတ် ပျဉ်းကတိုးပင်၏ လုံးပတ်နှင့်ပင်စည်တွင် လုံးပတ်သုံးပေထက်ပိုသော သစ် အလျားကိုဖေါ်ပြရမည်။ ခရိုင်သစ်တောဝန်က အဆိုပါသစ်များကို ထုတ်ယူရန်နှင့် ရောင်းချရန်အတွက် လွယ်ကူစွာမစီစဉ်နိုင်လျှင်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ထိုသို့ခုတ်လှဲသော ကျွန်းပင်အားလုံးအ တွက်၊ ၎င်းသစ်တောခရိုင်တွင် တည်ဆဲနှုန်းအတိုင်း အကောက်တော်ပေးဆောင်ရမည်။

(ဂ) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ အထက်ပါအပိုင်း(က) တွင် ပြဋ္ဌာန်းပါရှိသည့် ကြိုတင်အခွင့် အာဏာလွှဲအပ်ခြင်းနှင့်ဖြစ်စေ၊ ကြိုတင်အခွင့်အာဏာလွှဲအပ်ခြင်းမရှိဘဲဖြစ်စေ ခုတ်လှဲသောသစ်ပင် တပင်ပင်အမှုကိစ္စတွင် ကျွန်း၊ သစ်ခါး၊ ရှစ်ခါး၊ ခါးရှစ်၊ သစ်ရွဲ၊ သင်ကန်း၊ ပျဉ်းကတိုး၊ ပျဉ်း၊ ရှား၊ ပိတောက်နှင့် (အောက်မြန်မာနိုင်ငံတွင်၊ ကညင်နှင့် ထားဝယ်သစ်တောခရိုင်တွင်၊ ကရဝေးနှင့် မှန်းသင်း၊ ရခိုင်၊ ပုသိမ်နှင့်ထားဝယ်သစ်တောခရိုင်များတွင်၊ ပျဉ်းမနှင့်ကမောင်း) ပင်များမှ သစ်ကိုအသုံးချ ခြင်းကိုင်း၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသည့်မြေများမှပြင်ပသို့၊ သစ်တစုံတရာ၊ သို့တည်းမဟုတ် အခြား သစ်တောထွက်ပစ္စည်းတစုံတရာကို၊ အဆိုပါသစ်တစုံတရာ၊ သို့တည်းမဟုတ် အခြားသစ်တောထွက် ပစ္စည်းတစုံတရာသည်၊ မြန်မာနိုင်ငံသစ်တောအက်ဥပဒေအရပြုသည့် နည်းဥပဒေများအနက်၊ နည်း ဥပဒေ၂၂၊ ၂၄၊ ၂၅၊ ၄၀ နှင့် ၄၁ တွင်ပြဋ္ဌာန်းထားသော နည်းနာအတိုင်းနှင့်ဖေါ်ပြထားသော အရာရှိထံမှ အခွင့်အာဏာလွှဲအပ်ခြင်းမရရှိလျှင်နှင့်၊ အခွင့်အာဏာလွှဲအပ်ခြင်းတွင် ထည့်သွင်းထားသည့် ၎င်းပေါ် အကောက်တော်ကို ပေးဆောင်ပြီးသည့်တိုင်အောင် ထုတ်ယူခြင်းသော်၎င်းမပြုရ။ ထို့ပြင်

(ဃ) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသည့်မြေများပေါ်တွင် အသုံးပြုသည့်၊ သီးသန့်ထားသောသစ်အားလုံးနှင့်၊ အဆိုပါမြေများမှ ထုတ်ယူသည့်သီးသန့်ထားသောသစ်၊ သို့တည်း မဟုတ် သီးသန့်မထားသော သစ်အားလုံးအတွက် ၁၉၂၃ ခုနှစ်၊ မတ်လ ၂၈ ရက် နေ့စွဲပါ သစ်တောဌာန

Myanmar Law Information System (MLIS)

အမိန့်ကြော်ငြာစာအမှတ် ၆၉ တွင်၊ သို့တည်းမဟုတ် နောက်ထပ်ထုတ်သည့် အမိန့်ကြော်ငြာစာတခုခုတွင် ကျေညာထားသော အကောက်တော်ကိုလည်း ပေးဆောင်ရမည်။ ထင်းအဖြစ်ခုတ်ဖြတ်သော သီးသန့်ထားသည့်သစ်အတွက် ထင်းခွန်များကိုသာတောင်းခံလိမ့်မည်။

(၂) (က) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ လုပ်ငန်းဆောင်တာများကို စတင်လုပ်ကိုင်ရန် မိမိ၏ရည် ရွယ်ချက်၏ အကြောင်းကြားစာကို၊ ခရိုင်သစ်တောဝန်အားပေးအပ်သည့် နေ့ရက်မှစ၍ ရက်ပေါင်းသုံး ဆယ် ကုန်ဆုံးသည့်တိုင်အောင် ၎င်း၏ရေနံဓါတ်လုပ်ကိုင်ခွင့်ထဲတွင် တည်ရှိသည့်ကြိုးဝိုင်းသစ်တော အတွင်း၌ အလုပ်စတင်မလုပ်ကိုင်ရ၊ ထို့ပြင် ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ နိုင်ငံတော်သမတက၊ ယေဘုယျအမိန့်ဖြင့်သော်၎င်း၊အထူးအမိန့်ဖြင့်သော်၎င်း အခါအားလျော်စွာ ပြဋ္ဌာန်းအပ်သော စည်းကမ်း ချက်များကိုနာခံ၍၊ အဆိုပါလုပ်ငန်းဆောင်တာအားလုံးကို ဆောင်ရွက်ရမည်။ ထို့ပြင်

(ခ) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ မိမိ၏ရေနံဓါတ်လုပ်ကိုင်ခွင့်ထဲတွင်တည်ရှိသော ကြိုးဝိုင်းသစ် တောများအတွင်းသို့ မီးမကူးစက်စေရန်၊ သို့တည်းမဟုတ် ၎င်းအတွင်းမီးမပေါ်ပေါက်စေရန်၊ တားဆီး ရန် ခရိုင်သစ်တောဝန်ကပေးသည့် အမိန့်များနှင့်ညွှန်ကြားချက်များကိုနာခံ၍၊ ဆောလျင်စွာဆောင်ရွက် ရမည်။ ထို့ပြင် ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူအား၊ ညွှန်ကြားလျှင်၊ အဆိုပါအမိန့်များနှင့် ညွှန်ကြားချက်များ အရ၊ သင့်လျော်သည့် မီးတားကြောင်းများကိုပြုလုပ်၍၊ ပြုပြင်ထားရှိစေရမည်။

အခြားလုပ်ကိုင်ခွင့်ရသူများအတွက်၊ ဝင်ရောက်ရန်အခွင့်အရေးများ။

၅၄။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူအသီးသီးသည်၊ မိမိ၏လက်ရှိထားသည့်နယ်ပယ်တွင်ပါဝင်သော၊ သို့တည်းမဟုတ် ထိုနယ်ပယ်နှင့်ဆက်စပ်နေသော၊ သို့တည်းမဟုတ် ထိုနယ်ပယ်မှသွားရောက်နိုင်သော နယ်ပယ်တခုခုပေါ်တွင်၊ ရေနံဓါတ်၊ သို့တည်းမဟုတ် ကျောက်မျက်ရတနာများနှင့် အနည်းငယ်သာ အဘိုးတန်သော ကျောက်များအပါအဝင် အခြားဓါတ်သတ္တုများအတွက် လုပ်ကိုင်ခွင့် လက်ရှိထားသူနှင့် နောင်လက်ရှိထားရန် ရှိသူများအား၎င်း၊ ထိုနယ်ပယ်တခုခုကိုလက်ရှိယူထားသူများနှင့် နောင်လက်ရှိယူ ထားမည့်သူများအား၎င်း၊ သူတို့ကိုယ်တိုင်အားသော်၎င်း၊ သူတို့၏ ကိုယ်စားလှယ်များအားသော်၎င်း၊ သူ တို့၏အလုပ်သမားများသော်၎င်း အဆိုပါနယ်ပယ်ပေါ်သို့ ဝင်ရောက်ရန်၊ သင့်လျော်သောအခွင့်အရေး များ ခွင့်ပြုရမည်။ ထို့ပြင် ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရရှိထားသည့်နယ်ပယ်၊ သို့တည်းမဟုတ် ဆက်စပ်နေသည့် နယ်ပယ်များတွင် အခြားသူများ၏ရေကြောင်းသွားလာမှုနှင့် ငါးဘမ်း ခြင်းအခွင့်အရေးများကို ထောက်ထားရမည်။

မြေနှင့်ရေမျက်နှာပြင်ကို ပြန်လည်ပြုပြင်ပေးခြင်း။

၅၅။ ။ (၁) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ဤနည်းဥပဒေများအရ ခွင့်ပေးသည့်လုပ်ငန်းဆောင်တာ တိုင်း အပြီးသတ်ပြီးနောက်-

(က) မြေ၊ သို့တည်းမဟုတ် ရေမျက်နှာပြင်ကို၊ နဂိုမူလအခြေအနေများသို့ ရောက်ရှိအောင် တတ်နိုင်သမျှ ပြန်လည်ပြုပြင်ပေးရမည်။

(ခ) ဆက်လက်အသုံးပြုမည်ဖြစ်သည့်ပြင်၊ ဖို့ရန်ကြီးကျယ်လွန်းသည့်ကျင်းများ၊ မြောင်းများနှင့်အခြား ဂလိုင်များအားလုံးကို၊ ကျွဲ၊ နွား၊ သို့တည်းမဟုတ် အခြားတိရစ္ဆာန်များ ၎င်းတို့အတွင်းသို့ လိမ့်ကျခြင်းမှ တားဆီးရန်၊ လုံလောက်သည့်နံရံ၊ သို့တည်းမဟုတ် ဝင်းထရံဖြင့်ကာရံထားရမည့်ပြင်၊ ဆက်လက်ကာရံ ထားစေရမည်။

(ဂ) အသုံးပြုတော့မည် မဟုတ်သည်နှင့်ဖို့နိုင်သည့်ကျင်းများ၊ မြောင်းများနှင့် အခြားဂလိုင်များအားလုံး ကို၊ ၎င်းတို့နှင့်စပ်လျဉ်း၍၊ နည်းဥပဒေ ၅၂ (၇) အရ၊ လုပ်ငန်းဆောင်တာဆောင်ရွက်ရာ မြေလက်ရှိယူ ထားသူများ၊ သို့တည်းမဟုတ် ၎င်းမြေပိုင်ရှင်များအား သင့်လျော်သည့် လျော်ကြေးအပြည့်အစုံ မပေးပြီး ရသေးလျှင်၊ ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်ကြေနပ်လောက်အောင် ဖို့ပစ်ရမည်။

(ဃ) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ၏ လုပ်ငန်းဆောင်တာကို ဆောင်ရွက်သည့်အတောအတွင်း၊ ပျက်စီးယို ယွင်းသည့် လုပ်ငန်းဆောင်တာဆောင်ရွက်ရာ မြေလက်ရှိယူထားသူများ၊ သို့တည်းမဟုတ် ၎င်းမြေပိုင်ရှင် များပိုင်မြေ၏ မျက်နှာပြင်နှင့် အဆောက်အအုံများနှင့် အဆောက်အဦများနှင့်စပ်လျဉ်း၍၊ နည်းဥပဒေ ၅၂ (၇) အရ၊ သင့်လျော်သည့် လျော်ကြေးအပြည့်အစုံမပေးပြီးရသေးလျှင်၊ ၎င်းမြေမျက်နှာပြင်၊ အဆောက် အအုံနှင့်အဆောက်အဦများကိုတတ်နိုင်သမျှ ပြန်လည်ပြုပြင်ပေးရမည်။

(င) စွန့်ပစ်ထားသည့်ရေနံဓါတ်တွင်းများ၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟု သုတလွန်ပေါက်များမှ အင်္ဂတေအောက်ခံများ၊ စက်ကိရိယာများနှင့်ဝတ္ထုပစ္စည်းများကို ရွှေ့ပြောင်းပစ်ရမည့်ပြင်၊ စွန့်ပစ်ရန်ရေနံ ကို မီးရှို့ပစ်ရမည်။ ထို့ပြင်

(စ) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသည့် နယ်ပယ်များပေါ်တည်ရှိပြီးလျှင်၊ အသုံးပြုတော့မည်မဟုတ်တော့ သည့် အဆောက်အဦများ၊ အဆောက်အအုံများ၊ အသုံးအဆောင်များ၊ ကျွန်းတုံးများ၊ အသုံးပြုကိရိယာ များ၊ စက်ရုံများနှင့် ထုတ်လုပ်ရုံများအပြင်၊ အဆိုပါနယ်ပယ်များ၏မြေကြီး၊ ကျောက် အသုံးမရသော ပစ္စည်းများ၊ သို့တည်းမဟုတ် အမှိုက်သရိုက်များကို၊ ဆိုခဲ့သည်တို့သည် ရေကြောင်းသွားလာမှု၊ သို့တည်း မဟုတ် ငါးဘမ်းမှု၊ သို့တည်းမဟုတ် မီးရထားလမ်း၊ သွားလာခွင့်၊ လမ်း၊ တောင်ကြားလမ်း၊ ဖြတ်လမ်း၊ မြစ်ချောင်း၊ သို့တည်းမဟုတ် နေရာတခုခုကိုဖြစ်စေ၊ သို့တည်းမဟုတ် ကိုယ်ပိုင်၊ သို့တည်းမဟုတ် ပြည်သူ ပိုင်၊ သို့တည်းမဟုတ် ပြည်ထောင်စုပိုင်မြေများ၊ သို့တည်းမဟုတ် ရေများကိုဖြစ်စေ၊ မသင့်လျော်မှု၊ သို့ တည်းမဟုတ်အနှောင့်အရှက်၊ သို့တည်းမဟုတ် ပိတ်ပင်မှု၊ သို့တည်းမဟုတ် ဘေးအန္တရာယ်မဖြစ်စေရန် သော်၎င်း၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသည့် နယ်ပယ်များပေါ်ရှိ မည်သည့်အခြားလုပ်ကိုင်ခွင့်များကို မဆို လုပ်ကိုင်ဆောင်ရွက်ခြင်းကို မထိခိုက်စေရန်၊ သို့တည်းမဟုတ် အနှောင့်အရှက် မပြုစေရန်သော်၎င်း၊ မည် သည့်နည်းလမ်းနှင့်မဆို၊ပုဂ္ဂိုလ်တဦးတယောက်၊ သို့တည်းမဟုတ် အများပြည်သူဆိုင်ရာ ထိခိုက်ဆုံးရှုံး ဖျက်ဆီးမှု၊ အနှောင့်အရှက်၊ သို့တည်းမဟုတ် မသင့်လျော်မှုတခုခု မဖြစ်စေရန်သော်၎င်း ရွှေ့ပြောင်း၊ သို့တည်းမဟုတ် ဖယ်ရှင်းရမည်။

(၂) အထက်ဖေါ်ပြပါအလုပ်ကို ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ၏ စရိတ်ဖြင့်ပြုလုပ်မည်ပြင်၊ အဆိုပါအလုပ် ၏ ပြီးစီးအောင်ပြုလုပ်ရန် ကျန်ရှိနေသည် အစိတ်အပိုင်းကို ရေနံဓါတ်လုပ်ကိုင်ခွင့် ကုန်ဆုံးသည့်၊ စော စီးစွာဆုံးခန်းတိုင်ရောက်သည်။ ဖျက်သိမ်းသည့်၊ ပြန်အပ်သည့်၊ သို့တည်းမဟုတ် စွန့်လွှတ်သည့်အခါ တွင်၊ ထိုနေ့ရက်မှ

သုံးလအတွင်းပြီးစီးရမည်။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ထိုကာလအပိုင်းအခြား အတွင်း ယခင်ကရေနံဓါတ် လုပ်ကိုင်ခွင့်အရ လက်ရှိထားခဲ့သည့်နယ်ပယ်များပေါ်သို့ ဝင်ရောက်နိုင်ခွင့်ရှိ သည်။

## အပိုင်း ၈

## အကောက်တော်များ

အကောက်တော်နှုန်း။

၅၆။ ။ (၁) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ အောက်တွင်သီးခြားဖေါ်ပြထားသည့် အကောက်တော်များ ကို ပေးဆောင်ရမည်။

(က) ရေနံစိမ်း၊ ဓါတ်ငွေ့ဆီ၊ ထို့ပြင် လုပ်ငန်းစဉ်ဆောင်ရွက် မခံရသော သဘာဝဓါတ်ငွေ့အတွက်၊ ရေနံ စိမ်း၊ သို့တည်းမဟုတ် ဓါတ်ငွေ့ဆီတစည်လျှင် အနည်းဆုံးတကျပ်နှုန်းကို အထောက်အထားပြု၍၊ (မည် သည့်နုတ်ယူခြင်းမှမဆိုလွတ်လွတ်ရှင်းရှင်း) ထုတ်လုပ်သည့်၊ ရေနံစိမ်း၊ ဓါတ်ငွေ့ဆီ၊ သို့တည်းမဟုတ် လုပ်ငန်းစဉ်ဆောင်ရွက်မခံရသော သဘာဝဓါတ်ငွေ့၏ တွင်းဝတန်ဘိုး၊ သို့တည်းမဟုတ် အရေအတွက် ၏ ၁၂ (၁/၂) ရာခိုင်နှုန်း။ ထို့ပြင်

(ခ) ဖက်စပ်ပါဝင်သည့် ထုတ်လုပ်ပစ္စည်းများ ရယူရန်လုပ်ငန်းစဉ် ဆောင်ရွက်ခံရသော သဘာဝ ဓါတ်ငွေ့အတွက် (မည်သည့်နုတ်ယူခြင်းမှမဆို လွတ်လွတ်ရှင်းရှင်း) ရယူရန် လုပ်ငန်းစဉ်ဆောင်ရွက်ပြီး နောက်၊ ကျန်နေသည့်ဓါတ်ငွေ့အကြွင်းအကျန်နှင့် ဓါတ်ငွေ့ဆီ၊ သို့တည်းမဟုတ် သဘာဝဓါတ်ငွေ့မှ ထုတ်နုတ်သည့် အခြားထုတ်လုပ်ပစ္စည်းများအားလုံး၏ တွင်းဝတန်ဘိုး၊ သို့တည်းမဟုတ် အရေအတွက် ၏ ၁၂ (၁/၂) ရာခိုင်နှုန်း။

(၂) အထက်ပါအပိုဒ် (က)နှင့် (ခ) တွင်ပြဌာန်းထားသည့် အကောက်တော်များကို၊ နိုင်ငံတော်သမတ၏ သဘောအလျောက်လုံးလုံး၊ သို့တည်းမဟုတ် အချို့အဝက်၊ ထွက်ပစ္စည်းအားဖြင့်၊ သို့တည်းမဟုတ် ငွေ ဖြင့်ပေးဆောင်ရမည်။ နိုင်ငံတော်သမတသည်၊ ပြက္ခဒိန်နှစ်အသီးသီးမကျရောက်မီ၊ ရက် ၆၀ (ခြောက် ဆယ်) အောက်မနည်းကြိုတင်၍၊ အကောက်တော်များကို၊ ငွေဖြင့်၊ သို့တည်းမဟုတ် ထွက်ပစ္စည်းဖြင့် လက်ခံမည့် အကြောင်းနှင့်စပ်လျဉ်း၍၊ မိမိရွေးချယ်ခြင်းကို၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူအား၊ နို့တစ်စာ ပေးရမည်။

တွင်းဝတန်ဘိုးအဓိပ္ပါယ်ဖေါ်ပြချက်။

၅၇။ ။ (၁) နည်းဥပဒေ ၅၆ ပါကိစ္စအလို့ငှါ၊ ရေနံစိမ်း၏ တွင်းဝတန်ဘိုးဆိုသည်မှာ၊ ပြည်ထောင်စုအတွင်း ထုတ်လုပ်သည့်နေရာမှ၊ ဈေးနှုန်းသတ်မှတ်ရာဌာနသို့ ပို့ဆောင်သည့်အတွက်၊ ကုန်ကျစရိတ်ကို လျော့ နည်းစေ၍၊ ပြည်ထောင်စုထွက် မဟုတ်သော အပြိုင်အဆိုင်ဖြစ်သည့် ရေနံစိမ်း၏ဈေးနှုန်းကို ဆိုလို သည်။ ထုတ်လုပ်သည့် နေရာဆိုသည်မှာ၊ ရေနံမြေရှိ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ၏ လုပ်ငန်းဆောင်တာ ၏ တစိတ်တဒေသဖြစ်သော နောက်ဆုံးရေနံဆီမီး သိုလှောင်ထားရာသံကန်ကို ဆိုလိုသည်။

(၂) ရေနံစိမ်းဈေးနှုန်းသတ်မှတ်ရာဌာနမှာ ပြည်ထောင်စုအတွင်း တည်ထောင်ထားသည့် ရေနံစိမ်း တင် သွင်းရန်နေရာ၌ သတ်မှတ်သည့်သိပ်သည်းဆနှင့် အတန်းအစားခြင်းတူသည့် အပြိုင်အဆိုင် ရေနံစိမ်း များအတွက်၊ တရားမျှတသည့်တန်ဘိုးကို အထောက်အထားပြု၍၊ ကမ္ဘာ့ရေနံစိမ်းတင်ပို့ရောင်းချရာ တနေရာရာဖြစ်ရမည်။

(၃) နည်းဥပဒေ ၅၆ ပါကိစ္စအလို့ငှါ လုပ်ငန်းစဉ်ဆောင်ရွက်ခံရသော သဘာဝဓါတ်ငွေ့၊ သို့တည်းမဟုတ် လုပ်ငန်းစဉ်ဆောင်ရွက်မခံရသော သဘာဝဓါတ်ငွေ့၏တွင်းဝတန်ဘိုးဆိုသည်မှာ၊ ပြည်ထောင်စုရှိ ဈေးနှုန်းသတ်မှတ်ရာဌာနသို့ သယ်ယူပို့ဆောင်ရာတွင်၊ အကြောင်းအားလျော်စွာ ကုန်ကျသည့် ဆီလျော်သော စရိတ်ကို အထောက်အထားပြ၍၊ တွင်းဝတွင်တွက်ချက်ဘိသကဲ့သို့၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူက လက်ခံရရှိသော ဈေးကို ဆိုလိုသည်။

(၄) နည်းဥပဒေ ၅၆ ပါကိစ္စအလို့ငှါ၊ ဓါတ်ငွေ့ဆီ၊ သို့တည်းမဟုတ် သဘာဝဓါတ်ငွေ့မှထုတ်နုတ်သော အခြားထုတ်လုပ်ပစ္စည်းများ၏ တွင်းဝတန်ဘိုးဆိုသည်မှာ၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူက၊ တွင်းဝတွင် လက်ခံရရှိသည့်၊ အသားတင်ရငွေကို ဆိုလိုသည်။ ဓါတ်ငွေ့ဆီကို ရေနံစိမ်းနှင့်ရောနှောလျှင်၊ ၎င်းကို ရေနံ စိမ်းအဖြစ် မှတ်ယူရမည်။ ထို့ပြင်အကောက်တော်ကို ထိုသို့မှတ်ယူသည့်အတိုင်း၊ ထိုသို့ ရောနှောသည့် အခြင်အတွယ်ပေါ်တွင်ပေးဆောင်ရမည်။

(၅) ဖက်စပ်ပါဝင်သည် ထုတ်လုပ်ပစ္စည်းများအရယူရန် လုပ်ငန်းစဉ်ဆောင်ရွက်ခံရသော သဘာဝဓါတ် ငွေ့အတွက်၊ ဘဏ္ဍာတော်မင်းကြီးသည် ဓါတ်ငွေ့ကုဗပေ တထောင်လျှင်၊ တွင်းဝတွင်စုစုပေါင်းတန်ဘိုးကို သတ်မှတ်နိုင်သည်။

ရေနံစိမ်းတွင်းဝတန်ဘိုးသတ်မှတ်ရန်အဖွဲ့။

၅၈။ ။ နည်းဥပဒေ ၅၆ နှင့် ၅၇ အရ၊ ရေနံစိမ်းတွင်းဝတန်ဘိုးကို၊ အောက်ပါအဖွဲ့ဝင်လူကြီးများပါဝင် သော အဖွဲ့က၊ သုံးလတကြိမ်သတ်မှတ်ရမည်။

(၁) ဘဏ္ဍာတော်မင်းကြီး၊

(၂) ညွှန်ကြားရေးဝန်၊ မြန်မာနိုင်ငံတော်ဘူမိဗေဒဌာန၊

(၃) ညွှန်ကြားရေးဝန်၊ သတ္တုတွင်းဌာန၊ ထို့ပြင်၊

(၄) နိုင်ငံတော်သမတက အမည်တင်သွင်းသည့် ရေနံကုမ္ပဏီများမှ ကိုယ်စားလှယ်လူကြီးနှစ်ဦး။

ဘဏ္ဍာတော်မင်းကြီးသည်၊ အဖွဲ့၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌက အဖွဲ့၏အတွင်းရေးမှူးအ ဖြစ် ဆောင်ရွက်ရန်၊ သူတဦးတယောက်အားခန့်ထားရမည်။

အဖွဲ့ကသတ်မှတ်သည့် တွင်းဝတန်ဘိုးကို မြန်မာနိုင်ငံပြန်တမ်းတွင် ကြေညာရမည်။

ဓါတ်ငွေ့ဆီနှင့်သဘာဝဓါတ်ငွေ့အတွက်ပေးရန်ရှိသော အကောက်တော်ကိုမည်သို့တွက်ချက်ပုံ။

၅၉။ ။ အုပ်ချုပ်ရေးကိုင်၎င်း၊ တွင်းဝတွင်ဓါတ်ငွေ့ဆီကို၊ တစည်အားဖြင့်ဖြစ်စေ၊ သဘာဝဓါတ်ငွေ့ကို ကုဗ ပေတထောင်အားဖြင့်ဖြစ်စေ အကောက်တော် တွက်ချက်ခြင်းကို၎င်း၊ လွယ်ကူစိမ့်သောငှါ၊ မည်သည့်လ အတွက်မဆို၊ တမျိုးမျိုး၏တန်ဘိုးမှာ အထက်တွင်ဖေါ်ပြရာမှုများနှင့် အညီတွက်ချက်သည့်၊ အလျင်လ အတွက် တမျိုးမျိုး၏စုစုပေါင်းတွင်းဝတန်ဘိုးကို၊ အဆိုပါအလျင်လအတွက်စုစုပေါင်းဖြစ်သည့်၊ ဓါတ်ငွေ့ ဆီစည်များ အရေအတွက်ဖြစ်စေ၊ သဘာဝဓါတ်ငွေ့ကုဗပေတထောင် စုစုပေါင်းဖြစ်စေ ဆိုင်သင့်ရာရာနှင့် စားခြင်းဖြစ်ရမည်။

အကောက်တော်မည်သည့်အခါ၌ ပေးဆောင်ရခြင်း။

၆၀။ ။ အကောက်တော်များအရပ်ရပ်ကို၊ ဒုတိယ တဆက်တည်းဖြစ်သော ပြက္ခဒိန်လပဌမနေ့တွင်ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ ပေးသွင်းရမည်။

Myanmar Law Information System (MLIS)

မတိုင်းတာမီ မယူဆောင်ရ။

၆၁။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ထုတ်လုပ်ရယူသည့်မည်သည့် ရေနံစိမ်း၊ ဓါတ်ငွေ့၊ ဓါတ်ငွေ့ဆီ၊ သို့တည်းမဟုတ် အခြားထုတ်လုပ်ပစ္စည်းကိုမျှ မတိုင်းတာရသေးမီ လုပ်ကိုင်ခွင့်ရသည့် နယ်ပယ်များပေါ် မှ ယူဆောင်မသွားရ။

ရေနံစိမ်း၊ ဓါတ်ငွေ့၊ သို့တည်းမဟုတ် ဓါတ်ငွေ့ဆီအတွက် တိုင်းတာရန် အသုံးပြု ကိရိယာများ စီမံထားရှိ ခြင်း။

၆၂။ ပေးဆောင်ရန်ရှိသည့် အကောက်တော်တွက်ချက်ရန်အတွက် ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ထုတ်လုပ်သည့်၊ ရောင်းချသည့်၊ သို့တည်းမဟုတ် ပြောင်းရွှေ့သည့် စုစုပေါင်း ရေနံစိမ်း၊ ဓါတ်ငွေ့၊ သို့ တည်းမဟုတ် ဓါတ်ငွေ့ဆီအခြင်အတွယ်ကို အမှန်သိရှိရန်ကိစ္စအလို့ငှါ၊ ကော်လိတ်တော်အရာရှိ၊ သို့တည်း မဟုတ် ရေနံဝန်ကစာဖြင့်ရေးသားလက်ခံအတည်ပြုသည့်သံကန်များပိုက်များ ၊ မီတာများနှင့် အခြားသုံး ပြုကိရိယာများကို၊ ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်ကစာဖြင့်ရေးသားလက်ခံအတည် ပြုသည့်နေရာတွင်စီမံ၍၊ အခါခပ်သိမ်းထားရှိရမည်။ ထို့ပြင် အဆိုပါသံကန်များ၊ ပိုက်များ၊ မီတာများနှင့် အခြားအသုံးပြုကိရိယာများသို့ ထည့်သွင်းသည့်၊ သို့တည်းမဟုတ် ၎င်းတို့မှထုတ်ယူသည့်ရေနံစိမ်း၊ ဓါတ်ငွေ့၊ ဓါတ်ငွေ့ဆီအခြင်အတွယ်ကို၊ ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်ကစာဖြင့် ရေးသားလက်ခံအတည်ပြုသည့်အချိန်များ၌ အမှန်သိအောင်ပြုလုပ်ရမည့်ပြင်၊ ဘဏ္ဍာတော်မင်းကြီး စာဖြင့်ရေးသားလက်ခံအတည်ပြုသည့်၊ ပုံစံ ၊ သို့တည်းမဟုတ် မူအတိုင်း၊ ၎င်းအခြင်အတွယ်များ၏ မှန်ကန်၍နား လည်နိုင်သည့် မှတ်တမ်းများထားရမည်။ ထို့ပြင် အထက်တွင်ပြောဆိုခဲ့သော ရေနံစိမ်း၊ ဓါတ်ငွေ့၊ သို့တည်းမဟုတ် ဓါတ်ငွေ့ဆီအခြင်အတွယ်အမှန်သိအောင် ပြုလုပ်သည့်အချိန်တွင် ကော်လိတ် တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်၊ သို့တည်းမဟုတ် ၎င်းက ဤကိစ္စအတွက် အာဏာအပ်နှင်း ထားသည့် မည်သည့်အရာရှိမဆိုအား၊ လာရောက်ရှိနေခွင့်ပြုရမည့်ပြင်၊ ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူ ထားရှိသည့်မှတ်တမ်းများကို စစ်ဆေးစေရန်ကိုင၎်း၊ ထိုမှတ်တမ်းများ၏ မိတ္တူများကူးယူရန်၊ သို့တည်းမဟုတ် မှတ်တမ်းများမှကောက်နုတ်ချက်ထုတ်နုတ်ရန်ကိုငင်း ခွင့်ပြုရမည်။ ရေနံဓါတ်လုပ်ကိုင် ခွင့်ရသည့်နယ်ပယ်များမှ ထုတ်လုပ်သည့်ရေနံစိမ်း၊ ဓါတ်ငွေ့၊ သို့တည်းမဟုတ် ဓါတ်ငွေ့ဆီအားလုံးကို၊ အဆိုပါသံကန်များ၊ ပိုက်များ၊ မီတာများ၊ သို့တည်းမဟုတ်အခြားအသုံးပြုကိရိယာများအတွင်း ဖြတ် သန်းသွားစေရမည်။ ထို့ပြင်အဆိုပါသံကန်များ၊ ပိုက်များ၊ မီတာများ၊ သို့တည်းမဟုတ် အခြားအသုံးပြု ကိရိယာများ အတွင်း ထည့်သွင်းသည်နှင့် ၎င်းတို့မှ ထုတ်ယူသည့်၊ ရေနံစိမ်း၊ ဓါတ်ငွေ့၊ သို့တည်းမဟုတ် ဓါတ်ငွေ့ဆီကို အုပ်ချုပ်ခြင်း၊ မှတ်သားထားခြင်းနှင့် စစ်ဆေးခြင်းအတွက် ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်၏ ဆင့်ဆိုချက်အားလုံးကို၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ အခါခပ်သိမ်း ခံယူလိုက်နာ ဆောင်ရွက်ရမည်။

ကြည့်ရှုစစ်ဆေးရန်ခွင့်ပြုခြင်း၊ မမှန်သည့်တိုင်းတာရန်အသုံးပြုကိရိယာများနှင့် တိုင်းတာသည့် နည်းပြောင်းလဲခြင်းချုတ်ချယ်ချက်။

၆၃။ ( ၁) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်၊ သို့တည်း မဟုတ် ၎င်းက ဤကိစ္စအတွက် အာဏာအပ်နှင်းထားသည့် မည်သည့်အရာရှိမဆိုအားဖြစ်စေ၊ နည်း ဥပဒေ ၆၂ အရ၊ လိုအပ်သည့်အတိုင်း၊ စီမံထားရှိသောသံကန်၊ ပိုက်၊ မီတာ၊ သို့တည်းမဟုတ် အခြား အသုံးပြုကိရိယာ အသီးသီးမှာ မှန်ကန်သည်၊ မမှန်ကန်သည်၊

လိုသည့်အလျောက် ပြုပြင်ထားသည်၊ မထားသည်နှင့်သုံးစွဲနိုင်သည်၊ မနိုင်သည်ကို အမှန်သိရန်အလို့ငှါ မည်သည့်အခါ၊ သို့တည်းမဟုတ် အခါ များ၌မဆို စစ်ဆေးစမ်းသပ်ခွင့် ပြုရမည်။ ထို့ပြင်၊ အဆိုပါ မည်သည့်စမ်းသပ်၊ သို့တည်းမဟုတ် စစ်ဆေး ရာတွင်မဆို၊ အဆိုပါသံကန်၊ ပိုက်၊ မီတာ ၊ သို့တည်းမဟုတ် အခြားအသုံးပြုကိရိယာတခုခုကို၊ မမှန် ကြောင်း၊ သို့တည်းမဟုတ် လိုသည့်အလျောက်ပြုပြင်မထားရှိကြောင်း၊ သို့တည်းမဟုတ် ပျက်ယွင်း ကြောင်းတွေ့ရလျှင်၊ ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်သည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူ၏ စရိတ်ဖြင့်၊ ၎င်းတို့ကို ကိုက်ညီအောင် နေရာတကျတပ်ဆင်စေရန်၊ ပျက်ကွက်ရာပြင်စေရန်နှင့် သုံးစွဲနိုင်သော အခြေအနေသို့ရောက်ရှိစေရန် ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူအား ဆင့်ဆိုနိုင်သည်။

(၂) တိုင်းတာသည့်၊ သို့တည်းမဟုတ် ချိန်တွယ်သည့်အသုံးပြုကိရိယာတခုခုသည် မမှန်ကြောင်း၊ သို့ တည်းမဟုတ် မတိကျကြောင်းကို၊ မည်သည့်အခါ၌မဆို တွေ့ရှိလျှင်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ၏ စာ ဖြင့်ရေးသား၍၊ ဖေါ်ပြချက်တစုံတရာကို၊ စဉ်းစားဆင်ခြင်ပြီးနောက် ကော်လိတ်တော်အရာရှိ၊ သို့တည်း မဟုတ် ရေနံဝန်က ယင်းသို့ဆုံးဖြတ်လျှင်၊ အဆိုပါအသုံးပြုကိရိယာသည်၊ ထိုသို့မတွေ့ရှိမီ၊ သုံးလကာလ အပိုင်းအခြား၊ သို့တည်းမဟုတ် အဆိုပါအသုံးပြုကိရိယာများကို၊ နောက်ဆုံးစစ်ဆေးပြီး၊ သို့တည်းမ ဟုတ် စမ်းသပ်ပြီးနောက်ကာလအပိုင်းအခြား၊ ၎င်းကာလအပိုင်းအခြားနှစ်ခုအနက်၊ နည်းရာကာလ အပိုင်းအခြားအတွင်း၊ အဆိုပါ အခြေအနေအတိုင်း တည်ရှိခဲ့သည်ဟု ထင်မှတ်ရမည်။ ထိုသို့ ထင်မှတ် သည်နှင့်လျော်ညီစွာ အဆိုပါကာလအပိုင်းအခြားနှင့်စပ်လျဉ်း၍၊ ပေးဆောင်ရန်ရှိသည့် အကောက်တော် များကို ညှိနှိုင်းရမည်။

(၃) မည်သည့် ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူမျှ၊ ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်အား၊ ရှေ့ဦးစွာအကြောင်းမကြားဘဲ၊ မိမိအသုံးပြုသည့်၊ တိုင်းတာသည့်၊ သို့တည်းမဟုတ် ချိန်တွယ်သည့်နည်း၊ သို့တည်းမဟုတ် နည်းများကိုသော်၎င်း၊ ထိုကိစ္စအတွက်အသုံးပြုသည့် အသုံးပြုကိရိယာ တခုခုကိုသော် ၎င်း၊ ပြောင်းလဲခြင်းတစုံတရာမပြုလုပ်ရ။ ထို့ပြင် ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန် သည် မည်သည့်အခါမဆို၊ ၎င်း၏၊ သို့တည်းမဟုတ် ၎င်းက ဤကိစ္စအတွက် အာဏာအပ်နှင်းသည့်အရာ ရှိတဦး၏ ရှေ့မှောက်၌မှတပါးမည်သည့် ပြောင်းလဲခြင်းကိုမျှ မပြုလုပ်ရန်ဆင့်ဆိုနိုင်သည်။

ရေနံဓါတ်ငွေ့ဆီနှင့် ဓါတ်ငွေ့အတွက်နှင့် အကောက်တော်များလစဉ်အစီရင်ခံစာ။

၆၄။ ရေနံဓါတ် လုပ်ကိုင်ခွင့်ရသူသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့် ရရှိထားသည့် နယ်ပယ်မှထုတ်လုပ်သည့် ရေနံ၊ ဓါတ်ငွေ့ဆီ၊ ဓါတ်ငွေ့နှင့် အခြားထုတ်လုပ်ပစ္စည်းများ၏ အရေအတွက်ကိုင၎်း၊ ၎င်းတို့ကို ရောင်းချ သည့်၊ သို့တည်းမဟုတ် ပြောင်းရွှေ့သည့်အရေအတွက်ကိုင၎်း၊ ၎င်းတို့မှ ပြည်ထောင်စုအတွက်ဖြစ်ထွန်း တိုးပွါးလာသည့် အကောက်တော်များကိုင၎်း၊ ဖေါ်ပြသည့် လစဉ်အစီရင်ခံစာကို၊ ခြောက်စောင်တွဲပြုလုပ် ၍၊ ဘဏ္ဍာတော်မင်းကြီးက သတ်မှတ်သည့်ပုံစံဖြင့် ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်ထံ သို့ တင်သွင်းရမည်။

ရေနံဓါတ်တိုင်းတာရန်နှင့် အကောက်တော်တွက်ချက်ရန် အမိန့်များ။



Myanmar Law Information System (MLIS)

၆၅။ ။ ဘဏ္ဍာတော်မင်းကြီးသည်၊ နည်းဥပဒေများဆိုင်ရာ၊ ဤအပိုင်းနှင့်အညီ၊ ရေနံဓါတ်နှင့် ၎င်းမှအရ ယူသည့်ဖက်စပ်ပါဝင်သော ထုတ်လုပ်ပစ္စည်းများကို တိုင်းတာရာ၌၎င်း၊ ၎င်းတို့ပေါ်၌၊ အကောက်တော် များကို တွက်ချက်ရာ၌၎င်း အသုံးပြုရန်နည်းစံနစ်များနှင့် နည်းလမ်းများကို "အမိန့်" အားဖြင့်သတ် မှတ်နိုင်သည်။

## အပိုင်း ၉

## တွင်းလုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ

ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ဖြုန်းတီးမှုစသည်များ မပြုရခြင်း။

၆၆။ ။ ဤနည်းဥပဒေများအရ၊ ရယူသည့်ရေနံဓါတ် အစိုင်အခဲများကို ထုတ်လုပ်ရာတွင်၊ ရေနံဓါတ်လုပ် ကိုင်ခွင့်ရသူသည်-

(က) ဖြုန်းတီးမှုမပြုရ၊ သို့တည်းမဟုတ် ဖြုန်းတီးမှုကို ခွင့်မပြုရ။

(ခ) အများဆုံးအန္တိမရေနံ ဓါတ် အရယူခြင်းကို ဖြစ်မြောက်စေရန်၊ ခေတ်မှီ၍၊ စေ့စပ်ပြီး နည်းလမ်းကျ သည့်လုပ်ငန်းဆောင်တာများနှင့်ဓလေ့ထုံးစံအားလုံးကို အသုံးပြုရမည်။ ထို့ပြင်

(ဂ) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူနှင့် အိုင်တခုတည်းတွင် ကိုယ်ကျိုးထောက်ထားစရာရှိသည့် အခြားရေနံ ဓါတ်လုပ်ကိုင်ခွင့်ရသူ တဦးတယောက်၏ အခွင့်အရေးများကို၎င်း၊ အိုင်မှထုတ်ယူခွင့်ပြုနိုင်သည့်အထွက် အနက်၊ အဆိုပါရေနံဓါတ် လုပ်ကိုင်ခွင့်ရသူ၏ ဆိုင်ရာဝေစုရယူရန် အခွင့်အရေးကို ၎င်း၊ အဆက်မပြတ် ထောက်ထားရမည်။

စုံစမ်းရန် အရပ်ရပ်အာဏာများ။

၆၇။ ။ နည်းဥပဒေ ၆၆ ပါပြဋ္ဌာန်းချက်များကို၊ ပြီးမြောက်အောင် ဆောင်ရွက်ရန် ကိစ္စအလို့ငှါ၊ နိုင်ငံတော် သမတသည်၊ လူခပ်သိမ်းတို့အပေါ်တွင်၎င်း၊ အများပြည်သူဆိုင်ရာ ဥစ္စာပစ္စည်းနှင့်ကိုယ်ပိုင်ဥစ္စာပစ္စည်း အရပ်ရပ်ပေါ်တွင်၎င်း၊ အာဏာနှင့်အခွင့်အာဏာရှိရမည်။ ထို့ပြင်၊ ပြည်ထောင်စုအတွင်း ရေနံဓါတ်၊ သို့ တည်းမဟုတ် ၎င်းမှတဆင့် ရရှိသည့်ထုတ်လုပ်ပစ္စည်း တခုခုရရှိရန်အတွက် တူးဖေါက်ခြင်း(Drilling) နှင့်၎င်း၊ ၎င်းတို့၏ ပင်ရင်းအခြေအမြစ်များ (Resources နှင့်ဖြစ်ပေါ်နေခြင်း(Occurrence)နှင့်၎င်း၊ ၎င်းတို့ကိုထုတ်လုပ်ခြင်း(Production)၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးဝေငှခြင်း၊ လွှဲအပ်ခြင်းနှင့် လုပ်ငန်းစဉ်ဆောင်ရွက်ခြင်း (Processing) နှင့် သက်ဆိုင်သည့်အရေးကိစ္စ၊ သို့တည်းမဟုတ် အကြောင်း တခုခုနှင့်စပ်လျဉ်း၍၎င်း၊ နိုင်ငံတော်သမတက သင့်တော်သည်ဟုထင်မြင်ယူဆသည့် နေရာများတွင်၊ သင့်တော်သည်ဟု ထင်မြင်ယူဆသည့်အချိန်ကာလများနှင့် နည်းလမ်းအတိုင်းစုံစမ်းမှုများနှင့် စုံစမ်း စစ်ဆေးမှုများပြုလုပ်နိုင်သည်၊ သို့တည်းမဟုတ် ပြုလုပ်စေနိုင်သည်။ နိုင်ငံတော်သမတမှာ၊ ၎င်းအား ဤနည်းဥပဒေများအရ၊ ပေးအပ်ထားသည့် တာဝန်ဝတ္တရားများအလုပ်ဝတ္တရားများနှင့် အာဏာများအရ၊ ဆောင်ရွက်ခြင်း၊ သို့တည်းမဟုတ်၊ ပြုလုပ်ခြင်းငါ၎င်းက လိုအပ်သည်၊ သို့တည်းမဟုတ် သင့်တော်သည်၊ သို့တည်းမဟုတ် စပ်ဖက်တွဲလျက်ရှိသည်ဟု ထင်မြင်ယူဆသည်ကို အမိန့်ချမှတ်၊ သို့တည်းမဟုတ် ထုတ်ဆင့်နိုင်သည်။ ထို့ပြင် မည်သည့်အရေးယူခြင်းကိုမဆို ပြုလုပ်နိုင်သည်။

ရှင်းလင်းကြောင်းသက်သေခံလက်မှတ်များ။

Myanmar Law Information System (MLIS)

၆၈။ ။ နိုင်ငံတော်သမတသည်၊ ပြည်ထောင်စုအတွင်းဖြစ်စေ၊ ပြည်ပသို့တင်ပို့ရန်ကိစ္စများအတွက်ဖြစ်စေ ရေနံဓါတ်၊ သို့တည်းမဟုတ် ၎င်းမှရရှိသည့် ထုတ်လုပ်ပစ္စည်းတခုခု၏ အခြင်အတွယ်နှင့်၎င်း လွဲအပ်ခြင်း နှင့်၎င်းစပ်လျဉ်း၍၊ ရှင်းလင်းကြောင်းသက်သေခံလက်မှတ်များကို တောင်းဆိုနိုင်သည်။

မီတာဖြင့်တိုင်းတာခြင်း၊ သို့တည်းမဟုတ် အခြားတိုင်းတာခြင်း။

၆၉။ ။ နိုင်ငံတော်သမတသည်၊ ပိုက်လိုင်းများစုသိမ်းရန် စီမံထားရာများ၊ လမ်းဆုံးကြီးများ၊ ဝန်တင်ရန် စင်များ၊ ချေးချွတ်စက်ရုံများ၊ သို့တည်းမဟုတ်အခြားနေရာများတွင် ရေနံဓါတ်၊ သို့တည်းမဟုတ် ၎င်းမှရ ရှိသည့် ထုတ်လုပ်ပစ္စည်းတခုခုကို မီတာဖြင့်တိုင်းတာခြင်း၊ သို့တည်းမဟုတ် အခြားတိုင်းတာခြင်းကို ဆင့်ဆိုနိုင်သည်။

လုပ်ငန်းဆောင်တာများကို စည်းမျဉ်းတကျ ဖြစ်စေခြင်း။

၇၀။ ။ သက်ဆိုင်ရာ ကိုယ်ကျိုးထောက်ထားစရာရှိသည့်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူများက၊ ပြုလုပ်ခွင့်ရှိ သည့် ဖေါ်ပြချက်များကို အထောက်အထားပြု၍ နိုင်ငံတော်သမတ၏ ဆောလျင်စွာဆောင်ရွက်ရန် အခွင့်အရေးကို ချုတ်ချယ်ခြင်းမပြုဘဲ၊ သို့တည်းမဟုတ် နည်းဥပဒေ ၆၇ ၏ ယေဘုယျသဘောကို မထိ ခိုက်စေဘဲ၊ နိုင်ငံတော်သမတသည် "အမိန့်" ဖြင့်-

(က) ရေနံဓါတ်မြေ( Petroleum field) အိုင်၊ သို့တည်းမဟုတ် ဇုန်တစုံတရာနှင့် စပ်လျဉ်း၍-

(၁) တွင်းများအကွာအဝေး စီစဉ်ခြင်း၊ စီးဆင်းစုများဖွဲ့စည်းခြင်းနှင့် ထုတ်လုပ်ရန် ကြံရွယ်သည့် ဒေသ များနေရာချခြင်း။

(၂) တွင်းတခု၊ သို့တည်းမဟုတ် တွင်းများကို ထုတ်လုပ်ရန် ခွင့်ပြုနိုင်သည့် အများဆုံးနှုန်း။

(၃) တွင်းများ တူးဖေါက်ခြင်း (Drilling) တွင်းများ ပိတ်ဆို့ခြင်း(Plugging)၊ တွင်းများကို ထုတ်လုပ် ရန် အခြေဖြစ်စေခြင်းနှင့် ရေနံဓါတ်ထုတ်လုပ်ရန် အခြားလုပ်ငန်း ဆောင်တာများအားလုံး၊

(၄) ဓါတ်ငွေ့ရွှေ့ပြောင်းလည်ပတ်ခြင်း (Cycling of gas)၊ ဖိအားတည်တန့်အောင် ပြုခြင်း (Maintenance of Pressure) နှင့် ရေနံဓါတ်ထုတ်လုပ်သည့် ကျောက်ထုများထဲသို့ဓါတ်ငွေ့၊ ရေ ၊ သို့ တည်းမဟုတ် အခြားအရာဝတ္ထုများ ထည့်သွင်းခြင်း(Introduction of gas, water or other substances into pertoluem producing formations) အပါအဝင်၊ အန္တိမ ရေနံဓါတ်အရယူခြင်း (Ultimate recovery) ကို ပိုမိုစေရန် လုပ်ငန်းဆောင်တာများ။

(၅) တွင်းများ၏ ရေနံဓါတ်ထွက်နေသည့်ကျောက်ထုကို ပေါက်ကွဲစေတတ်သော အရာဝတ္ထုများနှင့် ပစ် ပေါက်ခြင်း (Shooting)၊ ဓါတ်ပစ္စည်းနှင့်ပြုပြင်ခြင်း (Chemical treatment)၊ ထိုပြင်အက်ကွဲစေခြင်း (Fracturing)။

(၆) လွန်အူတိုင်စာများ(Cores) ယူခြင်း၊ အထူးမှတ်စဉ်များ (Special logs) ပြုလုပ်ခြင်းနှင့် လွန်အူ တိုင်စာများစီစစ်မှုအစီရင်ခံစာများ(Analysis reports) ကိုဌာနသို့တင်သွင်းခြင်း။

(၇) လှောင်ရာနေရာစွမ်းအင် (Recervoir energy) ကို၎င်း၊ ရေနံဓါတ်ငွေ့၊ အခြားဓါတ်သတ္တုအဆိုင်အခဲများ၊ သို့တည်းမဟုတ် ရေ၊ တည်ရှိခြင်း၊ အခြင်အတွယ်နှင့် အမျိုးအစားကို၎င်း၊ တွင်းတတွင်း၏တည့် မတ်ချက်မှ စွေစောင်းနေခြင်း (Deviation of well ၏ပမာဏနှင့်ဒိသာကို၎င်း၊ သို့တည်းမဟုတ် ကျောက်ထု (Formation ၊



Myanmar Law Information System (MLIS)

တွင်းနံရံပိုက် (Casing)၊ ကွတ်ပိုက်(Tubing) အတွင်းရှိ သို့တည်းမဟုတ် အခြားဖိအားများ (Pressures) ကိုင်ငင်း၊ သိသာအောင်ပြုလုပ်ရန်အတွက်၊ နိုင်ငံတော်သမတ၌၊ အကုန် အကျမရှိစေဘဲ၊ လက်ခံနိုင်မည့်နည်းလမ်းဖြင့် လုံလောက်သောစမ်းသပ်မှု၊ သို့တည်းမဟုတ် တိုင်းထွာမှု များပြုလုပ်ခြင်း။ ထို့ပြင်

(ß) ရေ၊ ဆားရေ၊ အနှစ်အနည်နှင့် အခြားရေနံဓါတ်မြေ အသုံးမရသော ပစ္စည်းများကို ပယ်ရှင်းပစ် ခြင်းအတွက် စည်းမျဉ်းတကျဖြစ်စေနိုင်၍၊ ပြဋ္ဌာန်းချက်များပြုလုပ်နိုင်သည်။

(ခ) ဖြုန်းတီးမှုကာကွယ်ခြင်းကို မဆန့်ကျင်စေဘဲ၊ ရေနံနှင့်ဓါတ်ငွေ့ထုတ်လုပ်ခြင်းကို စည်းမျဉ်းတကျ ဖြစ်စေနိုင်သည်။ ကန့်သတ်နိုင်သည်။ ထို့ပြင်ခွဲဝေချထားနိုင်သည်။

(ဂ) ဤနည်းဥပဒေများနှင့်သက်ဆိုင်စေရန်၊ သို့တည်းမဟုတ် ဤနည်းဥပဒေများကို အတည်ပြုရန် လိုအပ်သည်ဟု ထင်မြင်ယူဆသည့်အချက်တွင်၊ ရေနံတွင်း၊ သို့တည်းမဟုတ်ဓါတ်ငွေ့တွင်းဟူ၍၊ တွင်း များကိုအမျိုးအစားခွဲ ခြားသတ်မှတ်နိုင်သည်။

(ဃ) ရေဖုံးလွှမ်းသည့်နယ်ပယ်များတွင်၊ တူးဖေါက်သည့်လုပ်ငန်းဆောင်တာများဆောင်ရွက်ခွင့်ရှိရန် စည်းကမ်းချက်များအပြင်၊ အဆိုပါလုပ်ငန်းဆောင်တာများတွင်ဆောင်ရွက်ရမည့်၊ မည်သည့်အထူးစီမံ ချက်များကိုမဆို သတ်မှတ်နိုင်သည်။

(င) မည်သည့်တွင်း၊ သို့တည်းမဟုတ် တွင်းများမှမဆို၊ ရေနံနှင့်အတူထုတ်လုပ်သည့်ဓါတ်ငွေ့၊ သို့တည်း မဟုတ် ရေအခြင်အတွယ်ကိုကန့်သတ်နိုင်သည်။ ထို့ပြင် ထိုသို့ကန့်သတ်ထားသည့် ဓါတ်ငွေ့၊ သို့တည်း မဟုတ် ရေအခြင်အတွယ်ထက်ပို၍၊ ဓါတ်ငွေ့၊ သို့တည်းမဟုတ် ရေထွက်သည့်မည်သည့်တွင်း၊ သို့တည်း မဟုတ် တွင်းများမှမဆို၊ ရေနံအထွက်ကို ကန့်သတ်နိုင်သည်။

(စ) သီးခြားဖေါ်ပြထားသည့် အရပ်ဒေသတခုခုကို၊ အိုင်၊ သို့တည်းမဟုတ် ရေနံဓါတ်မြေအဖြစ် သိသာ ရန်ဖေါ်ပြ၍၊ ခွဲခြားပြနိုင်သည်။ ထို့ပြင်

(ဆ) ဖြုန်းတီးမှုကာကွယ်ရန်လိုအပ်သည့် အခြားအရေးယူခြင်းများပြုလုပ်နိုင်သည်။

ကျောက်ထုနမူနာများ (formation samples) နှင့် လွှန်အူတိုင်စာများ cores မယူမနေရခြင်း။

၇၁။ ။ (၁) (က) ဌာနမှအခြားနည်းမညွှန်ကြားလျှင်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ တွင်း၊ သို့တည်းမ ဟုတ် ဘူမိဗေဒဗဟုသုတလွှန်ပေါက်တူးဖေါက်ရာ၌၊ အနက်ဆယ်ပေကြားနေရာ၊ သို့တည်းမဟုတ် ဌာနမှ ညွှန်ကြားသည့်အတိုင်းအခြားကြားနေရာ၌ ၊ လွှန်ထိုးဖေါက်သွားသည့်ကွဲလွဲသော ကျောက်ထုအမျိုးမျိုး တို့၏ အစဉ်အတိုင်းလိုက် သည့်နမူနာများကိုရယူ၊ ထိန်းသိမ်းပြုပြင်ထားရှိစေရမည်။ ထို့ပြင်

(ခ) နမူနာများကို ဆေးကြော၍၊ ခြောက်သွေ့အောင်ပြုပြီးလျှင်၊ အိတ်များတွင် မပျက်စီးအောင် ထိန်းသိမ်းထားရှိ၍၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွှန်ပေါက်၏အမည်နှင့် အနက်ကြား နေရာကိုတိကျစွာဖေါ်ပြသည့်၊ စက္ကူချပ်တွယ်ကပ်ခါ၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွှန် ပေါက်တူးဖေါက်၊ သို့တည်းမဟုတ် တိုးနက်အောင်တူးဖေါက် ခွင့်ထုတ်ပေးသည့်အခါ၌၊ ဌာနကသိသာ ရန်ဖေါ်ပြသည့်နေရာသို့၊



Myanmar Law Information System (MLIS)

တွင်းတူးစက်စွန့်လွှတ်ပြီးနောက်၊ ရက် ၃၀ (သုံးဆယ်) အတွင်း၊ ရေနံဓါတ် လုပ်ကိုင်ခွင့်ရသူ၏စရိတ်ဖြင့် ဆောလျှင်စွာပေးအပ်ရမည်။

(၂) (က) လွန်အူတိုင်စာပြောင်း (Core barrel) မှထုတ်ယူသည့် လွန်အူတိုင်စာအားလုံးကို အောက်ပါ အပိုဒ် (ဃ) တွင်၊ သီးခြားဖော်ပြသည့် အရွယ်နှင့်အမျိုးအစားရှိ၊ လွန်အူတိုင်စာသေတ္တာများတွင် မှန်ကန်သည့်ထရဗေဒဆိုင်ရာအစီအစဉ်အရ၊ အကန့်လိုက်ထည့်ရမည်။ ထို့ပြင် လွန်အူတိုင်စာ၏အမှတ် နှင့်ကြားနေရာ၊ လွန်အူတိုင်စာ၏ အထက်အောက်နှင့်အရယူသည့် လွန်အူတိုင်စာရာခိုင်နှုန်း၊ လွန်အူတိုင် စာရယူသည့်တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်၏အမည်ကို သေတ္တာအသီးသီး၏ အဖုံးပေါ်တွင်မဟုတ်ဘဲ၊ သေတ္တာကိုယ်တွင် တည့်ကျစွာဖော်ပြသည့် စက္ကူချပ်တွယ်ကပ်ထားရမည်။

(ခ) လွန်အူတိုင်စာအားလုံးကိုခိုးဝှက်ခံရခြင်း၊ သို့တည်းမဟုတ်အလွဲနေရာချထားခြင်းမှကာကွယ် စောင့်ရှောက်ရမည့်ပြင်၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်တူးဖေါက်၊ သို့တည်း မဟုတ် တိုးနက်အောင်တူးဖေါက်ခွင့်လက်မှတ်တွင်သိသာရန်ဖေါ်ပြသည့်နေရာသို့၊ ရေနံဓါတ်လုပ်ကိုင် ခွင့်ရသူကတွင်းတူးစက်စွန့်လွှတ်ပြီးနောက်၊ ရက်သုံးဆယ်အတွင်းတန်ဆာခကြိုတင်ပေးပြီး ပေးအပ်ရ မည်။

(ဂ) စီစစ်ခြင်းကိစ္စများအလို့ငှါ၊ အကြောင်းအားလျော်စွာ လိုအပ်သည့်အစိတ်အပိုင်းမှတပါး၊ မည်သည့် လွန်အူတိုင်စာများကိုမျှ ဌာန၏သဘောတူညီချက်မရရှိဘဲ၊ ဖျက်ဆီးခြင်းမပြုရ။

(ဃ) စီစစ်ခြင်းကိစ္စများအလို့ငှါ၊ တော်သင့်ရုံလိုအပ်သည့် အစိတ်အပိုင်းမှတပါး၊ လွန်အူတိုင်စာအား လုံးကို ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူက၊ အောက်ပါအရွယ်ရှိ သစ်သားသေတ္တာများတွင် ထည့်သွင်း၍ ဌာန သို့ တန်ဆာခကြိုတင်ပေးပြီးပေးပို့ရမည်။

(၁) အလျား၂ (၁/၂) ပေ (နှစ်ပေနှစ်ပိုင်းတပိုင်း) ။

(၂) အနံ၊ လွန်အူတိုင်စာနှစ်တန်းအတွက် လုံလောက်ရမည်၊ ထို့ပြင်

(၃) ထု၊ လွန်အူတိုင်စာတတန်းအတွက် လုံလောက်ရမည်။

(င) (၁) စီစစ်ခြင်းကိစ္စများ (analytical purposes) အလို့ငှါ၊ တော်သင့်ရုံ လိုအပ်သည့် အစိတ် အပိုင်းများမှတပါး၊ ဌာန၏သဘောတူညီချက်မရရှိဘဲ၊ မည်သည့်လွန်အူတိုင်စာကိုမျှ၊ ပြည်ထောင်စုမှ ထုတ်ယူခြင်းမပြုရ။

(၂) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသည့် နယ်ပယ်များအတွင်း တူးဖေါက်သည့်တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်များမှ၊ ရယူသည့်မည်သည့်လွန်အူတိုင်စာများကိုမဆို ပြုလုပ်သည့်စီစစ် ခြင်းအားလုံး၏မိတ္တူသုံးဆောင်ကို၊ အဆိုပါစီစစ်ခြင်းများပြီးစီးပြီးနောက်၊ ရက်သုံးဆယ်အတွင်း ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူက ဌာနသို့ပေးပို့ရမည်။ ထို့ပြင်

(စ) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ရယူသည့်လွန်အူတိုင်စာအမှတ်၊ လွန်အူတိုင်စာထည့်ရန်အသုံးပြု သည့် စံအရွယ်အစားရှိသေတ္တာများ၏ အရေအတွက်ဖေါ်ပြသည့်စာရင်းကို၊ လွန်အူတိုင်စာရယူပြီးသည့် တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်ပြီးစီးပြီးနောက် ရက်နှစ်ဆယ်အတွင်းဌာနသို့ တင်သွင်းရမည်။

တွင်းများနှင့်စပ်လျဉ်း၍ ၊ လျှပ်စစ်မှတ်စဉ်မယူမနေရခြင်း။

၇၂။ ။ တွင်းတတွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်တပေါက်ကို အပြီးမသတ်မီသော် ၎င်း၊ သို့တည်းမဟုတ် တိုးနက်အောင်တူးပြီး၊ ပြန်လည်အပြီးမသတ်မီသော်၎င်း၊ သို့တည်းမဟုတ် ကုန်ခန်းသွားသည့် ရေနံဓါတ်ထွက်နေသည့် တွင်းတတွင်းမှတပါး၊ တွင်းတတွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒ ဗဟုသုတလွန်ပေါက်တပေါက်ကို မစွန့်ပစ်မီသော်၎င်း၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်-

(က) လျှပ်စစ်မှတ်စဉ်ကို၊ အသုံးမပြုဘဲ နေခွင့်ကို ဌာနမှမရရှိလျှင် ၎င်းအပေါ် တွင်မှတ်သားထားသည့် စပ်လျဉ်းသော အခြေခံအကြောင်းအချက်အားလုံးနှင့်တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက်၏လျှပ်စစ်မှတ်စဉ်၊ သို့တည်းမဟုတ် ဌာနကလက်ခံအတည်ပြုသည့်အခြားမှတ်စဉ်ကိုရယူစေ ရမည်။

(ခ) စပ်လျဉ်းသောဖြစ်ပျက်သည့် အခြေခံအကြောင်းအချက် အားလုံးနှင့် တကွ ပြည့်စုံသည့်မိတ္တူ (နှစ်) စောင်ကို၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက် အပြီးသတ်ပြီးနောက်၊ သို့တည်းမဟုတ် ပြန်လည်အပြီးသတ်ပြီးနောက်၊ သို့တည်းမဟုတ် စွန့်ပစ်ပြီးနောက်၊ ရက်သုံးဆယ်အတွင်း ဌာနသို့ပေးပို့ရ မည်။ ထို့ပြင်

(ဂ) မှတ်စဉ်၏မိတ္တူများကို၊ မူရင်းစကေးအတိုင်းပြုလုပ်၍ ပေးပို့ရမည်။

ဒုတိယအကြိမ် ရယူခြင်းဆောင်ရွက်ရန်၊ ရည်ရွယ်ကြောင်းနို့တစ်စာ။

၇၃။ ။ (၁) မည်သည့်ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူမျှဦးစွာ နို့တစ်စာပေးပို့ပြီး သည့်ပြင်ဌာနမှအခွင့်လက် မှတ်ရပြီးမဟုတ်လျှင်-

(က) ရေနံဓါတ်မြေ၊ သို့တည်းမဟုတ် အိုင်တခုခု၌၊ ဖိအားထပ်မံဖြည့်တင်းခြင်း ( repressuring)၊ ဓါတ်ငွေ့ရွှေ့ပြောင်းလှည့်ပတ်ခြင်း (cycling)၊ သို့တည်းမဟုတ် ဖိအားတည်တန့်အောင် ပြုခြင်း (pressure maintenance)၊

(ခ) ဓါတ်ငွေ့ကို လုပ်ငန်းစဉ်ဖြင့်ဆောင်ရွက်ခြင်း (processing) ၊ သိုလှောင်ခြင်းနှင့်စီမံခန့်ခွဲခြင်း၊ သို့တည်းမဟုတ်

(ဂ) မည်သည့်ရေနံဓါတ်မြေကို၊ သို့တည်းမဟုတ် အိုင်တွင်းရှိရေကိုစီမံခန့်ခွဲခြင်း၊ တို့အတွက်စီမံကိန်း တခုခုကို စတင်မဆောင်ရွက်ရ။

(၂) နည်းဥပဒေခွဲ (၁) အရ အခွင့်လက်မှတ်အတွက် လျှောက်လွှာကို၊ ပုံစံ "ဆ" ဖြင့်သုံးစောင်တွဲပြုလုပ် ပြီးဆောင်ရွက်မည့်အလုပ်အသေးစိတ်အကြောင်းအရာအပြည့်အစုံဖော်ပြ၍၊ ဌာနသို့ တင်သွင်းရမည်။

(၃) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ တဆက်တည်းဖြစ်သော နောက်လ (၁၅) တဆယ့်ငါးရက်နေ့မ တိုင်မီ၊ ဆောင်ရွက်ဆဲအလုပ်အခြေအနေကို၊ မူရင်းခွဲပြုလုပ်၍၊ ပုံစံ "ဆ" ဖြင့်၊ ဌာနသို့ အစီရင်ခံစာတင် သွင်းရမည်။ ထို့ပြင် အဆိုပါလုပ်ငန်းဆောင်တာများကို အဆက်ဖြတ်ပြီးနောက်၊ တဆက်တည်းဖြစ်သည့် (၁၀) တစ်ဆယ်ရက်အတွင်း၊ အဆိုပါ အဆက်ဖြတ်ခြင်းနှင့်စပ်လျဉ်း၍၊ စာဖြင့်ရေးသားသည့် အကြောင်း ပြချက်များနှင့်တကွ၊ ဌာနသို့ တင်သွင်းရမည်။

တူးဖေါက်ရန်ရည်ရွယ်ကြောင်းနို့တစ်စာ။

၇၄။ ။ (၁) ဌာနသို့ ဦးစွာနို့တစ်စာပေးပြီးသည့်ပြင် ဌာနမှ အခွင့်လက်မှတ်ရရှိပြီး မဟုတ်လျှင်၊ မည်သည့် ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူမျှ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်ကိုထွင်းခြင်း၊ တူး ဖေါက်ခြင်း၊ ပြန်လည်တူးဖေါက်ခြင်း၊ သို့တည်းမဟုတ် တိုးနက်အောင်တူးဖေါက်ရန် ပြန်လည်ဝင်ရောက် ခြင်းမပြုရ။

(၂) နည်းဥပဒေခွဲ (၁)အရ၊ အခွင့်လက်မှတ်အတွက် လျှောက်လွှာကို၊ ပုံစံ "ဆ" ဖြင့်၊ သုံးစောင်တွဲပြု လုပ်၍၊ ဌာနသို့တင်သွင်းရမည်။ လျှောက်လွှာ၏မိတ္တူအသီးသီးနှင့်အတူ တူးဖေါက်မည့်တွင်း၊ သို့တည်း မဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်နှင့်ထိုအချိန်ထိ တူးဖေါက်သည့်တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒ ဗဟုသုတ လွန်ပေါက်များရှိလျှင်၊ ရှိသည့်တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက်အားလုံး တို့၏ မျက်နှာပြင်နှင့် မျက်နှာပြင်အောက် တည်နေရာကိုဎင်း၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက်ရာ၏ ပင်လယ်ပြင်မှအမြင့်ကိုဎင်း၊ အငှါးပတ္တာ၊ သို့တည်းမဟုတ်လိုင်စင်၏ မျက်နှာပြင် နယ် နိမိတ်များ တည်နေရာကိုဎင်း၊ ကုန်းကြောင်း၊ သို့တည်းမဟုတ် ရေကြောင်းဝင်ပေါက်ကိုဎင်း၊ ဖေါ်ပြ၍ အငှါးပတ္တာအတွက် တလက်မလျှင်၊ ပေ ၂,၀၀၀ (နှစ်ထောင်) အောက်မနည်း စကေးဖြင့်ဎင်း၊ လိုင်စင်အ တွက်တလက်မလျှင် တမိုင်အောက်မနည်း စကေးဖြင့်ဎင်း ရေးဆွဲထားသည့် ပုံစံပါပူးတွဲပါရှိရမည်။ အတိုင်းအတာနှင့် အကွာအဝေးအားလုံးကို၊ ထင်ရှားသောမြေတိုင်းဆိုင်ရာမှတ်တိုင်တခုခုမှ၊ တိုင်းတာ ခြင်းဖြင့် ထိန်းချုပ်ရမည်။

(၃) ထိုလျှောက်လွှာတွင်၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက်၏တည်နေရာ၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်ရာ၏ ပင်လယ်ပြင်မှအမြင့်၊ တူးဖေါက်မည့်တွင်း၊ သို့ တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက်၏ကြံရွယ်သည့်အနက်၊ အရေးကြီးသည့် ဘူမိဗေဒအမှတ် အသားများထိပ်အထိ၊ ခန့်မှန်းရအနက်၊ ရေ၊ ရေနံဓါတ်ငွေ့နှင့် ဓါတ်သတ္တုအစိုင်အခဲများရှိတန်သည့်၊ မြော်လင့်သည့်ခန့်မှန်းရအနက်၊ တွင်းနံရံပိုက်၏အမျိုးအစား၊ အရွယ်အစားနှင့်အလေးချိန်အပါအဝင် ဖြစ်သည့် ကြံရွယ်သောတွင်းနံရံပိုက်ချရန်အစီအစဉ်၊ အသုံးပြုမည့်နှစ်တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒ ဗဟုသုတလွန်ပေါက် နေရာတွင်ထားရှိမည့် ဘိလပ်မြေနှင့်ရွှံ့အခြင်၊ အတွယ်လွန်အူတိုင်စာယူခြင်းကို စတင်ပြုလုပ်မည့် ကြံရွယ်သည့်အနက်များ၊ လျှပ်စစ်နှင့်အခြားမှတ်စဉ်များယူရန်အတွက် စီမံကိန်းများ၊ ဘူမိဗေဒနှင့်ဘူမိရူပဗေဒအခြေခံအချက်၊ အလက်များပေါ်တွင်အခြေပြုသည့် ဘူမိဗေဒအနေအထား ယူဆချက်များနှင့်အတူ ဌာနကလိုအပ်သည်ထင်မြင်သည့် မည်သည့်အခြားစပ်လျဉ်းသော အကြောင်း အရာများကို မဆိုပါပူးတွဲပါရှိရမည်။

(၄) ဌာနက၊ ဤနည်းဥပဒေအရ၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်များ တူးဖေါက် ရန်အတွက်၊ နို့တစ်စာ လိုအပ်ချက်ကို နည်းဥပဒေ ၉၇ အရ၊ လျှော့ပေးသည့်အခါ၊ ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူသည်အရည်အငွေ့ ထိုးဖေါက်ဝင်ရောက်နိုင်သော ဇုံများအချင်းချင်း အဆက်သွယ်ကို တော်သင့်စွာ တတ်နိုင်သမျှဆီးတားစေရန်၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက်အားလုံးကို အပြီး သတ်ရမည်။

(၅) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက် အသီးသီး ကို အပြီးသတ်ပြီး၊ သို့တည်းမဟုတ် ၊ စွန့်ပစ်ပြီးမည်သည်မဆို လက်ဦးဖြစ်ပြီးနောက်၊ ရက် ၃၀ (သုံးဆယ်) ထက်နောက်မကျစေဘဲ၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက် တွင်ပြုလုပ် သည့် လုပ်ငန်းဆောင်တာအားလုံးနှင့် ရရှိသည့်အကျိုးသက်ရောက်ခြင်းများကို နေ့စွဲအလိုက် ရေးမှတ် ထားသည့် ပြည့်စုံ၍တိကျသောမှတ်စဉ်နှင့် အထူးပွဲတ္တိကို၊ ပုံစံ "ဇ" ဖြင့် မူရင်းခွဲပြုလုပ်၍၊ ဌာနသို့ပေး သွင်းရမည်။ ဘူမိဗေဒဗဟုသုတ ရရှိရန်အတွက် လွန်အူတိုင်စာ၊ သို့တည်းမဟုတ်ကျောက်ထုနမူနာများမှ မှတ်စဉ်စုဆောင်းရေးသားလျှင် ထားမြဲမှတ်စဉ်အပြင်၊

အဆိုပါမှတ်စဉ်၏ မူရင်းခွဲမိတ္တူများကို တင်သွင်း ရမည်။ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာ တွင်၊ ရရှိသည့်ဝတ္ထုပစ္စည်းများနှင့် အခြေခံအကြောင်းအချက်များမှ၊ စုဆောင်းရေးသားသည့် မှတ်စဉ်နှင့် အခြေခံအကြောင်းအချက်များ ဖေါ်ပြသည့် စာရွက်များ၏ မူရင်းခွဲမိတ္တူများကို ပေးသွင်းရမည်။ မျက်နှာ ပြင်အောက် အကြောင်းအရာရရှိအောင် ပြုလုပ်သည့်၊ ဖေါက်ဝင်နှုန်းတိုင်းထွာခြင်း(rate of penetration survey)၊ အနုမြူရောင်ခြည်လွှတ်ခြင်း၊ တိုင်းထွာခြင်း(radioactivity survey)၊ ကျောက်လွှာစောင်းမှု တိုင်းကိရိယာနှင့်တိုင်းထွာခြင်း (dipmeter survey)၊ တွင်းစောင်းမှုတိုင်းထွာခြင်း (deviation survey) ၊ တွင်းအကျယ်တိုင်းထွာခြင်း (caliper survey) ၊ အမြန်နှုန်းတိုင်းထွာခြင်းများ (velocity survey) များပါဝင်သည့်တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက် တိုင်းထွာခြင်း (geological information borehole survey) ၊ အားလုံး၏ မူရင်းခွဲမိတ္တူများကိုစပ်လျဉ်းသော်ဖြစ် ပျက်သည့် အခြေခံအကြောင်းအချက်နှင့်အတူပေးပို့ရမည်။ ရုပ်ကြွင်းမြွာများ ပြန့်နှံ့နေပုံဇယားများ (foraminiferal distribution charts) ၊ လေးလံသော သတ္တုသဲစေ့များစီစစ်ပုံဇယားများ (heavy mineral analysis charts) ၊ တွင်း၏ ထုရဗေဒတိုင်း(stratigraphic column of the well) ၊ ထုတ် လုပ်သည့် အရည်အငွေ့များစီစစ်မှု (analysis of produced fluids) ၊ လှောင်ရာနေရာမှ အရည်အငွေ့ လေ့လာမှု (reservoir fluid study) လွန်အူတိုင်စာနှင့် ရေသွန်ပါနမူနာစီစစ်မှု (core and flush sample analysis) နှင့် အခြားစုံစမ်းစစ်ဆေးခြင်း ဆိုင်ရာအကျိုးသက်ရောက်ခြင်းများ တစုံတရာ စသည့်တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက် လုပ်ငန်းဆောင်တာများ ပြုလုပ်ရာတွင် ရရှိသည့် ဝတ္ထုပစ္စည်းများကို၊ စမ်းသပ်ခန်း၌ ဆောင်ရွက်သည့် စုံစမ်းစစ်ဆေးမှုများဆိုင်ရာ အကျိုး သက်ရောက်ခြင်းများကိုလည်းပေးသွင်းရမည်။

တွင်း၏ အခြေအနေ၊ သို့တည်းမဟုတ် အထွက်ကိုအရယူမှု နည်းစံနစ်ပြောင်းလဲရန် ရည်ရွယ် ကြောင်းနို့ တစ်စာ။

၇၅။ ။ (၁) မည်သည့်ရေနံခါတ်လုပ်ကိုင်ခွင့်ရသူမျှ ဌာနသို့ ဦးစွာနို့တစ်စာပေးပြီးသည့်ပြင်၊ ဌာနမှအခွင့် လက်မှတ်ရရှိပြီးမဟုတ်လျှင်၊ ပြင်ဆင်ခြင်း၊ သာမန်တွင်းလုပ်ငန်းဆောင်တာ၌ သက်ဆိုင်ပါဝင်သည့် အလုပ်မှတပါး ငရဲမီးဖြင့်ပြုပြင်ခြင်း(acidisation)၊ သို့တည်းမဟုတ် အခြားနည်းစံနစ်များဖြင့် ထုတ် လုပ်မှုကိုဆော်လှုံ့ခြင်း၊ တိုး၍ နက်အောင်ပြုလုပ်ခြင်း၊ တွင်းနံရံကိုဖြတ်၍ အပေါက်များဖေါက်ခြင်း (perforation)၊ ပြန်လည်ပိတ်ဆို့ခြင်း (Plugging back)၊ လွှဲဖေါက်ခြင်း (Side tracking)၊ ရွှံ့၊ သို့တည်းမဟုတ် အင်္ဂတေကို သိပ်သွင်းခြင်းကိုမပြုလုပ်ရ၊ သို့တည်းမဟုတ် အပြီးသတ်ပြီးသည့်တွင်း၏ အခြေခံအနေကိုသော်၎င်း၊ ရေနံခါတ်ထွက်သော ဇုံကိုသော်၎င်း၊ ယခင်က အစီရင်ခံထားသည့်အတိုင်းမ ဟုတ်ဘဲ၊ ပြောင်းလဲစေမည့် မည်သည့် လုပ်ငန်းဆောင်တာများကိုမဆို စတင်ဆောင်ရွက်ခြင်း၊ သို့တည်း မဟုတ် အထွက်ကိုအရယူသည့်နည်းစံနစ်ကို ပြောင်းလဲခြင်းမပြုရ၊ သို့သော်လည်း၊ ရေနံခါတ်လုပ်ကိုင် ခွင့်ရယူသည်၊ ဖြုန်းတီးခြင်း၊ သို့တည်းမဟုတ် ထိခိုက်ဆုံးရှုံးပျက်စီးခြင်းမှ ကာကွယ်ရန်အရေးတကြီးအ ခြေဖြစ်ပေါ်သည့်အခါ၌၊ ချက်ခြင်းအရေးယူနိုင်သည်။

(၂) နည်းဥပဒေခွဲ (၁) အရ၊ အခွင့်လက်မှတ်အတွက် လျှောက်လွှာကို ပုံစံ “ဆ”ဖြင့် သုံးစောင်တွဲပြုလုပ် ၍၊ ဌာနသို့တင်သွင်းရမည်။

Myanmar Law Information System (MLIS)

(၃) ဌာနက၊ ဤနည်းဥပဒေအရ၊ နို့တစ်စာလိုအပ်ချက်ကို နည်းဥပဒေ ၉၇ အရ၊ လျှော့ပေးသည့်အခါ၊ လုပ်ကိုင်ခွင့်ရသူသည် အရည်အငွေ့တိုးဖေါက်ဝင်ရောက်နိုင်သော ဇုံများအချင်းချင်း အဆက်အသွယ်ကို တော်သင့်စွာ တတ်နိုင်သမျှ၊ ဆီးတားစေရန် တွင်းအားလုံးကို အပြီးသတ်ရမည်။

(၄) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ နည်းဥပဒေခွဲ (၁) တွင်ဖေါ်ပြထားသည့်အလုပ်တခုခုကို၊ ပြီးစီး အောင်ပြုလုပ်ပြီးနောက်၊ ရက် (၃၀) သုံးဆယ် အတွင်း ပြုလုပ်သည့် အလုပ်နှင့်ရရှိသည့် အကျိုးသက် ရောက်ခြင်းများကို၊ အသေးစိတ်အစီရင်ခံစာကို မူရင်းနှစ်ခွဲပြုလုပ်၍၊ ပြန်လည်အဆုံးသတ်ခြင်းအတွက်ဖြစ် လျှင်၊ ပုံစံ "ဇ" ဖြင့်၎င်း၊ အခြားအတွက်ဖြစ်လျှင် ပုံစံ "ဆ" ဖြင့်၎င်း၊ ဌာနသို့ တင်သွင်းရမည်။ အဆိုပါ အစီရင်ခံစာတွင် အလုပ်မပြီးစီးမီနှင့်ပြီးစီးပြီးနောက် ရေနံဓါတ်ငွေ့နှင့် ရေအထွက်အခြင်အတွယ် ဖေါ်ပြရ မည့်ပြင်၊ နေ့စွဲများပါဝင်လျက် ဆောင်ရွက်ပြီးစီးသည့်အလုပ်၊ အသုံးပြုသည့်နည်းစံနစ်များပါဝင်သော ပြည့်စုံသည့်ဖေါ်ပြချက် ပါရှိရမည်။

တွင်းစွန့်ပစ်ရန်ရည်ရွယ်ကြောင်းနို့တစ်စာ။

၇၆။ ။ (၁) ဌာနသို့ ဦးစွာနို့တစ်စာပေးပြီးသည့်အပြင်၊ ဌာနမှအခွင့်လက်မှတ်ရရှိပြီးမဟုတ်လျှင်၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်တခုခုကို၊ မည်သည့်ရေနံဓါတ်လုပ်ငန်းလုပ်ကိုင်ခွင့် ရသူ ကမျှ မစွန့်ပစ်ရ၊ ၎င်းပြင်မည်သည့်စွန့်ပစ်ခြင်းကိုမဆို ကိုယ်တိုင်သိမြင်ရန်၎င်း၊ ထည့် ထားသည့်အပိတ် အဆို့များကို စမ်းသပ်ရန်၎င်း ဆင့်ဆိုနိုင်သည်။

(၂) နည်းဥပဒေခွဲ (၁)အရ၊ အခွင့်လက်မှတ်အတွက် လျှောက်လွှာကိုသုံးစောင်တွဲပြုလုပ်၍၊ ပုံစံ "ဆ" ဖြင့်ဌာနသို့တင်သွင်းရမည်။

(၃) ဤနည်းဥပဒေအရ၊ စွန့်ပစ်ရန်အတွက် နို့တစ်စာလိုအပ်ချက်ကို၊ နည်းဥပဒေ ၉၇အရ၊ ဌာနက လျှော့ပေးသည့်အချက်တွင်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ အရည်အငွေ့ ထိုးဖေါက်ဝင်ရောက်နိုင်သော ဇုံများအချင်းချင်းနှင့်၊ ၎င်းတို့နှင့်မြေမျက်နှာပြင်စပ်ကြားတွင် အဆက်အသွယ်ကို ဆီးတားစေရန်၊ အရည် အငွေ့ထိုးဖေါက်ဝင်ရောက်နိုင်သော ဇုံအားလုံးကို အင်္ဂတေကိုင်၍ ပိတ်ဆို့ရမည်။ ထို့ပြင်

(၄) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်စွန့်ပစ်ပြီး နောက်၊ ရက်(၃၀) သုံးဆယ်အတွင်း၊ စွန့်ပစ်ခြင်းအစီရင်ခံစာကို၊ ပုံစံ "ဆ" ဖြင့်မူရင်းနှစ်ခွဲပြုလုပ်၍၊ ဌာန သို့တင်သွင်းရမည်။ အဆိုပါအစီရင်ခံစာသည်ပိတ်ဆို့ရာတွင် အသုံးပြုသည့် ဝတ္ထုပစ္စည်းအမျိုးအမည်နှင့် အရေအတွက်၊ ထို့ပြင် ဝတ္ထုပစ္စည်းအမျိုးမျိုးမှ ပြုလုပ်သည့် အပိတ်အဆို့များ တည်နေရာနှင့် အရှည်အ လျား(စောက်အနက်အားဖြင့်) မည်သည့်ပြုလုပ်သည့် စမ်းသပ်မှုများနှင့်တိုင်းတာမှု များမဆို၏မှတ်တမ်း များ၊ ထို့ပြင်တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက်တွင်ချန်ထားခဲ့သည့် တွင်းနံရံပိုက်အ ရေအတွက်၊ အရွယ်အစားနှင့်တည်နေရာ (စောက်အနက်အားဖြင့်)၊ ထို့ပြင်အသုံးပြုသည့် ရွှံ့ရည်ထည့် သွင်းရာတွင် ရရှိသည့် ဖိအား၏ အသေးစိတ်ဖေါ်ပြချက်ပါဝင်သည့် စွန့်ပစ်ခြင်း၊ သို့တည်းမဟုတ် ပိတ်ဆို့ ခြင်း၊ အလုပ်ဆောင်ရွက်ပုံနည်းလမ်းကို အသေးစိတ်ဖေါ်ပြရမည်။ တွင်းနံရံပိုက်တခုခုကို၊ ပိုင်းဖြတ်ယူ ရန်အားထုတ်လျှင်၊ အသုံးပြုသည့်နည်းစံနစ်များနှင့် ရရှိသည့်အကျိုးသက်ရောက်ခြင်းများ၏ ပြည့်စုံ သည့်အစီရင်ခံစာပါထည့်သွင်းရမည်။

စီမံကိန်းများပြောင်းလွဲရန် ရည်ရွယ်ကြောင်းနို့တစ်စာ။

၇၇။ ။ ရေနံမြေလုပ်ကိုင်ခွင့်ရသူသည်၊ နည်းဥပဒေ ၇၃၊ ၇၄၊ ၇၅နှင့် ၇၆အရ ယခင်ကလက်ခံအတည် ပြုပြီး စီမံကိန်းများကိုပြောင်းလွဲလိုလျှင်၊ အကြောင်းကြားစာအသစ်ကို၊ ပုံစံ "ဆ" ဖြင့်၊ သုံးစောင်တွဲပြု လုပ်၍၊ ဌာနသို့ပေးပို့ရမည်။ ဌာနမှလက်ခံအတည်ပြုချက်ကို ဦးစွာမရရှိမီ၊ လုပ်ငန်းကိုစတင်မဆောင် ရွက်ရ။

လျှောက်လွှာခ၊

၇၈။ ။ နည်းဥပဒေ ၇၃၊ ၇၄၊ ၇၅ နှင့် ၇၆ အရ၊ အခွင့်လက်မှတ်အတွက် လျှောက်လွှာနှင့်အတူ၊ လျှောက်လွှာခ ကျပ် ၅၀ (ကျပ်ငါးဆယ်တိတိ) ပါရှိရမည်။ နည်းဥပဒေ ၇၇ အရ၊ အခွင့်လက်မှတ်အတွက်အခမှာ ၂၅ ကျပ် (ကျပ်နှစ်ဆယ့်ငါးတိတိ) ဖြစ်သည်။

ယာယီလက်ခံအတည်ပြုချက်များ။

၇၉။ ။ ရေနံမြေလုပ်ကိုင်ခွင့်ရသူသည်၊ နည်းဥပဒေ ၇၃၊ ၇၄၊ ၇၅၊ ၇၆ နှင့်၇၇ အရ၊ လိုအပ်သည့်လက်ခံ အတည်ပြုချက်ကို၊ နှုတ်ဖြင့်သော်၎င်း၊ ကြေးနန်းဖြင့်သော်၎င်း တောင်းဆိုနိုင်သည့်ပြင်၊ ဌာနက သင့်မြတ် လျော်ကန်သည့်အတိုင်း နှုတ်ဖြင့်သော်၎င်း၊ ကြေးနန်းဖြင့်သော်၎င်း လက်ခံအတည်ပြုချက်ကိုပေးနိုင် သည်။ သို့ရာတွင် ရေနံမြေလုပ်ကိုင်ခွင့်ရသူက၊ ဤနည်းဥပဒေများအရ လိုအပ်သည့်လျှောက်လွှာကို ချက်ခြင်းတင်သွင်းရမည်။

တူးဖေါက်ရန်တားမြစ်ထားသည့် နယ်ပယ်များ။

၈၀။ ။ (၁) ရေနံမြေလုပ်ကိုင်ခွင့်ရသူသည်၊ ဌာနက၊ အခြားနည်းစာဖြင့်ရေးသား၍၊ သဘောတူ အတည် ပြုသည့်အချက်တွင်မှတပါး၊ မည်သည့်လမ်းအတွက် ခွင့်ပြုထားသည့်နေရာ၊ တိုင်းတာပြီးသည့်လမ်း၊ ရေလှောင်ကန်၊ တူးမြောင်း၊ သို့တည်းမဟုတ် အခြားပြည်သူပိုင်ဆောက်လုပ်ထားရာများ အငှါးပတ္တာကို လုပ်ကိုင်ရန်အတွက် ပိုက်လိုင်းများချန်လှပ်၍၊ ပိုက်လိုင်း၊ ဗို့အားများသည့်ဓါတ်ကြိုးများ၊ သို့တည်းမ ဟုတ် အခြားသူတထူးနေရာကို ဖြတ်ကျော်သွားလာနိုင်ခွင့်၊ သို့တည်းမဟုတ်အခြားအဆောက်အအုံ၊ သို့ တည်းမဟုတ် လူနေထိုင်သည့်မြေယာတခုခု၊ နေအိမ်၊ ပစ္စည်းထုတ်လုပ်ခြင်းဆိုင်ရာစက်ရုံ၊ လေယာဉ်ပျံ တက်ဆင်းရာလမ်း၊ သို့တည်းမဟုတ် လေယာဉ်ပျံမြေပေါ်သွားလာရာလမ်း၊ စစ်ဘက်ကိစ္စများအလို့ငှါ အသုံးပြုရန်အတွက် အဆောက်အအုံ၊ အမြဲအသုံးပြုရန် ဆောက်လုပ်ထားသည့် လယ်ယာအဆောက်အ အုံ၊ ကျောင်း၊ ဘုရားရှိခိုးကျောင်း၊ စေတီပုထိုး၊ ဘုန်းကြီးကျောင်း၊ သို့တည်းမဟုတ် အခြားဝတ်ပြုရန် နေရာ၊ သို့တည်းမဟုတ်၊ မီးရထားလမ်းမှမဆို ပေနှစ်ရာ့ငါးဆယ်အတွင်း၊ မည်သည့်ရေနံမြေ၊ သို့တည်း မဟုတ် ၎င်းမှရရှိသည့် ထုတ်လုပ်ပစ္စည်းတခုခုကိုမဆို၊ မသိုလှောင်ရ၊ သို့တည်းမဟုတ် မည်သည့်တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက်ကိုမဆိုမတူးဖေါက်ရ၊ သို့တည်းမဟုတ် မတူးဖေါက်စေရ၊ သို့တည်းမဟုတ် တူးဖေါက်ရန်ခွင့်မပြုရ၊ အဆိုပါပေနှစ်ရာ့ငါးဆယ်အကွာအဝေးကို၊ မီးရထားလမ်း၊ ရေ လှောင်ကန်၊ သို့တည်းမဟုတ် တူးမြောင်းဖြစ်လျှင်၊ ဆိုင်သင့်ရာရာမြေ တောင်အောက်ခြေပြင် ဘက်အစပ် မှ၊ သို့တည်းမဟုတ် တူးထားရာနှုတ်ခမ်းမှ၊ ထို့ပြင် အများပြည်သူလမ်းဖြစ်လျှင်၊ လမ်းအတွက် သီးသန့် ထားသည့်မြေနယ်နိမိတ်မှ၊ ထို့ပြင်အဆောက်အအုံဖြစ်လျှင် အုတ်ခုံဘိနပ်မှမြေပြင်နှင့် တပြေးတည်းတိုင်း တာရမည်။

Myanmar Law Information System (MLIS)

(၂) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ဌာနမှစာဖြင့်ရေးသား လက်ခံအတည်ပြုချက် မရယူသေးသမျှ ကာလပတ်လုံး ဆောင်ရွက်ဆဲဖြစ်သည့် မျက်နှာပြင်အောက် သတ္တုတူးဖေါ်ရေးလုပ်ကိုင်နေရာများတခုခု မှ၊ နှစ်မိုင်အတွင်း၊ တွင်းကိုဖြစ်စေ၊ ဘူမိဗေဒဗဟုသုတ လွှန်ပေါက်ကိုဖြစ်စေ စတင်မတူးဖေါက်ရ၊ သို့ တည်းမဟုတ် စတင်မတူးဖေါက်စေရ၊ သို့တည်းမဟုတ် စတင်တူးဖေါက်ခွင့်မပြုရ။

မတူးဖေါက်မီ၊ ပုဒ်မ ၄ စီမံထားရှိခြင်းများ။

၈၁။ ။ (က) တွင်း စတင်မတူးဖေါက်မီ၊ ရေနံဓါတ်ထိန်းသိမ်းပြုစုရန်အတွက်၎င်း၊

(ခ) တွင်းကိုထုတ်လုပ်ရန်နေရာမချထားမီ၊ ထုတ်လုပ်ရန်နှင့်သိုလှောင်ရန် အသုံးအဆောင်များအတွက် ၎င်း လုံလောက်သည့် စီမံထားရှိခြင်းများပြုလုပ်ရမည်။

မှုတ်ထုတ်ကာကွယ်ခြင်း၊ (Blow-out prevention)

၈၂။ ။ (၁) တူးဖေါက်ရာ၌ ပတ်လည်တူးအသုံးအဆောင်ကို အသုံးပြုသည့်အခါ-

(က) ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူသည်၊ မိမိတူးဖေါက်သည့်၊ သို့တည်းမဟုတ် တူးဖေါက်စေသည့်၊ တွင်း အားလုံး၌ မှုတ်ထုတ်ကာကွယ်ရန်အလို့ငှါ၊ အသိအမှတ်ပြုသည့်၊ ကောင်းမွန်သော ဓလေ့ထုံးစံများနှင့်အ ညီလုံလောက်သည့်ချုတ်ချယ်ရန် အသုံးအဆောင်ကို အခါခပ်သိမ်းတပ်ဆင်၍၊ ပြုပြင်ထားရှိကာ၊ အသုံး ပြုရမည်၊ သို့တည်းမဟုတ် တပ်ဆင်စေ၍၊ ပြုပြင်ထားရှိစေကာ၊ အသုံးပြုစေရမည်။

(ခ) ချုတ်ချယ်ရန်အသုံးအဆောင်အလုံးစုံမှာ၊ အခါခပ်သိမ်းကောင်းမွန်စွာအသုံးပြုနိုင်သော အခြေအနေ တွင် ရှိရမည့်ပြင်၊ အသုံးပြုနေသည့်အချိန်အတွင်း ၂၄ နာရီလျှင်တကြိမ်စမ်းသပ်၍၊ ထိုသို့စမ်းသပ်မှု အသီးသီးမှတွေ့ရှိချက်ကို၊ အလုပ်ဆင်းတာဝန်ကျ အစီရင်ခံစာတွင် ရေးမှတ်ထားရမည်။

(ဂ) မှုတ်ထုတ်ကာကွယ် တန်ဆာပလာများ၏ အချုတ်အချယ်ကိုတွင်းတူးလင့်စင်အောက် ခြေခုံပြင်ပမှ၊ နှစ်ပေအောက်မနည်းသည့်နေရာ၌ နေရာချထားရမည်။ ထို့ပြင်

(ဃ) ကြိုတင်မသိမြင်နိုင်သော အကြောင်းခြင်းရာများကြောင့် တွင်းထဲသို့ တွင်းတူးရွှံ့ရည်လှည့်ပတ် မှုတ်သွင်းခြင်း ပျောက်ဆုံးမှုဖြစ်ပေါ်သည့် ကိစ္စများ၌မှတပါး၊ သင့်လျော်သော သိပ်သည်းခြင်းရှိသော လုံ လောက်သည့်၊ တွင်းတူးရည်ကိုအခါခပ်သိမ်း တွင်းထဲ၌ထားရှိစေရမည်။ သို့တည်းမဟုတ် တွင်းချုပ် တည်းမရ မှုတ်ထုတ်တန်ရာသည်ကိုနည်းပါးစေခြင်းအလို့ငှါ၊ တွင်းကိုလုံလောက်သည့်ဖိအား အချုတ်အ ချယ်များဖြင့် တပ်ဆင်ထားရမည်။

(၂) တပင်တိုင်တူးအသုံးအဆောင်ဖြင့် စတင်မတူးဖေါက်မီ၊ တွင်းကိုချုတ်ချယ်ရန်အတွက် လုံလောက် သည့်အတန်းအစားနှင့် အခြင်အတွယ်ရှိ၊ ရွှံ့ကိုတွင်းကိုပိတ်ဆို့ခဲ့လျှင်နှင့် ပိတ်ဆို့သည့်အခါ၊ အဆိုပါရွှံ့မျိုး ကိုရရှိနိုင်ရန်အတွက်၊ ထည့်ထားရန်နည်းလမ်းကျပြီး လုံလောက်သည့်ရွှံ့ရည် လှောင်ကျင်းများတည် ဆောက်ရမည်။

လုံလောက်သောတူးဖေါက်ရန်အသုံးအဆောင်နှင့်တွင်းနံရံပိုက်။

Myanmar Law Information System (MLIS)

၈၃။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ တွင်းတူးဖေါက်ရာ၌၊ အသုံးပြုသည့် အသုံးအဆောင်များကိုဖြစ် စေ၊ တွင်းနံရံပိုက်များကိုဖြစ်စေ ကောင်းမွန်သည့် ယေဘုယျအခြေအနေတွင် မရှိလျှင်၊ အသုံးမပြုရ၊ သို့ တည်းမဟုတ် အသုံးမပြုစေရ၊ သို့တည်းမဟုတ်အသုံးပြုခွင့်မပြုရ။

လုပ်ငန်းဆောင်တာများ ဆောင်ရွက်နေစဉ်နည်းလမ်းကျသည့် တင်ကူးစီမံမှုများပြုလုပ်ရန်၊

၈၄။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်။ မိမိ၏လုပ်ငန်းဆောင်တာများပြုလုပ်ရာ၌၊ ရေချိုရိက္ခာများ အပါအဝင် ဖြစ်သည့် မည်သည့်သဘာဝ ပင်ရင်းအခြေအမြစ်များမဆို ထိခိုက်ဆုံး ရှုံးပျက်စီးမှု၊ သို့တည်း မဟုတ် ဖြုန်းတီးမှုကိုသော်၎င်း၊ သက်ရှိသတ္တဝါအနာတရဖြစ်အောင် ထိခိုက်မှု၊ သို့တည်းမဟုတ် ဥစ္စာ ပစ္စည်းပျက်စီးအောင်ထိခိုက်မှု၊ တွင်းများချုတ်ချယ်မရ မှုတ်ထုတ်မှုစိမ့်ထွက်မှု၊ လိုက်၍ပြိုကျမှုများနှင့် မီးဘေးများကိုသော်၎င်း၊ ကာကွယ်ရန်အလို့ငှါ၊ ဆီလျော်၍၊ နည်းလမ်းကျသည့် တင်ကူးစီမံမှုများ ပြုလုပ် ရမည်။

ငလျင်လှုပ်စေရန် ဖေါက်သည့်ယမ်းတောင့် ထည့်ပေါက်ကို အသုံးပြုပြီး နောက် အတင်းအကြပ် ပိတ်ဆို့စေ ခြင်း။

၈၅။ ။ ငလျင်လှုပ်စေရန်၊ ဖေါက်သည့်ယမ်း တောင့်ထည့်ပေါက် (Seismic shot hole) ကို တူးဖေါ်ရန် ကိစ္စအတွက်၊ သို့တည်းမဟုတ် လွှဲပြောင်းရင်းကိစ္စအတွက် အသုံးမပြုတော့သည့်နေ့ရက်မှ၊ ရက်သတ္တတ ပတ်အတွင်း၊ ၎င်းကို ဌာနက စာဖြင့်ရေးသား၍ လက်ခံအတည်ပြုသည့်၊ သို့တည်းမဟုတ် သတ်မှတ်ထား သည့်နည်းစံနစ်နှင့် အညီခိုင်ခံ့စွာ ပိတ်ဆို့၍ စွန့်ပစ်ရမည်။

တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွန်ပေါက်ကို အတင်းအကြပ်စွန့်ပစ်စေခြင်း။

၈၆။ ။ တွင်းကိုဖြစ်စေ၊ ဘူမိဗေဒဗဟုသုတ လွန်ပေါက်ကိုဖြစ်စေ၊ တူးဖေါက်ရင်း၊ သို့တည်းမဟုတ် လွှဲ ပြောင်းရင်းကိစ္စအတွက်၊ အသုံးမပြုတော့သည့်၊ သို့တည်းမဟုတ် အသုံးမဝင်ကြောင်းတွေ့ရှိသည့်၊ သို့ တည်းမဟုတ် အသုံးမဝင်ဟုထင်မြင်ယူဆသည့် နေ့ရက်မှ၊ ရက်သတ္တတပတ်အတွင်း စွန့်ပစ်ရန်အတွက်၊ အခွင့်အမိန့်ကို လျှောက်ထားရမည်။

ရေချိုအတွင်အသုံးပြုသည့်တွင်း။

၈၇။ ။ ပိတ်ဆို့ရမည့်တွင်းကိုဖြစ်စေ၊ ဘူမိဗေဒ ဗဟုသုတ လွန်ပေါက်ကိုဖြစ်စေ ရေချိုတွင်းအဖြစ်ဖြင့် ဘေးကင်းစွာ အသုံးပြုနိုင်မည်ဖြစ်ပြီး၊ အသုံးပြုရန် ရည်ရွယ်လျှင်၊ ၎င်းတွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒ ဗဟုသုတလွန်ပေါက်ကို ရေချိုအောက်တွင် စီမံထားရှိသည့်လိုအပ်သော လုံခြုံအောင်ထားရှိရန် အပိတ် အဆို့အထက်တွင် ဖို့ရန်မလိုပါ။

တူးဖေါက်ရန် အသုံးအဆောင်ကို ရွှေ့ပြောင်းဖယ်ရှားခြင်း။

၈၈။ ။ (၁) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက်ကို၊ ဤနည်းဥပဒေများပါလိုအပ်ချက်များနှင့်အညီအပြီးမသတ်ပြီးသေးလျှင်၊ သို့တည်းမဟုတ် မစွန့်ပစ်ပြီး သေးလျှင်၊ တွင်းတူးစက်ကိုဖြစ်စေ၊ တွင်းတူးလင့်စင်ကိုဖြစ်စေ၊ အခြားတူးဖေါက်ရန် အသုံးအဆောင်ကို ဖြစ်စေ၊ တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက်တခုခုမှ မရွှေ့ပြောင်းမဖယ်ရှားရ၊ သို့ တည်းမဟုတ် မရွှေ့ပြောင်းမဖယ်ရှားစေရ၊ သို့တည်းမဟုတ် ရွှေ့ပြောင်းဖယ်ရှားခွင့်မပြုရ။

(၂) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ တူးဖေါက်နေစဉ်အတွင်း၊ သို့တည်းမဟုတ် လုပ်ငန်းဆောင်တာ ဆောင်ရွက်နေစဉ်အတွင်း၊ တွင်းတတွင်းတွင်၊ သို့တည်းမဟုတ် ဘူမိဗေဒ ဗဟုသုတလွန်ပေါက်တပေါက် ပေါက်မှ တွင်းနံရံပိုက်တခုခုကိုဖြစ်စေ၊ တွင်းတတွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတ လွန်ပေါက် တပေါက်ကို၊ နည်းလမ်းတကျချုတ်ချယ်ခြင်းအတွက်လိုအပ်သည့်၊ တွင်းနံရံပိုက် တခုခုကိုဖြစ်စေ၊ အခြား အသုံးအဆောင်တခုခုကိုဖြစ်စေ၊ ဌာန၏စာဖြင့် ရေးသားလက်ခံအတည်ပြုချက်ကို၊ ရှေးဦးစွာမရယူဘဲမ ရွှေ့ပြောင်းမဖယ်ရှားရ၊ သို့တည်းမဟုတ် မရွှေ့ပြောင်းမဖယ်ရှားစေရ၊ သို့တည်းမဟုတ် ရွှေ့ပြောင်းဖယ် ရှားခွင့်မပြုရ။

မလုံလောက်သည့်အပြီးသတ်မှု။

၈၉။ ။ တွင်းတတွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒ ဗဟုသုတ လွန်ပေါက်တပေါက်၌၊ ရေနံကိုဖြစ်စေ၊ ဓါတ် ငွေ့ကိုဖြစ်စေ၊ ရေကိုဖြစ်စေ၊ ပိတ်ပင်ထားခြင်းတစုံတရာမှာ၊ မထိရောက်မသေချာဟု ဌာနသို့ထင်ရှား လျှင်၊ ဌာနက စမ်းသပ်မှုများကိုဖြစ်စေ၊ ပပျောက်စေရန် စီမံချက်များကိုဖြစ်စေ နှစ်မျိုးလုံးကိုဖြစ်စေ ပြုလုပ်ပေးရန်ဆင့် ဆိုနိုင်သည်။

လုံလောက်သည့်ထုတ်လုပ်ရန်အသုံးအဆောင်။

၉၀။ ။ (၁) မည်သည့် ရေနံတွင်းကိုမျှ၊ အချုတ်အချယ်မရှိဘဲ စီးထွက်ခွင့်မပြုရ။

(၂) ရေနံတွင်း အသီးသီးကို၊ အဆိုပါ ခွဲထုတ်တန်ဆာပလာကိုဖြစ်စေ၊ ပြုပြင်တန်ဆာပလာကိုဖြစ်စေ၊ လိုအပ်သည်ဟုဌာနကယူဆပါက၊ ဌာနကစာဖြင့်ရေးသားလက်ခံအတည်ပြုသည့်ခွဲထုတ်တန်ဆာပလာမှ ဖြစ်စေ ပြုပြင်တန်ဆာပလာမှဖြစ်စေထုတ်လုပ်ရမည်။

(၃) ရေနံတွင်းအသီးသီးအား၊ စီးထွက်မှုကို နည်းလမ်းတကျ ချုတ်ချယ်ရန်အလို့ငှါ လုံလောက်သည့် ချုပ်ဆို့ သို့တည်းမဟုတ် ဘင့်ဆို့ (Chokes and beans) များတပ်ဆင်ထားရမည်။

ဓါတ်ငွေ့၊ ရေနံ အချိုးအစားများ။

၉၁။ ။ ဌာနက၊ အိုင်အတွက် သတ်မှတ်သည့်အများဆုံးအချိုးအစားထက်ပို၍ မည်သည့်ရေနံတွင်းကိုမျှ ဓါတ်ငွေ့ထုတ်လုပ်ခွင့်မပြုရ။

မီးလောင်ကြောင်းနှင့်၎င်း၊ မှုတ်ထုတ်ကြောင်းနှင့်၎င်း ပတ်သတ်သည့်အစီရင်ခံစာ၊

၉၂။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ရေနံ၊ သို့တည်းမဟုတ် ဓါတ်ငွေ့ဖြုန်းတီး၍နှင့်၊ မိမိပိုင်ဆိုင်၍၊ လုပ်ကိုင်ဆောင်ရွက်ခဲ၊ ကြီးကြပ်သည့် ရေနံတွင်းများ၌သော်၎င်း၊ ဓါတ်ငွေ့တွင်းများ၌သော်၎င်း၊ ဖြစ်ပွါး သည့်မီးများနှင့်၊ မှုတ်ထုတ်မှုများနှင့်စပ်လျဉ်း၍၊ ပြည့်စုံသည့် အစီရင်ခံစာကို ပေးပို့၍၊ ကော်လိတ်တော် အရာရှိ၊ သို့တည်းမဟုတ် ၊ ရေနံဝန်ထံနှင့် ဌာနသို့ချက်ခြင်းအကြောင်းကြားရမည်။ အစီရင်ခံစာတွင်၊ တွင်းတည်နေရာအတိအကျကို၊ လွယ်လင့်တကူထင်ရှားပြနိုင်ရန်အလို့ငှါ၊ ၎င်းတွင်းတည်နေရာကို၎င်း၊ အစီရင်ခံရာအခြေအနေကို ပြုပြင်ရန်တိုးတက်ဆောင်ရွက်နေဆဲ၊ သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ် သည့်စီမံမှုများကို၎င်း၊ ဆုံးရှုံးသည့်၊ သို့တည်းမဟုတ် ပျက်စီးသည့် ရေနံခန့်မှန်းခြေ၊ သို့တည်းမဟုတ် ဓါတ်ငွေ့ခန့်မှန်းခြေကို၎င်း ဖေါ်ပြရမည်။

ဓါတ်ငွေ့ထိန်းသိမ်းခြင်း။

Myanmar Law Information System (MLIS)

၉၃။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူအသီးသီးသည်၊ တခုတည်းဖြစ်စေ၊ အခြားရေနံဓါတ်နှင့်အတူဖြစ်စေ ထုတ်လုပ်သည့်ဓါတ်ငွေ့အားလုံးကို၊ ရေနံဓါတ်ထွက်သည့် တွင်းများအဆက်မပြတ်လုပ်ကိုင်ခြင်းနှင့်ညီ ညွတ်စွာနှင့်၊ ခေတ်မှီသီးခြားပညာရပ်ဆိုင်ရာအဆင့်အတန်းများနှင့်အညီ၊ အများဆုံး ထိန်းသိမ်းနိုင်သည် ထိ၊ ထိန်းသိမ်းပြုစုရန်အဓိကတာဝန်ရှိရမည်။ ယာယီနှင့် ထူးခြားသည့် အခြေအနေအရနှင့်၊ ၎င်းအရနှင့် ပင်လျှင်၊ နိုင်ငံတော် သမတ၏စာဖြင့် ရေးသားခွင့်ပြုချက် ရရှိပြီးနောက်မှသာလျှင်၊ မည်သည့်ဓါတ်ငွေ့ကို မှုမီးရှို့မပစ်ရ၊ သို့တည်းမဟုတ် အခြားနည်းလွှတ်ပြေးခွင့်မပြုရ။ ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူတိုင်းသည်၊ လုံလောက်သည့်အခြင်အတွယ် ထုတ်လုပ်သောဓါတ်ငွေ့ အားလုံးကို ရောင်းချခြင်းဖြင့်သော်၎င်း၊ ရေနံ ဓါတ်လှောင်ရာနေရာထဲသို့ ပြန်သွင်းခြင်းဖြင့်သော်၎င်း၊ အခြားနည်းအသုံးချခြင်း၊ သို့တည်းမဟုတ် စီစဉ် ခြင်းဖြင့်သော်၎င်း အသုံးပြုရမည်။

ရေနံသိုလှောင်ခြင်း၊

၉၄။ ။ ဌာန၏ ထင်မြင်ယူဆချက်အရ၊ မလုံလောက်သည့်၊ သို့တည်းမဟုတ် ဖြုန်းတီးမှုကိုသော်၎င်း၊ ဆုံး ရှုံးမှုကိုသော်၎င်း ဖြစ်စေဘွယ်ရာရှိသည့်၊ သို့တည်းမဟုတ် လွန်ကျူးစွာယိုဖိတ်ခြင်း၊ အခိုးအငွေ့ဖြစ်ပြီး ပြယ်ပျောက်ခြင်း၊ သို့တည်းမဟုတ် မီးဘေးဖြစ်မည်ကိုစိုးရိမ်ဘွယ်ရာ အကြောင်းဖြစ်မည့်၊ အကာအကွယ် မရှိသော မြေဂလိုင်များ၌ဖြစ်စေ၊ သိုလှောင်ရန်ထည့်သိုစရာများ၌ဖြစ်စေ မည်သည့်ရေနံကို မှုမသို လှောင် ရ။

လုပ်ငန်းဆောင်တာများ၏ လစဉ်အစီရင်ခံစာ။

၉၅။ ။ (၁) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ တူးဖေါက်မှုလုပ်ငန်းဆောင်တာများ စတင်ရာလမှအစပြု၍၊ ပြက္ခဒိန်လအသီးသီးအတွက်၊ လုပ်ငန်းဆောင်တာများ၏ အစီရင်ခံစာကို၊ ပုံစံ "ဈ" ဖြင့်ပြုလုပ်ရမည်၊ ၎င်းအစီရင်ခံစာကို မူရင်းခွဲပြုလုပ်၍၊ တဆက်တည်းဖြစ်သော နောက်လ၏ ၁၅ (တဆယ့်ငါး) ရက်နေ့ တွင်ဖြစ်စေ၊ ၎င်းနေ့မတိုင်မီဖြစ်စေ ဌာနသို့တင်သွင်းရမည်။ အစီရင်ခံစာသည် လအသီးသီးအတွင်း၊ တွင်းအသီးသီး၌ ပြုလုပ်သည့်လုပ်ငန်းဆောင်တာအားလုံးကိုင်၎င်း၊ လ၏နောက်ဆုံးနေ့ရက်တွင်လုပ်ငန်း ဆောင်တာများ၏အခြေအနေကိုင်၎င်း၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ပေါ်တွင်၊ လုပ်ငန်းဆောင်တာများ၏ အခြေ အနေနှင့် စပ်လျဉ်း၍ အရပ်ရပ်အကျဉ်းချုပ်ကိုင်၎င်း အတိအကျဖေါ်ပြရမည်။

(၂) အစီရင်ခံစာသည်၊ ပြက္ခဒိန်လအသီးသီးအတွက်၊ ပုံစံ၌သီးခြားပြဋ္ဌာန်းချက်များပြုလုပ်ထားသည့် အကြောင်းအရာများအပြင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည်၊ သို့တည်းမဟုတ် ဆိုင်းထားသည့်တွင်း အသီးသီး၏အနက်လအတွင်းတူးဖေါက်သည့် ကျောက်ထုအသီးသီး၏ အမည်ထူးခြားထင်ရှားသည့် သီး ခြားထင်ရှားချက်နှင့် အနက်၊ အဆိုပါ အနက်အသီးသီးသို့ ရောက်ရှိသည့်နေ့စွဲ ပိတ်ထားခြင်းအသီးသီး။ ၎င်း၏နေ့စွဲနှင့် အကြောင်းရင်း၊ အရေးကြီးသည့် ကျောက်ထုအပြောင်းအလဲများ၏ အမည်များနှင့်အ နက်များ၊ ထို့ပြင် ကျောက်ထုများ၌ပါဝင်သည့်အရာများ၊ နောက်ဆုံးအစီရင်ခံစာတင်သွင်းပြီးသည့် နောက် ဆက်လက်ချသည့်တွင်း နံရံပိုက်တခုခု၏ အရေအတွက်နှင့် အရွယ်အစား၊ ရေနံဓါတ်အထွက်စမ်း သပ်မှုရေမဝင်အောင်ပိတ်ပင်ထားခြင်း စမ်းသပ်မှု၊ သို့တည်းမဟုတ် ဓါတ်ငွေ့ဆီအပါအဝင် စမ်းသပ်မှု စသည့်မည်သည့်စမ်းသပ်မှုများမဆို ဤနေ့စွဲနှင့်

အကျိုးသက်ရောက်ခြင်းများအပြင် ပုံစံတွင် သီးခြား ပြဋ္ဌာန်းမထားသည့် လုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်းသည့် မည်သည့်အခြား မှတ်သားလောက်သည့် အကြောင်းအရာကို မဆိုလည်းဖေါ်ပြရမည်။

အထူးပုံစံများ၊ သို့တည်းမဟုတ် အစီရင်ခံစာများ။

၉၆။ ။ ဤအပိုင်း၌ နည်းဥပဒေများတွင်ဖေါ်ပြထားသည့် ပုံစံများနှင့်အစီရင်ခံစာများအပြင် နိုင်ငံတော် သမတက အခါအားလျော်စွာလိုအပ်မည့် အထူးပုံစံများနှင့် အစီရင်ခံစာများကို ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ က၊ နိုင်ငံတော်သမတ သတ်မှတ်ရာနည်းလမ်းအတိုင်းတင်သွင်းရမည်။

အစီရင်ခံစာနှင့်တစ်စာ စသည်များတင်သွင်းရခြင်းကိုလျှော့ပေးခြင်း။

၉၇။ ။ နိုင်ငံတော်သမတသည်၊ ဤနည်းဥပဒေများအရ လိုအပ်သည့် နမူနာများ၊ မှတ်စဉ်များ၊ နှိတစ်စာ များ၊ သို့တည်းမဟုတ် အစီရင်ခံစာများတင်သွင်းခြင်းအတွက် လိုအပ်ချက်ကိုလျှော့ပေးနိုင်သည်။ သို့ရာ တွင် ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ နည်းဥပဒေ ၇၃၊ ၇၄၊ ၇၅ နှင့် ၇၆ အရ၊ တောင်းထားသည့်နောက် နှောင်းအစီရင်ခံစာများကိုမူ တင်သွင်းရမည်။

## အပိုင်း ၁၀

## ပြစ်ဒဏ်များနှင့်အယူခံများ

ရေနံဓါတ်လုပ်ကိုင်ခွင့်များကို မည်သည့်အခါ၌ဖျက်သိမ်းနိုင်ခြင်း။

၉၈။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်များကို-

(၁) အက်ဥပဒေနှင့်နည်းဥပဒေများကို၊ ထင်ထင်ရှားရှား တမင်ဆန့်ကျင်ခြင်း၊ သို့တည်းမဟုတ် ဖေါက် ဖျက်ခြင်းအတွက်၊

(၂) ပြည်ထောင်စုဆန့်ကျင်သည့် သူလျှို လုပ်ငန်းနှင့် အလားတူပြစ်မှုများအတွက်။

(၃) ပြည်ထောင်စု၏ အချုပ်အခြာအာဏာ၊ သို့တည်းမဟုတ် လုံခြုံမှုကိုထိခိုက်စေသည့် မည်သည့် နိုင်ငံရေးလှုပ်ရှားထကြွမှုအားလုံးကိုမဆို ရှောင်ကြဉ်ရန်ဂတိကိုကျူးလွန်သည့် အတွက်၊

(၄) ရေနံဓါတ် လုပ်ကိုင်ခွင့် ရသူက၊ မည်သည့်အခွန်၊ ငှါးရမ်းခ၊ အကောက်တော်၊ သို့တည်းမဟုတ် အခြားအခွန်များကိုမဆိုပေးဆောင်ရန် ပျက်ကွက်ခြင်းသည် သတ်မှတ်ထားသည့် အခွန်၊ ငှါးရမ်းခ၊ အကောက်တော်နှင့်အခြားအခွန်များ အရေအတွက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမတနှင့်ရေနံဓါတ်လုပ် ကိုင်ခွင့်ရသူတို့သဘောကွဲလွဲမှုကြောင့်ဖြစ်သည့် ကိစ္စများမှတပါး၊ ဤနည်းဥပဒေများအရ သတ်မှတ် ထားသည့် အခွန်များ၊ ငှါးရမ်းခများ၊ အကောက်တော်များ၊ သို့တည်းမဟုတ် အခြားအခွန်အခများကို၊ ပေး ဆောင်သင့်သည့်နေ့မှ၊ ခြောက်လအတွင်း မပေးဆောင်ခြင်းအတွက်၊

(၅) ရေနံဓါတ်လုပ်ကိုင်ခွင့်ကိုဖြစ်စေ၊ ရေနံဓါတ်လုပ်ကိုင်ခွင့်အရ အကျိုးခံစားခွင့်တခုခုကိုဖြစ်စေ၊ တရားရုံး၏၊ သို့တည်းမဟုတ် အခွန်တော်အရာရှိ၏ အမိန့်ဖြင့်ဝါရမ်းကပ်လျှင်၊ သို့တည်းမဟုတ် ရောင်း ချလျှင်၊

(၆) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ လူမွဲအဖြစ် တရားစီရင်ဆုံးဖြတ်ခြင်း ခံရလျှင်၊

(၇) ပြန်လည်တည်ထောင်ရန်ကိစ္စအလို့ငှါ၊ ကုမ္ပဏီကိုဖျက်သိမ်းပြီးလျှင်၊ ပြန်လည်တည်ထောင်သော ကုမ္ပဏီအား၊ မူလကုမ္ပဏီ၏ရေနံဓါတ်လုပ်ကိုင်ခွင့်အရ အကျိုးခံစားခွင့်လွှဲအပ်ခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းခြင်းကို၊ နိုင်ငံတော်သမတကခွင့်ပြုသည့် အခါမှတပါး၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ကုမ္ပဏီဖြစ်လျက်၊

Myanmar Law Information System (MLIS)

ထိုကုမ္ပဏီကိုဖျက်သိမ်းရန်အမိန့်တရပ်ချမှတ်လျှင်၊ သို့တည်းမဟုတ် ဖျက်သိမ်းရန်ထိ ထိရောက်ရောက်ဖြစ်သည့် ဆုံးဖြတ်ချက်တခုခုကို ချမှတ်လျှင်၊ ထို့ပြင်

(ဈ) လွှဲအပ်မှု၊ လွှဲပြောင်းမှု၊ ပေးအပ်မှု၊ အစီအစဉ် သဘောတူညီချက်၊ သို့တည်းမဟုတ် နားလည်မှုတခု ခုအတွက်၊ ခွင့်ပြုချက်ကို မသင့်မတော် မတရားသောနည်းဖြင့်ရယူခဲ့လျှင်၊ သို့တည်းမဟုတ် ဆိုခဲ့သည့်လွှဲ အပ်မှု၊ လွှဲပြောင်းမှု၊ ပေးအပ်မှု၊ အစီအစဉ် သဘောတူညီချက်၊ သို့တည်းမဟုတ် နားလည်မှုတခုခုအရ အခွင့်အရေးများနှင့်အာဏာများကို၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူတဦးဦးက မသင့်မတော် အသုံးပြုလျှင် နိုင်ငံတော်သမတကဖျက်သိမ်းနိုင်သည်။

နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ခြင်းအတွက် အပြစ်ဒဏ်။

၉၉။ ။ မည်သူမဆို၊ ဤနည်းဥပဒေတခုခု၏ မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို၊ ဆန့်ကျင်လျှင်၊ ရာဇဝတ် တရားသူကြီးစစ်ဆေးပြီး ပြစ်မှုထင်ရှားသော် တလထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

ဖျက်သိမ်းရန်အတွက်ကျင့်ထုံး။

၁၀၀။ ။ နည်းဥပဒေ ၉၈ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ကို မဖျက်သိမ်းမီ၊ အက် ဥပဒေ၊ သို့တည်းမဟုတ် နည်းဥပဒေများကိုမလိုက်နာဘဲ၊ ပျက်ကွက်ချက်၊ ဆန့်ကျင်ချက်၊ သို့တည်းမ ဟုတ် ဖေါက်ဖျက်ချက်၏ အမျိုးအစားကို၊ နိုင်ငံတော်သမတက နို့တစ်စာပေးပို့ရမည့်ပြင်၊ အဆိုပါနို့တစ် စာသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူအတွက်၊ ပျက်ကွက်ချက်ကိုပပျောက်စေနိုင်ခဲ့သော်၊ ပပျောက်စေရန် စတင်ပြုလုပ်ရန်၊ သို့တည်းမဟုတ် လျော်ကြေးငွေပေးရန်၊ သို့တည်းမဟုတ် ဤအက်ဥပဒေကိုဖြစ်စေ၊ နည်းဥပဒေများကိုဖြစ်စေ ပျက်ကွက်သည်၊ ဆန့်ကျင်သည်၊ သို့တည်းမဟုတ် ဖေါက်ဖျက်သည်ဟု အဆိုရှိ သည့်အတွက်၊ အဆိုပါရေနံဓါတ် လုပ်ကိုင်ခွင့်ကို၊ မည်သည့်အကြောင်းကြောင့် မဖျက်သိမ်းထိုက်ကြောင်း သင့်တော်သော အကြောင်းပြထုချေရန် ရက်ပေါင်းခြောက်ဆယ်ပေးရမည်။

ထုတ်လုပ်မှုကိုပိတ်ထားခြင်း။

၁၀၁။ ။ အခြားပပျောက်ခွင့် တရပ်ရပ် မည်သို့ပင်ရှိစေကာမူ၊ နိုင်ငံတော်သမတသည် ဤနည်းဥပဒေများ ကို ဖေါက်ဖျက်ခြင်း၊ သို့တည်းမဟုတ် ဆန့်ကျင်ခြင်းအတွက်၊ တွင်းတခုခုမှဖြစ်စေ၊ လုပ်ငန်းဆောင်တာ တရပ်ရပ်မှဖြစ်စေ၊ ထုတ်လုပ်မှုကိုပိတ်ထားနိုင်သည့်ပြင်၊ အဆိုပါတွင်း၊ သို့တည်းမဟုတ် လုပ်ငန်းဆောင် တာသည်၊ ထုတ်လုပ်မှု၊ သို့တည်းမဟုတ် လုပ်ငန်းဆောင်တာကို၊ နိုင်ငံတော်သမတက အမိန့်မပေးသေး သမျှ ပြန်လည်မဆောင်ရွက်ရ။

အရေးယူခြင်းကို ဆက်လက်ဆောင်ရွက်နိုင်ခြင်း။

၁၀၂။ ။ အက်ဥပဒေအရ၊ တရားစွဲဆိုထားစေကာမူ၊ နိုင်ငံတော်သမတသည်၊ ဖြုန်းတီးမှုပြုလုပ်ခြင်း ကိုဖြစ်စေ၊ အက်ဥပဒေတခုခု၊ နည်းဥပဒေတခုခု၊ သို့တည်းမဟုတ် အမိန့်တရပ်ရပ်ကို ကျူးလွန်ခြင်းဖြစ် စေ ပညတ်ရန်အရေးယူခြင်းကို စတင်နိုင်သည့်ပြင် ဆက်လက်ဆောင်ရွက်နိုင်သည်။

အယူခံမှုများ။

၁၀၃။ ။ ဤနည်းဥပဒေများအရဖြစ်ပေါ်၍၊ နိုင်ငံတော်သမတက ဤနည်းဥပဒေများအရ၊ ၎င်း၏အာဏာ လွှဲအပ်ထားသည့်အရာရှိ၊ သို့တည်းမဟုတ် အာဏာပိုင်တဦးတယောက်ကချမှတ်သည့် မည်သည့်အမိန့်ကို မဆို၊ နိုင်ငံတော်သမတက၊ ပြန်တမ်းတွင်အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ သတ်မှတ်သည့်နည်းလမ်းအ



Myanmar Law Information System (MLIS)

တိုင်းသတ်မှတ်သည့်အရာရှိ၊ သို့တည်းမဟုတ် အာဏာပိုင်ထံအယူခံဝင်ခွင့်နှင့် ပြင်ဆင်မှု လျှောက်ထား ခွင့်ရှိစေရမည်။ သို့ရာတွင်အဆိုပါအမိန့်မှာ အတည်မဖြစ်ပျက်ပြယ်ကြောင်း မကျေညာသမျှ ကာလ ပတ်လုံးအတည်ဖြစ်ရမည်။

## အပိုင်း ၁၁

## အထွေထွေပြဋ္ဌာန်းချက်များ

အခွန်ငှါးရမ်းခ၊ အကောက်တော်၊ အာမခံတင်ငွေနှင့် အပ်ငွေပေးသွင်းခြင်း။

၁၀၄။ ။ (၁) နည်းဥပဒေ ၅ ၅၁၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆ နှင့်၇၇အရ၊ အခွန်များကို သက်ဆိုင်ရာ လျှောက် လွှာများကို တံဆိပ်တော်ခေါင်းကပ်၍ ပေးဆောင်ရမည်။

(၂) နည်းဥပဒေ ၁၂၊ ၁၅၊ ၁၉၊ ၂၂၊ ၂၈၊ ၃၁ နှင့်၃၈ အရ၊ အခွန်များနှင့် နည်းဥပဒေ ၄၅အရ၊ ပဌမနှစ်အ တွက် အခွန်နည်းဥပဒေ ၄၆ အရ၊ ပဌမနှစ်အတွက် ပုံသေငှါးရမ်းခနှင့် နည်းဥပဒေ ၂၄ နှင့် ၃၃အရ၊ ပေး သည့်ငွေများကို ပြည်ထောင်စုဘဏ်၊ သို့တည်းမဟုတ် လုပ်ကိုင်ခွင့်တည်ရှိရာခရိုင်၏ အနီးဆုံးငွေတိုက်၊ သို့တည်းမဟုတ် ငွေတိုက်ခွဲသို့၊ ငွေစာရင်းခေါင်းစဉ် “ (၅-င) မြေခွန်တော်” အောက်တွင်ချလံဖြင့် ပေး သွင်း၍၊ ချလံဒုတိယမူရင်းခွဲများကို သီးခြား၍ဖြစ်စေ၊ လျှောက်လွှာများနှင့်တွဲလျက်ဖြစ်စေ၊ ဘဏ္ဍာတော် မင်းကြီးထံ ပေးပို့ရမည်။

(၃) နည်းဥပဒေ ၁၀၇ အရ၊ အခွန်၊ နည်းဥပဒေ ၄၅ အရ၊ ဒုတိယနှင့်နောက်နှောင်းသောနှစ်များအ တွက် အခွန်နည်းဥပဒေ ၄၆ အရ ၊ ဒုတိယနှင့်နောက်နှောင်းနှစ်များအတွက် ပုံသေငှါးရမ်းခ၊ နည်းဥပဒေ ၄၇ အရ၊ မြေမျက်နှာပြင်ငှါးရမ်းခနှင့်နည်းဥပဒေ ၅၆ အရပေးဆောင်ရမည့်၊ အကောက် တော်ကို၊ ပြည်ထောင်စုဘဏ်၊ သို့တည်းမဟုတ် လုပ်ကိုင်ခွင့်တည်ရှိရာခရိုင်၏အနီးဆုံးငွေတိုက်၊ သို့တည်းမဟုတ် ငွေတိုက်ခွဲ သို့ငွေစာရင်းခေါင်းစဉ် “(၅-င) မြေခွန်တော်” အောက်တွင် ချလံဖြင့်ပေးသွင်း၍၊ ချလံဒုတိယမူရင်းခွဲများကို လုပ်ကိုင်ခွင့်တည်ရှိရာခရိုင်၏ ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ကြေ်ငြာထားသည့် ရေနံမြေ၏ရေနံဝန်ထံပေးပို့ရမည်။

(၄) နည်းဥပဒေ ၅၃ အရနှင့် ပတ်သက်၍၊ သစ်အကောက်တော်ခွန်ကို ပြည်ထောင်စုဘဏ်၊ သို့တည်းမ ဟုတ် လုပ်ကိုင်ခွင့်တည်ရှိရာ ခရိုင်၏အနီးဆုံးငွေတိုက်၊ သို့တည်းမဟုတ် ငွေတိုက်ခွဲသို့၊ ငွေစာရင်းခေါင်း စဉ် “၈-ခ” အောက်တွင်ချလံဖြင့်ပေးသွင်း၍ ချလံဒုတိယမူရင်းများခွဲကို လုပ်ကိုင်ခွင့်တည်ရှိရာ သစ် တောခရိုင်၏ ခရိုင်သစ်တောဝန်ထံတင်သွင်းရမည်။

(၅) နည်းဥပဒေ ၂၁၊ ၃၀ နှင့် ၄၄ အရ၊ အာမခံတင်ငွေများနှင့် နည်းဥပဒေ ၂၄ အရ အပ်ငွေကို ပြည် ထောင်စုဘဏ်၊ သို့တည်းမဟုတ် လုပ်ကိုင်ခွင့်တည်ရှိရာခရိုင်၏ အနီးဆုံးငွေတိုက်၊ သို့တည်းမဟုတ် ငွေတိုက်ခွဲသို့ ငွေစာရင်းခေါင်းစဉ် “အပ်ငွေများနှင့် ကြိုတင်ထုတ်ပေးငွေများ၊ မြို့ပြဆိုင်ရာအပ်ငွေများ” အောက်တွင်ချလံဖြင့်ပေးသွင်းပြီးလျှင်၊ ချလံဒုတိယမူရင်းခွဲများကို ဘဏ္ဍာတော်မင်းကြီးထံပေးပို့ရမည်။

(၆) နိုင်ငံတော်သမတ အားပေးရန်ရှိသည့်၊ အခွန်အခများနှင့် တာဝန်မကင်းခြင်းများကို၊ နည်းဥပဒေ ၂၁၊ ၃၀ နှင့်၄၄ အရပေးဆောင်ရသည့် အာမခံတင်ငွေများနှင့် ရေနံဓါတ်လုပ်ကိုင်ခွင့်အတွက် ပေးဆောင်ရ သည့် အခြားမည်သည့်တင်ငွေမဆိုမှအရယူနိုင်သည်။

ကန်ထရိုက်လုပ်သူများအတွက်၊ ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူက တာဝန်ရှိရမည်။

၁၈၅။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ၎င်းငှါးရမ်းစေစားသည့်ကန်ထရိုက်လုပ်လူများနှင့် တဆင့်ကန်ထရိုက်လုပ်သူအားလုံးအတွက်၊ ဤနည်းဥပဒေများအရ၊ ဝန်မကင်းသည့်ပြင် တာဝန်ရှိရမည်။

သက်ဆိုင်သည့်အက်ဥပဒေများနှင့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

၁၈၆။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ အခါအားလျော်စွာပြင်ဆင်ထားသည့် မြန်မာနိုင်ငံရေနံမြေများ အက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ရေနံမြေအလုပ်သမားများနှင့် သက်သာချောင်ချိရေး အက်ဥပဒေ၊ မြန်မာနိုင်ငံ သစ်တောအက်ဥပဒေများနှင့် ၎င်းအက်ဥပဒေများအရ၊ ပြုသည့်နည်းဥပဒေများအပြင် ရေနံဓါတ်လုပ် ကိုင်ခွင့်ရသူ၏ လုပ်ငန်းဆောင်တာ၊ စက်ရုံ၊ ထုတ်လုပ်ရုံ၊ စီးပွါးရေးလုပ်ကိုင်မှု၊ သို့တည်းမဟုတ် တာဝန် ခံ၍၊ ပြုလုပ်ဆောင်ရွက်မှုများနှင့် မည်သည့်နည်းလမ်းဖြင့်မဆို သက်ဆိုင်သည့်၊ သို့တည်းမဟုတ် နောင် တွင် ပြဋ္ဌာန်းမည့်တရားဥပဒေ၊ သို့တည်းမဟုတ် ပြင်ဆင်ချက်အရ၊ မည်သည့်နည်းဖြင့်မဆို သက်ဆိုင် လာမည့်အခြား အက်ဥပဒေ၊ သို့တည်းမဟုတ် နည်းဥပဒေအသီးသီးပါ ပြဋ္ဌာန်းချက်များကို အခါခပ်သိမ်း ကိုက်ညီအောင်ဆောင်ရွက်ရမည်၊ ဆောင်ရွက်ရမည်၊ ကျင့်သုံးရမည်၊ လိုက်နာဆောင်ရွက်ရမည်။

လွှဲအပ်မှုများ။

၁၈၇။ ။ (၁) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ကိုသော်၎င်း၊ အခြားစီစဉ်ခြင်းကို သော်၎င်း အဆိုပါ ရေနံဓါတ်လုပ်ကိုင်ခွင့်၊ သို့တည်းမဟုတ် အခြားစီစဉ်ခြင်းအရ၊ ရရှိသည့် အခွင့်အရေး များ၊ အထူးအခွင့်အရေးများ၊ သို့တည်းမဟုတ် တာဝန်ရှိခြင်းများကိုသော်၎င်း၊ ရေနံဓါတ်လုပ်ကိုင်ခွင့်၊ သို့ တည်းမဟုတ် အခြားစီစဉ်ခြင်း၏ အစိတ်အပိုင်း တခုခုကိုသော်၎င်း နိုင်ငံတော်သမတ၏ စာဖြင့်ရေးသား သည့်၊ ကြိုတင်သဘောတူညီချက်မပါရှိဘဲ၊ လွှဲအပ်ခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းခြင်းမပြုလုပ်ရ၊ ထို့ ပြင်အဆိုပါ အခွင့်အမိန့်မရှိဘဲ၊ ရေနံဓါတ်လုပ်ကိုင်ခွင့်အရ အကျိုးသက်ဆိုင်ခွင့်တခုခုကို တရားရုံး၏အ မိန့်ဖြင့်ဝါရန်းကပ်မှု၊ သို့တည်းမဟုတ် ရောင်းချမှုဖြစ်နိုင်ဘွယ်ရာ အကြောင်းရှိသော မည်သည့်အစီအစဉ်၊ သို့တည်းမဟုတ် သဘောတူချက်ကို မှုမပြုလုပ်ရ။

(၂) ခိုင်လုံသော ရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်ခွင့်လက်မှတ် ရသူကိုမှတပါး၊ ရေနံဓါတ်လုပ်ကိုင် ခွင့်၊ သို့တည်းမဟုတ် အခြားစီစဉ်ခြင်းကိုသော်၎င်း၊ ရေနံဓါတ်လုပ်ကိုင်ခွင့်အရ၊ ရရှိသည့်အခွင့်အရေး များ၊ အထူးအခွင့်အရေးများ၊ သို့တည်းမဟုတ် တာဝန်ရှိခြင်းများကိုသော်၎င်း၊ အဆိုပါရေနံဓါတ်လုပ် ကိုင်ခွင့်၊ သို့တည်းမဟုတ် အခြားစီစဉ်ခြင်း၏ အစိတ်အပိုင်းတခုခုကိုသော်၎င်း၊ မည်သည့်လွှဲအပ်ခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းခြင်းကိုမှုမပြုရ။

(၃) ရေနံဓါတ်လုပ်ကိုင်ခွင့်လွှဲအပ်ရန်အတွက်၊ လျှောက်လွှာကိုစာဖြင့်ရေးသား၍၊ ဘဏ္ဍာတော်မင်းကြီး ထံလိပ်စာကပ်ရမည်။

(၄) အဆိုပါလွှဲအပ်ခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းခြင်းအသီးသီးကို၊ လွှဲအပ်သည့်၊ သို့တည်းမဟုတ် လွှဲပြောင်းသည့်နေ့မှ သုံးလအတွင်း ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်၏ရုံးတွင်းအခ ကျပ် ၅၀၀ (ကျပ်ငါးရာတိတိ) ပေးသွင်းမှတ်ပုံတင်ရမည်။

နယ်နိမိတ်အမှတ်အသားများနှင့် မှတ်တိုင်များ။

၁၀၈။ ။ အငှါးပတ္တာရရှိသူသည်၊ မိမိ၏စရိတ်ဖြင့် ရေနံဓါတ်လုပ်ကိုင်ခွင့် သက်တမ်းအတွင်း၊ သို့တည်းမဟုတ်ရေနံဓါတ်လုပ်ကိုင်ခွင့် အသစ်လဲလှယ်ရာသက်တမ်းတခုခုအတွင်း၊ နယ်နိမိတ်အမှတ်အသားများ နှင့်မှတ်တိုင်များကို၊ ၎င်း၏အငှါးပတ္တာနှင့် ပူးတွဲထားသော နယ်ပယ်ပုံစံပေါ်တွင်ဖော်ပြရမည့် နယ်နိမိတ် သတ်မှတ်ချက်အရ၊ စိုက်ထူထားရှိ၍၊ ဆက်လက်ထားရှိရမည်၊ ထို့ပြင်အဆိုပါအမှတ်အသားများနှင့် တိုင်များအကြားရှိ နယ်နိမိတ်ကြောင်းကို၊ ၎င်းအားလွယ်ကူစွာ သိသာထင်ရှားမှတ်သားမိစေရန်အလို့ငှါ၊ ချုံပုတ်နှင့်အခြားအပိတ်အဆို့များကို၊ ကြေနပ်လောက်အောင်ရှင်းလင်းခုတ်ထွင်နိုင်သမျှ ရှင်းလင်းခုတ် ထွင်ထားရှိရမည်။

မှားယွင်းပေးအပ်မိသည့် နယ်ပယ်များကို စွန့်လွှတ်ခြင်း။

၁၀၉။ ။ (၁) ပြည်ထောင်စု၌၊ ရေနံဓါတ်ဆိုင်ရာ အခွင့်အရေးများကို ပိုင်ထိုက်ခွင့် မရှိကြောင်းကို၊ နောက်နှောင်းမှထင်ရှားသိရှိရသည့် မြေများ၊ သို့တည်းမဟုတ် နယ်ပယ်များအတွက်ဖြစ်စေ ၊ အခြားသူများသို့ ရေနံဓါတ်အခွင့်အရေးများ ပေးအပ်ပြီးမြေများ၊ သို့တည်းမဟုတ် နယ်ပယ်များအတွက်ဖြစ်စေ လုပ်ကိုင်ခွင့်မှားယွင်းပေးအပ်မိလျှင်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ အဆိုပါမည်သည့်မြေများ၊ သို့တည်းမဟုတ် နယ်ပယ်များကိုမဆို စွန့်လွှတ်ရန်ဆင့်ဆိုသည့်အခါ၊ ပြည်ထောင်စုသို့ချက်ခြင်းစွန့်လွှတ်ရမည်။

(၂) အထက်ပါနည်းဥပဒေခွဲ (၁) ပါ ပြဋ္ဌာန်းချက်များအရ၊ မည်သည့်မြေများနှင့်နယ်ပယ်များကိုမဆို စွန့်လွှတ်သည့်အခါ၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ နည်းဥပဒေ ၂၂၊ ၃၁ နှင့် ၄၅ အရ အခခွန်များ၊ နည်းဥပဒေ ၄၆ နှင့်၄၇ အရ ငှါးခများနှင့် နည်းဥပဒေ ၂၄ နှင့် ၃၃ အရ အနည်းဆုံးအသုံးစရိတ်များ၊ လက်ငင်းပေးငွေများနှင့် ဝန်ခံချုပ်အရ တာဝန်ရှိခြင်းများ အချိုးကျလျှော့ခြင်းကို ရထိုက်ခွင့်ရရှိမည်။ ထို သို့လျှော့ပေါ့ခြင်းမှာ မြေများ၊ သို့တည်းမဟုတ် နယ်ပယ်များ စွန့်လွှတ်သည့်နှစ်အတွင်း၎င်း၊ အခခွန်၊ ငှါး ခအနည်းဆုံးအသုံးစရိတ်နှင့် လက်ငင်းပေးငွေပေးဆောင်ပြီးဖြစ်သည့်၊ သို့တည်းမဟုတ် ရသင့်ရထိုက် ဖြစ်သည့် နှစ်အတွင်း၎င်း အတည်မဖြစ်စေရ။

ကောင်းမွန်သောဓလေ့ထုံးစံများ။

၁၁၀။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်သက်တမ်းအတွင်း၊ အချိန်မရွေးရေနံ ဓါတ်လုပ်ကိုင်ခွင့်အရ ပြုလုပ်ရမည်။ သို့တည်းမဟုတ် ရေနံဓါတ်လုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သည့်လုပ်ငန်း ဆောင်တာများအားလုံးကို၊ ရေနံဓါတ်အကြီးအကျယ်ထုတ်လုပ်သည့် နိုင်ငံကြီးများက အသိအမှတ်ပြု သည့်အကောင်းဆုံးနှင့် ခေတ်အမှီဆုံး ရေနံဓါတ်မြေဓလေ့ထုံးစံနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည့်ပြင်၊ ခေတ်မှီသောဘူမိဗေဒ၊ ဘူမိရူပဗေဒနှင့် စက်မှုပညာနှင့်ဆိုင်သော ဓလေ့ထုံးစံအရပ်ရပ်ကိုလည်း မိမိလုပ် ငန်းဆောင်တာများ၏ အစိတ်အပိုင်းတိုင်းတွင် ခံယူအသုံးပြုရမည်။

ရေနံဓါတ်ကျောက်မျက်ရတနာများနှင့်ဓါတ်သတ္တုများ တွေ့ရှိခြင်းကို အစီရင်ခံခြင်း။

၁၁၁။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ လုပ်ကိုင်ခွင့်အရ၊ မိမိ၏လုပ်ငန်းဆောင်တာများ ဆောင်ရွက် သည့် အတောအတွင်း ရေနံဓါတ်မှတပါး၊ အခြားမည်သည့်ဓါတ်သတ္တု၊ သို့တည်းမဟုတ် ဓါတ်သတ္တုများ ကိုမဆိုတွေ့ရှိလျှင်၊ တွေ့ရှိသော ဓါတ်သတ္တုအသီးသီး၏ အမျိုးအစားနှင့် တည်ရှိရာအကျယ်ဖော်ပြချက် အပြည့်အစုံနှင့် တွေ့ရှိမှုကို၊ ဘဏ္ဍာတော်မင်းကြီးထံသို့ ရက် ၃၀ (သုံးဆယ်) အတွင်း အစီရင်ခံရမည်။ ရေနံဓါတ်၊ သို့တည်းမဟုတ်



Myanmar Law Information System (MLIS)

ရေနံဓါတ်ထွက်သည့် ကျောက်လွှာများ၊ သို့တည်းမဟုတ် ရေးဟောင်းပစ္စည်း အကြွင်းအကျန်များ၊ သို့တည်းမဟုတ် ရတနာသိုက်များ၊ သို့တည်းမဟုတ် ကျောက်မျက်ရတနာများ၊ နည်းများမဆိုတွေ့ရှိမှုတစုံတရာကို၊ ဘဏ္ဍာတော်မင်းကြီးထံသို့ ချက်ခြင်းအစီရင်ခံရမည်။

အသေးအဖွဲ ရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာပေါ်တွင်လုပ်ကိုင်ခွင့်။

၁၁၂။ ။နိုင်ငံတော်သမတက သတ်မှတ်သင့်သည် မှတ်ယူသည် မည်သည့်အထူးပြဋ္ဌာန်း ချက်များကိုမဆို အထောက်အထားပြု၍၊ အသေးအဖွဲ ရေနံဓါတ်တူးဖေါ်ရေး နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အ တိုင်းအခြားသူ တဦးတယောက်က အသေးအဖွဲရေနံဓါတ်တူးဖေါ်ရန် အငှါးပတ္တာကိုလက်ရှိထားပြီးသည့် မြေနှင့် စပ်လျဉ်း၍၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ပေးနိုင်သည်။ သို့ရာတွင် အသေးအဖွဲရေနံဓါတ်တူးဖေါ်ရေး နည်းဥပဒေများအရ၊ ပေးအပ်ပြီးဖြစ်သည့် အခွင့်အရေးများကို မထိခိုက်စေရ။

ထိခိုက်နစ်နာစေမည့်နိုင်ငံခြားတင်ပို့ခြင်း။

၁၁၃။ ။ ရေနံဓါတ်ကိုသော်၎င်း၊ ၎င်းမှရရှိသည့် ထုတ်လုပ်ပစ္စည်းတခုခုကိုသော်၎င်း၊ ပြည်ထောင်စု၏လူ မျိုးနှင့်ဆိုင်သောအကျိုးသက်ဆိုင်ခွင့်ကို ထိခိုက်နစ်နာစေမည့် နည်းလမ်းမျိုးဖြင့်နိုင်ငံခြားသို့တင်မပို့ရ။

ပြည်ထောင်စု၏လိုအပ်ချက်များ။

၁၁၄။ ။ နိုင်ငံတော်သမတသည်၊ ရေနံဓါတ်၊ သို့တည်းမဟုတ်၎င်းမှရရှိသည့် ထုတ်လုပ်ပစ္စည်းတခုခုကို အခြားနိုင်ငံများသို့မတင်ပို့မီ၊ နိုင်ငံတော်သမတက၊ သာနာညီမျှသည့်ထင်မြင်သည် အခြားထုတ်လုပ်သူ များ၏ အချိုးအစားအလိုက်၊ ပြည်ထောင်စု၏ လိုအပ်ချက်အရပ်ရပ်ကိုဖြည့်တင်းရန် အငှါးပတ္တာရသူ များအား၊ အချိန်မရွေး ဆင့်ဆိုပိုင်ခွင့်ရှိရမည်။

ပြည်ထောင်စုအတွင်း ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရန်ဆင့်ဆိုနိုင်ခြင်း။

၁၁၅။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရရှိရန်အတွက်၊ နိုင်ငံခြားသားတဦးဦးက၊ သို့တည်းမဟုတ် ပြည်ထောင်စု ပြင်ပတွင်ဖွဲ့စည်းတည်ထောင်သည့်ကုမ္ပဏီတခုခုက၊ လျှောက်တောင်းသည့် အချက်တွင်ဖြစ်စေ၊ ရေနံ ဓါတ်လုပ်ကိုင်ခွင့်ရသူက၊ မိမိ၏လုပ်ကိုင်ခွင့်ကို၊ နိုင်ငံခြားသားတဦးအား၊ သို့တည်းမဟုတ် ပြည် ထောင်စုပြင်ပတွင် ဖွဲ့စည်းတည်ထောင်သည့်ကုမ္ပဏီတခုခုအားလွှဲအပ်ပေးရန်၊ နိုင်ငံတော်သမတထံမှ ခွင့် ပြုချက်ကို လျှောက်တောင်းသည့်အချက်တွင်ဖြစ်စေ၊ နိုင်ငံတော်သမတသည်၊ ထိုသူအား၊ ပြည်ထောင်စု အတွင်း၊ ကုမ္ပဏီတခုဖွဲ့စည်းတည်ထောင်စေရန် ဆင့်ဆိုနိုင်သည်။

တိုင်းရင်းသား မ, တည်ငွေရင်းပါဝင်ခြင်း။

၁၁၆။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်နှင့်သက်ဆိုင်သည့်၊ သို့တည်းမဟုတ် ရေနံဓါတ်လုပ်ကိုင်ခွင့်မှ ပေါ်ပေါက် သည့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန်အတွက် အသုံးပြုသည့်၊ သို့တည်းမဟုတ် အခါအားလျော် စွာအသုံးပြုရန်ထုတ်ဝေသည့်၊ မ, တည်ငွေရင်းနှင့် ဒီဘင်ချာများ၊ အမျိုးအစားအားလုံးအနက် ၄၀ (လေးဆယ်) ရာခိုင်နှုန်းအထိ ပြည်ထောင်စုနိုင်ငံသားများသော်၎င်း၊ မ, တည်ငွေရင်းတွင်၊ အနည်းဆုံး ၆၀ (ခြောက်ဆယ်) ရာခိုင်နှုန်းမှာ၊ ပြည်ထောင်စုနိုင်ငံသားပိုင်ဖြစ်၍၊ ပြည်ထောင်စုအတွင်းတရားဥပဒေ အရ ဖွဲ့စည်းထားသည့် ကုမ္ပဏီများသော်၎င်း၊

Myanmar Law Information System (MLIS)

ပိုင်ဆိုင်သည့်မ, တည်ငွေရင်းကို ဖက်စပ်ပါဝင်စေရမည်ဟု၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူအား၊ အချိန်မရွေးဆင့်ဆိုနိုင်ခွင့် နိုင်ငံတော်သမတတွင်ရှိစေရမည်။

ပြည်ထောင်စုနိုင်ငံသားများစေစားခြင်း၊

၁၁၇။ ။ အုပ်ချုပ်သူလူစု၏ အမှုထမ်းရွေးချယ်ရန်၊ ယေဘုယျအခွင့်အရေးကို ထောက်ထား၍၊ ရေနံဓါတ် လုပ်ကိုင်ခွင့်ရသူသည်၊ မိမိအဖွဲ့အစည်းတွင်၊ သီးခြားပညာရပ်နှင့်အုပ်ချုပ်ရေး အပါအဝင်လုပ်ငန်းဆောင် တာအားလုံး၌၎င်း၊ ရာထူးအဆင့်အတန်းအားလုံး၌၎င်း၊ ပြည်ထောင်စုနိုင်ငံသားများကို စေစားရမည်။ ထို့ပြင် နိုင်ငံတော်သမတက စာဖြင့်ရေးသားလက်ခံအတည်ပြုသည့် ရာခိုင်နှုန်းအထိ၊ နိုင်ငံခြားသားအမှု ထမ်းများအတွက် ခွဲခြားထားသည့် သင့်တော်သော ပင်လယ်ရပ်ခြားတွင် အမှုထမ်းရွက်ရသည့်အတွက်၊ တိုးတက်ပေးငွေကို ထောက်ထား၍ တန်းတူဖြစ်သောနိုင်ငံခြားသားအမှုထမ်းများကို ပေးသည့်အခကြေး ငွေနှင့် စည်းကမ်းချက်များအတိုင်း၊ ပြည်ထောင်စုနိုင်ငံသားများအားပေး၍၊ ထိုသို့စေစားရန်အလို့ငှါ၊ နိုင်ငံတော်သမတက စာဖြင့်ရေးသားလက်ခံအတည်ပြုသည့်အစီအစဉ်အတိုင်း ပြည်ထောင်စုနိုင်ငံသား များကို၊ ပြည်ထောင်စုတွင်၎င်း၊ နိုင်ငံခြားတွင်၎င်း အလုပ်သင်ရေးအတွက် ထောက်ပံ့စီစဉ်ပေးရမည်။

အလုပ်သမားသက်သာချောင်ချိရေး။

၁၁၈။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူအသီးသီးသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်သက်တမ်းတလျှောက်လုံးစေ စားခြင်းနှင့်၎င်း၊ စေစားသည့်အလုပ်နှင့်၎င်း၊ ကိုယ်စိတ်ပျော်ရွှင်မှုများနှင့်၎င်း၊ လူမှုရေးရာအကျိုးခံစား ခွင့်များနှင့်၎င်း၊ စပ်လျဉ်း၍၊ အလုပ်သမားများအတွက်၊ သင့်လျော်လုံလောက်သော အဆင့်အတန်းများ နှင့် အခြေအနေများဖန်တီးထားရှိရမည်၊ ၎င်းပြင်ယေဘုယျအားဖြင့်၊ အလုပ်သမားနှင့် စေစားခံရသူများ အားလုံး၏လုပ်ကိုင်ရာနှင့် လူမှုရေးရာအခြေအနေများနှင့် မြှော်လင့်ချက်အလားအလာများကို တိုးတက် ကောင်းမွန်အောင် အမြဲတစေကြိုးစားအားထုတ်ရမည်။

လက်ဦးဝယ်ယူပိုင်ခွင့်များ။

၁၁၉။ ။ နိုင်ငံတော်သမတသည်၊ အထူးအရေးတကြီး အခြေအချိန်၌ (ထိုသို့အကြောင်းရှိခြင်းကိုလည်း၊ နိုင်ငံတော်သမတက ဆုံးဖြတ်၍၊ ကျေညာရမည်ဖြစ်လျက်) ၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ပေး အပ်ထားသော နယ်ပယ်မှရယူပြီး၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ၊ သို့တည်းမဟုတ် ၎င်းနှင့်တွဲဖက်၍၊ အကျိုးသက်ဆိုင်ခွင့် ရှိသူကြီးကြပ်အုပ်ချုပ်မှုအောက်တွင်ရှိနေသည့် ရေနံဓါတ်နှင့်၎င်းမှရရှိသော ထုတ်လုပ်ပစ္စည်းများကို၊ လက်ဦးဝယ်ယူပိုင်ခွင့်ရှိရမည်။ သို့ရာတွင် ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူအား၊ အကြိမ်တိုင်း၌သင့်လျော်သော ပေါက်စျေးပေးရမည်။

ထုတ်လုပ်ရုံကိုကြီးကြပ်အုပ်ချုပ်ခြင်းနှင့်လျော်ကြေးပေးခြင်းများ။

၁၂၀။ ။ အထူးအရေးတကြီး အခြေပေါ်ခဲ့ပါမူ (ထိုသို့ အကြောင်းရှိခြင်းကိုလည်း နိုင်ငံတော်သမတက ဆုံးဖြတ်၍၊ ကျေညာရမည်ဖြစ်လျက်)နိုင်ငံတော်သမတသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ၏ပြည်ထောင်စု အတွင်းရှိ ၊ ထုတ်လုပ်ရုံများ၊ စက်ရုံများနှင့် ဥပစာများကို ကြီးကြပ်အုပ်ချုပ်ခွင့်ရှိသည်။ ၎င်းပြင်ထိုကဲ့သို့ ဖြစ်ခဲ့ပါမူ၊ ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူကလည်း၊ နိုင်ငံတော် သမတ၊ သို့တည်းမဟုတ် ၎င်းကိုယ်စားထုတ် ပေးသည့် ညွှန်ကြားချက်အားလုံးကို လိုက်လျောနာခံရမည်။

Myanmar Law Information System (MLIS)

ဤနည်းဥပဒေအရ အပ်နှင်းသည့်အာဏာ ကို၊ နိုင်ငံတော်သမတက သုံးစွဲခြင်းကြောင့်၊ ရေနံခါတ်လုပ်ကိုင်ခွင့်ရသူ၌၊ ခံရကြောင်း၊ ထင်ရှားအောင်ပြ သည့်ပျောက်ဆုံးမှု၊ သို့တည်းမဟုတ် ထိခိုက်ပျက်စီးမှု အရပ်ရပ်အတွက်၊ ရေနံခါတ်လုပ်ကိုင်ခွင့်ရသူ အား လျော်ကြေးပေးရမည်။ အဆိုပါလျော်ကြေးတခုခုကို၊ နိုင်ငံတော်သမတနှင့် ရေနံခါတ်လုပ်ကိုင်ခွင့် ရသူတို့နှစ်ဦး သဘောတူဖြေရှင်းရမည်။ သို့တည်းမဟုတ် ထိုသို့ဖြေရှင်းရန်ပျက်ကွက်လျှင်၊ နည်းဥပဒေ ၁၃၂ နှင့်အညီ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြေရှင်းရမည်။ ဤနည်းဥပဒေအရ၊ ရရှိသည့် အာဏာ များကိုသုံးစွဲခြင်းဖြင့် ပေးအပ်သည့်သက်တမ်းကိုမရပ်စဲစေရ၊ သို့တည်းမဟုတ် အငှါးပတ္တာပါ သဘောတူ ဝန်ခံချက်များနှင့် စည်းကမ်းချက်များကိုလည်း၊ ဤအပိုဒ်ပါပြဋ္ဌာန်းချက်များ အတည်ဖြစ်စေရန်အတွက် လိုအပ်သည်ထက်ပိုမို၍ မထိခိုက်စေရ။

အလုပ်တာဝန်ရှိခြင်းများအတွက် လိုင်စင်များကိုစုပေါင်းခြင်း။

၁၂၁။ ။ (၁) ဘဏ္ဍာတော်မင်းကြီးသည်၊ လိုင်စင်များကို အများဆုံးလိုင်စင်သုံးခုအထိ စုပေါင်းရန်အခွင့် ပေးနိုင်သည်။ သို့ရာတွင် ထိုကဲ့သို့ စုပေါင်းသည့်လိုင်စင်များမှာ၊ ဘူမိဗေဒအနေအထားတခုတည်း တည်ရှိ ကြောင်းမြင်သာရမည်၊ သို့တည်းမဟုတ် ဆက်စပ်နေရမည်။ ဤနည်းဥပဒေနှင့်အညီ၊ နယ်ပယ်များကို စုပေါင်းထားသည့်အချက်တွင်၊ ထိုသို့စုပေါင်းထားသည့် နယ်ပယ်တခုခု၌ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းဆောင်တာများကို၊ အသုံးစရိတ်နှင့်ရဘာက်စာရင်းတွင် ဖေါ်ပြရာငွေသတ်မှတ်ရန်အလို့ငှါ၊ အစု တွင်ပါဝင်သည့် နယ်ပယ်များပေါ်၌ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းဆောင်တာများဟု မှတ်ယူရမည်။

(၂) ဘဏ္ဍာတော်မင်းကြီးက စာဖြင့်ရေးသား၍ သဘောတူညီချက်မပေးသမျှ လိုင်စင်များကို စုပေါင်း ခြင်းမပြုရ။ ထို့ပြင် အဆိုပါသဘောတူညီချက်မှာ၊ ငှါးရမ်းသည့် နှစ်တနှစ်အတွက်သာ ခိုင်လုံရမည်။

(၃) ရငွေဘက်တွင် စာရင်းသွင်းသည့် အပိုအသုံးစရိတ်များမှာ၊ အစုအတွင်း ပါဝင်သည့် လိုင်စင်များအ တွက် ၊ ဧကချိန်အတိုင်းအချိုးကျ ဖြစ်စေရမည်။ ထို့ပြင်

(၄) လိုင်စင်များ စုပေါင်းရန်၊ သို့တည်းမဟုတ် ပြန်လည်စုပေါင်းရန် လျှောက်လွှာကို၊ စာဖြင့်ရေးသား၍ အောက်ပါများပူးတွဲပါရှိရမည်။

(က) ထည့်သွင်းသည့် နယ်ပယ်များနှင့် ပါဝင်သည့် လိုင်စင်များကိုဖေါ်ပြသည့် အကွက်ပုံ။

(ခ) နယ်ပယ်များ၏ အသေးစိတ်စာရင်း၊ ထို့ပြင်

(ဂ) စုပေါင်းခြင်း၊ သို့တည်းမဟုတ် ပြန်လည်စုပေါင်းခြင်း ၁၂၅ ကျပ် (ကျပ်တရာနှစ် ဆယ့်ငါးတိတိ)။

အောက်တန်းရေနံ ခါတ်လုပ်ကိုင်ခွင့်သက်တမ်းကို၊ အထက်တန်းရေနံ ခါတ်လုပ်ကိုင်ခွင့်ထုတ်ပေး သည် အထိ၊ တိုးရွှေ့ပေးခြင်း။

၁၂၂။ ။ ရေနံခါတ်စူးစမ်းရေးလိုင်စင် လက်ရှိထားသူက၊ ရေနံခါတ်ရှာဖွေရေးလိုင်စင်၊ သို့တည်းမဟုတ် ရေနံခါတ်တူးဖေါ်ရန်အငှါးပတ္တာကို အချိန်မှီလျှောက်ထားသည့် မည်သည့်အခါ၌မဆိုဖြစ်စေ၊ ရေနံခါတ် ရှာဖွေရေးလိုင်စင် လက်ရှိထားသူက၊ ရေနံခါတ်တူးဖေါ်ရန်အငှါးပတ္တာကို အလားတူလျှောက်ထားသည့် မည်သည့်အခါ၌ မဆိုဖြစ်စေ၊

ရေနံဓါတ်ရှာဖွေရေးလိုင်စင်၊ သို့တည်းမဟုတ် ရေနံဓါတ်တူးဖေါ်ရန်အငှါး ပတ္တာ ထုတ်ပေးသည်အထိ၊ သို့တည်းမဟုတ် မပေးလိုငြင်းဆိုသည်အထိ၊ ၎င်း၏လိုင်စင်ကို ဆက်လက် တည်ရှိစေနိုင်သည်။

မတားဆီးနိုင်သောအဖြစ်အပျက်။

၁၂၃။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ပါ သဘောတူဝန်ခံချက်နှင့် စည်းကမ်းချက်များမှတခုခုကို ရေနံဓါတ်လုပ် ကိုင်ခွင့်ရသူက၊ ကိုက်ညီအောင်ဆောင်ရွက်ရန် ပျက်ကွက်မှုသည်၊ ၎င်းမှာ မတားဆီးနိုင်သော အဖြစ်အ ပျက်ကြောင့် ပေါ်ပေါက်ခဲ့ရသည်နှင့်အမျှ၊ နိုင်ငံတော်သမတအား၊ ထိုရေနံဓါတ်လုပ်ကိုင်ခွင့်ရသူထံ၊ တစုံတရာ ရသင့်ရထိုက်ကြောင်း၊ တောင်းဆိုခွင့်မပေးစေရ၊ သို့တည်းမဟုတ် ထိုသို့ကိုက်ညီအောင်ဆောင် ရွက်ရန် ပျက်ကွက်မှုသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ကို ကျူးကျော်မှုဟူ၍ မမှတ်ယူရ။

လုပ်ငန်းဆောင်တာများ၏ နှစ်ပတ်လည်အစီရင်ခံစာ။

၁၂၄။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ပြက္ခဒိန်နှစ် အသီးသီး၏ မတ်လ ၃၀ ရက်နေ့တွင်ဖြစ်စေ၊ ၎င်း နေ့မတိုင်မီဖြစ်စေ အလျင်နှစ်အတွင်း ရရှိသည့်ရေနံဓါတ်လုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သောအလုပ်နှင့် လုပ်ငန်းဆောင်တာအားလုံး၏ အကျယ်ဖေါ်ပြရာ အပြည့်အစုံပါရှိသည့် အသေးစိတ်ဖေါ်ပြရာ စာတမ်း ကိုခြောက်စောင်တွဲပြုလုပ်၍ အောက်ပါအကြောင်းအရာများကို သီးခြားဖေါ်ပြ၍၊ အောက်ပါဝတ္ထုပစ္စည်း များနှင့်အတူ၊ ဘဏ္ဍာတော်မင်းကြီးထံပေးသွင်းရမည်။

(က) ဘူမိဗေဒနည်းစံနစ်အားဖြင့်စစ်ဆေးပြီး၊ သို့တည်းမဟုတ် မြေပုံရေးဆွဲပြီး၊ သို့တည်းမဟုတ် ဘူမိရူပဗေဒနည်းစံနစ်အားဖြင့် တိုင်းထွာပြုလုပ်ပြီးဖြစ်သည့် နယ်ပယ်တစုံတရာ၏ဌာနဒေသ၊ သရုပ် သကန်ပေါ်အောင် ရေးသားဖေါ်ပြသည့် တည်နေရာအမှန်ကို၊ ရှင်းလင်းဖေါ်ပြသည့်နယ်ပုံနှင့်တကွ၊ ဆောင်ရွက်သည့်အလုပ်နှင့် လုပ်ငန်းဆောင်တာများ၏ အမျိုးအစားနှင့် သီးခြားထင်ရှားချက်။

(ခ) တူးဖေါက်သည့်လုပ်ငန်းဆောင်တာများ (drilling operations) လုပ်ကိုင်ခဲ့လျှင်၊ တွင်းများ (wells) ၊ သို့တည်းမဟုတ် ဘူမိဗေဒ ဗဟုသုတလွန်ပေါက်များ (boreholes) ၏ အမည်များ၊ သို့တည်း မဟုတ် အမှတ်များနှင့် တည်နေရာဖေါ်ပြသည့် နယ်ပုံတပုံနှင့်တကွ ၎င်းတို့၏ပမာဏ။

(ဂ) ဘူမိဗေဒ တိုင်းထွာမှု (geological survey) ပြုလုပ်ပြီးဖြစ်သည့်အချက်တွင်-

(၁) မူလမြေပုံရေးဆွဲသည့်စကေးဖြင့်၊ ဘူမိဗေဒနှင့်ဆိုင်သော မြေပုံ၏ ထင်ရှားကြည်လင်သော ရှားရောင်ပုံတူတပုံ၊ ထို့ပြင်

(၂) အရည်အချင်းပြည့်စုံသော ဘူမိဗေဒအရာရှိက၊ လက်မှတ်ရေးထိုးသည့် တိုင်းထွာမှုအစီရင်ခံစာ အပြည့်အစုံ၏ ရောင်ခြည်ဖေါက်ဝင်နိုင်သည့် မိတ္တူတစောင်။

(ဃ) ကမ္ဘာ့ဆွဲအား၊ တိုင်းတာကိရိယာနှင့် တိုင်းထွာမှု (gravity meter survey) ပြုလုပ်ပြီးဖြစ်သည့် အချက်တွင်-

(၁) စခန်းအသီးသီး၏ တည်နေရာနှင့် ပင်လယ်ပြင်မှ အမြင့်ဖေါ်ပြသည့်နယ်ပုံ၏ ပေါ်လွင်ထင်ရှား သော ရှားရောင်ပုံတူတပုံ၊

Myanmar Law Information System (MLIS)

(၂) စခန်းအသီးသီး၌၊ ၀.၅ မီလီဂါ (လ်)၊ သို့တည်းမဟုတ် ၎င်းအောက်နည်းသည့် မီလီဂါ (လ်) ဖြင့် မျက်နှာပြင်အနားရေးကြောင်းပြ၍၊ နောက်ဆုံးပြင်ဆင်သည့် တိုင်းထွာတွက်ချက်ရကိန်း ဖော်ပြသည့်နယ်ပုံ၏ပေါ်လွင်ထင်ရှားသော ရှားရောင်ပုံတူတပုံ၊ ထို့ပြင်

(၃) အရည်အချင်းနှင့်ပြည့်စုံသော ဘူမိရူပဗေဒ ကျွမ်းကျင်သူ၊ သို့တည်းမဟုတ် ဘူမိဗေဒကျွမ်းကျင်သူ၊ သို့တည်းမဟုတ် အင်ဂျင်နီယာက လက်မှတ်ရေးထိုးသည့် တိုင်းထွာမှုအစီရင်ခံစာ အပြည့်အစုံ၏ ရောင်ခြည်ဖေါက်ဝင်နိုင်သည့် မိတ္တူတစောင်။

(င) ဘူမိရူပဗေဒတိုင်းထွာမှု (geophysical survey) သော်၎င်း၊ ကောင်းကင်မှ ကမ္ဘာ့သံလိုက်ဓါတ် အား၊ တိုင်းတာကိရိယာ(aerial magnetometer) နှင့်ဖြစ်စေ၊ မြေပေါ်မှကမ္ဘာ့သံလိုက်ဓါတ်အား တိုင်းတာကိရိယာ၊ (ground magnetometer) နှင့်ဖြစ်စေ တိုင်းထွာမှုသော်၎င်း၊ ပြုလုပ်ပြီးဖြစ်သည့် အချက်တွင်-

(၁) စခန်းအသီးသီး၏ တည်နေရာနှင့် ၎င်းတို့နှင့် ကိုက်ညီသော ရှုမြင်သည့်၊ ရကိန်းဖေါ်ပြသည့် သင့်တော်သောစကေးတခုဖြင့်၊ မျက်နှာပြင်အနားရေးကြောင်းပြထားသောနယ်ပုံ၏ ပေါ်လွင်ထင်ရှားသော ရှားရောင်ပုံတူတပုံ၊ ထို့ပြင်

(၂) အရည်အချင်းနှင့် ပြည့်စုံသောဘူမိရူပဗေဒ၊ သို့တည်းမဟုတ် ဘူမိဗေဒကျွမ်းကျင်သူ၊ သို့တည်းမ ဟုတ် အင်ဂျင်နီယာက လက်မှတ်ရေးထိုးသည့် တိုင်းထွာမှုအစီရင်ခံစာ အပြည့်အစုံ၏ ရောင်ခြည်ဖေါက် ဝင်နိုင်သည့် မိတ္တူတစောင်။

(စ) ငလျင်လှုပ်နည်းဖြင့်တိုင်းထွာမှ( seismic survey) ပြုလုပ်ပြီးဖြစ်သည့် အချက်တွင်-

(၁) ၎င်းနယ်ပုံပေါ်တွင်၊ သို့တည်းမဟုတ် သင့်တော်၍၊ ရောင်ခြည်ဖေါက်ဝင်နိုင်သည့် ဇယားထွက် စာရင်းပေါ်တွင် ငလျင်လှုပ်စေရန် ဖေါက်သည့်ယမ်းတောင့်ထည့်ပေါက် အသီးသီး၏တည်နေရာနှင့် ပင်လယ်ပြင်မှအမြင့်၊ ထို့ပြင် တွေ့ရှိသည့်အပေါ်ယံမြေလွှာထု၊ ရေခဲဆောင်ကျောက်မြေ၊ ရေ၊ သဲ၊ ကျောက်စရစ်၊ ကျောက်မီးသွေး၊ ရွှံ့စေးနှင့် အခြားဓါတ်သတ္တုများ၏ထုကို ဖေါ်ပြသည့် နယ်ပုံ၏ ပေါ်လွင် ထင်ရှားသော ရှားရောင်ပုံတူတပုံ၊

(၂) အသုံးပြုသည့် ညှိနှိုင်းရန်အခြေခံအမြင့်နှင့် အမြန်နှုန်းတွက်ကိန်းဖေါ်ပြ၍ ထိုနယ်ပယ်တွင် ရရှိသည့် ငလျင်လှုပ်မှတ်တမ်းအားလုံး၏ အကောင်းဆုံးလက်ရှိ ယူဆချက်ပေါ်တွင် အခြေပြုသည့်တိုင်း ထွာသည့်အနက်ဆုံးရောင်ပြန်ကျောက်လွှာ အထက်ရှိအနေအထား ကွဲပြားသည့်ကျောက်ထုများ၌၊ ၎င်း ကျောက်ထုများတွင် အကြောင်းအရာများရရှိနိုင်သော်၊ အမှီပြုရန်အကောင်းဆုံး တဆက်တည်းဖြစ်သော ရောင်ပြန်မျက်နှာပြင်အတွက် နယ်ပုံများ၏ ပေါ်လွင်ထင်ရှားသော ရှားရောင်ပုံတူတပုံ၊ အဆိုပါပုံများ သည် ယမ်းတောင့်ထည့်ပေါက်အသီးသီး၌ ညှိနှိုင်းသည့် တိုင်းထွာတွက်ချက်အချိန်ရကိန်း၊ သို့တည်း မဟုတ်ကိုက်ညီသည့် အနက်ကိုဖေါ်ပြ၍ ယမ်းတောင့်ထည့်ပေါက်၌ တိုင်းထွာတွက်ချက် ရကိန်းမှာ ညှိနှိုင်းသည့် အချိန်ဖြင့်ဖြစ်လျှင် ရေးဆွဲသောမျဉ်းတခုနှင့် တခုစပ်ကြား .၀၁၀ စက္ကန့်၊ သို့တည်းမဟုတ် ၎င်းအောက်နည်းသည့်စက္ကန့်အသုံးပြုခြင်းဖြင့်၎င်း၊ ယမ်းတောင့်ထည့်ပေါက်၌၊ တိုင်းထွာတွက်ချက်ရ ကိန်းမှာ

ပေဖြင့်ပေးထားလျှင်၊ ပေ ၅၀ ၊ သို့တည်းမဟုတ် ၎င်းအောက်နည်းသည့် ပေအကွာအသုံးပြု ခြင်းဖြင့်၎င်း၊ ထိုတိုင်းထွာတွက်ချက်ရကိန်းများကိုအခြေပြု၍ နယ်ပုံ၌ မျက်နှာပြင်အနားရေးကြောင်း ပြရမည်။ ထို့ပြင်

(၃) ကန်ထရိုက်စာချုပ် ချုပ်ဆိုသည့် လျောင်လှုပ်ခြင်းဆိုင်ရာ ပညာနှင့်သက်ဆိုင်သည့်၊ တိုင်းထွာခြင်း ပြုလုပ်သည့်ကုမ္ပဏီ၊ သို့တည်းမဟုတ် ရေနံခါတ်လုပ်ကိုင်ခွင့်ရသူ၏ လျောင်လှုပ်ခြင်းဆိုင်ရာ ပညာနှင့် သက်ဆိုင်သည့်ဌာနမှ ရေနံခါတ်လုပ်ကိုင်ခွင့်ရသူအား တင်သွင်းသည့် တိုင်းထွာမှုအစီရင်ခံစာ အပြည့် အစုံ၏ ရောင်ခြည်ဖေါက်ဝင်နိုင်သည့် မိတ္တူတစောင်။

(ဆ) ဤနည်းဥပဒေအရ၊ မြေပုံနယ်ပုံများ၊ သို့တည်းမဟုတ် မြေပုံနယ်ပုံများ၏ ပုံတူများကို ဌာနသို့ပေး သွင်းရန် ဆင့်ဆိုသည့်အခါ၊ မြေပုံနယ်ပုံများ ပုံနှိပ်သည့်စက္ကူအရွယ်အစားမှာ ၄၈" × ၄၀" ထက်မကြီး စေရ။

(ဇ) အထက်ပါ အပိုဒ် (စ)၊ အပိုဒ်ခွဲ (၂) အရ၊ တောင်းဆိုသည့် အကြောင်းအရာများအပြင်၊ မှတ်တမ်း အသီးသီး၏ မျက်နှာပေါ်တွင် ရေးသွင်းထားသည့် လိုအပ်သောတွက်ချက်ရန် အခြေခံအချက်အလက် များပါ၊ ပါဝင်သောယမ်းတောင့်ထည့်ပေါက် အသီးသီးတွင်ရယူသည့် လျောင်လှုပ်မှတ်တမ်းများကို ဌာန ကတောင်းဆိုနိုင်သည်။ ထို့ပြင်ဌာနက အာဏာအပ်နှင်းထားသည့်ဌာနမှ အမှုထမ်းတဦးဦးသည်၊ မည် သည့်အခါ၌မဆို မူလလျောင်လှုပ်မှတ်တမ်းများနှင့် ၎င်းမှတ်တမ်းများနှင့် သက်ဆိုင်သည့် စပ်လျဉ်းရာ အခြေခံအချက်အလက်တခုခုကို စစ်ဆေးနိုင်သည်။

(ဈ) ရေနံခါတ်လုပ်ကိုင်ခွင့်ရသူ၏ စေစားခံရသူအရေအတွက်၊ ၎င်းတို့၏လူမျိုး၊ လစာနှင့်လုပ်ခများ၊ ၎င်းတို့အားပေးသည့် ဆေးဘက်ဆိုင်ရာအထောက်အပံ့နှင့် သင်တန်းများနှင့် ၎င်းတို့၏နေထိုင်မှုအခြေ အနေနှင့် သက်ဆိုင်သည့် အကြောင်းအရာအကျဉ်းချုပ်။

(ည) ရေနံခါတ်၊ သို့တည်းမဟုတ် ရေနံခါတ်ထွက်သည့် ကျောက်လွှာများနှင့် ရေနံခါတ်မှတပါး (ကျောက် မျက်ရတနာများအပါအဝင်ဖြစ်သည့်) ရောင်းဝယ်ဖေါက်ကားနိုင်သည့် ဓါတ်သတ္တုတခုခုကို အဦးအစရှာ တွေ့ခြင်း၊ သို့တည်းမဟုတ် ၎င်းတို့ရှိနေကြောင်းလက္ခဏာတခုခုနှင့်ပတ်သက်၍ အကျယ်ဖေါ်ပြချက်။ ထို့ပြင်

(ဋ) ဘဏ္ဍာတော်မင်းကြီးက ဆင့်ဆိုသည့် အခြားအကြောင်းအရာနှင့် ဝတ္ထုပစ္စည်းများ။

နောက်ဆုံးနှစ်ပတ်လည် အစီရင်ခံစာကို၊ ရေနံခါတ် လုပ်ကိုင်ခွင့်ကုန်ဆုံးသည့်နေ့၊ စာစီးစွာ ဆုံးခန်းတိုင် ရောက်သည့်နေ့၊ ဖျက်သိမ်းသည့်နေ့၊ ပြန်အပ်သည့်နေ့၊ သို့တည်းမဟုတ် စွန့်လွှတ်သည့်နေ့ရက်မှ သုံးလ အတွင်းတင်သွင်းရမည်။

တိကျမှန်ကန်သည့်မှတ်တမ်းများ။

၁၂၅။ ။ ရေနံခါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ၎င်း၏လုပ်ငန်းဆောင်တာ အားလုံးနှင့်၎င်း၊ အဆိုပါလုပ်ငန်း ဆောင်တာများနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များနှင့်၎င်း၊ သက်ဆိုင်သော တိကျမှန်ကန်၍ အသေး စိတ်ဖေါ်ပြသည့်ပုံစံများ၊ မြေပုံနယ်ပုံများ၊ မှတ်စဉ်များ၊ မှတ်တမ်းများ၊ စာအုပ်များနှင့် ငွေစာရင်းများကို ပြည်ထောင်စုတွင် အခါခပ်သိမ်းထားရှိရမည့်ပြင် ဘဏ္ဍာတော်မင်းကြီး၊ သို့တည်းမဟုတ် ၎င်းကဤကိစ္စ အတွက် အာဏာလွှဲအပ်သည့် မည်သည့်အရာရှိကမဆို တောင်းဆိုသည့်အခါတိုင်း ကျမ်းကျိန်လွှာဖြင့် မှန်ကြောင်းဝန်ခံသည့် အဆိုပါပုံစံများ၊ မြေပုံနယ်ပုံများ၊ မှတ်စဉ်များ၊ မှတ်တမ်းများနှင့် ငွေစာရင်းများ ၏ မိတ္တူမှန်များကို ပေးသွင်းရမည်။

မှတ်တမ်းများ၊ တွင်းများ၊ စက်ရုံများစသည်တို့ကိုကြည့်ရှုစစ်ဆေးခြင်း။

၁၂၆။ ။ (၁) ဘဏ္ဍာတော်မင်းကြီးကဖြစ်စေ၊ ၎င်းကဤကိစ္စအတွက် အာဏာအပ်နှင်းထားသည့် မည်သည့်အရာရှိကမဆိုဖြစ်စေ မည်သည့်အခါ၌မဆိုငင်း၊ အခါအားလျော်စွာငင်း၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရရှိ သူ၏ နယ်ပယ်များပေါ်သို့ငင်း၊ ၎င်း၏ပုံစံများ၊ မြေပုံနယ်ပုံများ၊ မှတ်စဉ်များ၊ မှတ်တမ်းများ၊ စာအုပ် များနှင့် ငွေစာရင်းများထားရှိရာရုံး၊ သို့တည်းမဟုတ် အခြားနေရာထဲပေါ်သို့ငင်း၊ ဝင်ရောက်၍ ရေနံဓါတ် လုပ်ကိုင်ခွင့်ရသူ၏ လုပ်ငန်းဆောင်တာများကိုငင်း အဆိုပါလုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်း၍အသုံး ပြုသည့်၊ သို့တည်းမဟုတ် ထားရှိသည့်၊ သို့တည်းမဟုတ် သက်ဆိုင်ခြင်းတစုံတရာရှိသည့် လွှန်ပေါက် များ၊ တွင်းများ၊ အဆောက်အဦများ၊ အဆောက်အအုံများ၊ အသုံးအဆောင်များ၊ အသုံးပြုကိရိယာများ၊ ကျွန်းတုများ၊ စက်ရုံများ၊ ထုတ်လုပ်ရုံများ၊ ပုံစံများ၊ မြေပုံနယ်ပုံများ၊ မှတ်စဉ်များ၊ မှတ်တမ်းများ၊ စာအုပ်များနှင့်ငွေစာရင်းများကိုငင်း၊ လုပ်ငန်းဆောင်တာများ ဆောင်ရွက်စဉ်အတွင်း တွေ့ရှိရယူသော ရေနံဓါတ်နမူနာများ၊ ဓါတ်သတ္တုနမူနာများနှင့်အခြားအရာဝတ္ထုများ၊ နမူနာများကိုငင်း ကြည့်ရှုစစ်ဆေး နိုင်သည့်ပြင်၊ အဆိုပါနမူနာတခုခု၏ တဝက်မကျော်သော ဗန်းများကိုရယူသိမ်းဆည်းထားနိုင်၍၊ အဆိုပါ ပုံစံများ၊ မြေပုံနယ်ပုံများ၊ အမှတ်စဉ်များ၊ မှတ်တမ်းများ၊ စာအုပ်များနှင့်ငွေစာရင်းများ၊ သို့တည်းမဟုတ် ၎င်းတို့၏မည်သည့်အစိတ်အပိုင်းကိုမဆို ကောက်နုတ်ချက်များ၊ သို့တည်းမဟုတ် မိတ္တူများကူးယူနိုင် သည်။

(၂) နည်းဥပဒေခွဲ (၁) အရ၊ ဖြစ်မြောက်အောင် ဆောင်ရွက်စေရန်အလို့ငှါ၊ ဘဏ္ဍာတော်မင်းကြီးက ဖြစ်စေ၊ ၎င်းကဤကိစ္စအတွက်အာဏာအပ်နှင်းထားသည့် မည်သည့်အရာရှိမဆိုကဖြစ်စေ သင့်ရုံတောင်း ဆိုသည့်အကူအညီမျိုးအားလုံးကို၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူကပေးရမည်၊ သို့တည်းမဟုတ် ပေးစေရ မည်။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ၎င်း၏ရေနံဓါတ်ဆိုင်ရာ တန်ဆာပလာအပြည့်အစုံ တပ်ဆင် ထားရာ နေရာအသီးသီးတွင်၊ ကြည့်ရှုစစ်ဆေးရေးအရာရှိများနှင့် လုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အစိုးရ အတွက် ရာထူးအလျောက်ဆောင်ရွက်သူ၊ အခြားအမှုထမ်းတို့အတွက် လုပ်ကိုင်ရန်နှင့်နေထိုင်ရန်လုံ လောက်သောနေရာထိုင်ခင်းကိုပေး၍ ဆက်လက်ပေးရမည်။

ရေနံတွင်းအခေါ်အဝေါ်နှင့်ရေနံဓါတ်လုပ်ကိုင်ခွင့်ရသည့်နယ်ပုံ။

၁၂၇။ ။ (၁) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ တွင်းများ၊ သံကန်များ၊ စက်ရုံများ၊ ထုတ်လုပ်ရုံများ၊ အဆောက်အဦများ၊ အဆောက်အအုံများ၊ ရေနံ၊ သို့တည်းမဟုတ် ဓါတ်ငွေ့ကို သယ်ယူပို့ဆောင်ရန်၊ သို့တည်းမဟုတ် ချွတ်ရန်လွယ်လင့်တကူနှင့် အကူအညီဖြစ်စေသည့် အသုံးအဆောင်များကို ခွဲခြားပြ သည့်အမှတ်အသား ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူအမည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်အမှတ်ကိုဖော်ပြ၍၊ ထင်ရှား မြင်သာသောနေရာ၌ အမှတ်အသားထားရမည့်ပြင်၊ ဤအမှတ်အသားများကို၊ မပျက်အောင်ထိန်းသိမ်း ထားရမည်။

(၂) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့် သက်တမ်းအတွင်း၊ အခါခပ်သိမ်း ရေနံ ဓါတ်လုပ်ကိုင်ခွင့်အရ၊ လုပ်ကိုင်ခွင့်ရရှိသည့်နယ်ပယ်များ၏ မှန်ကန်သည့်ဤနေ့ရက်အထိနှင့် နားလည် နိုင်သည့် နယ်ပုံများပြုလုပ်စေပြီးလျှင် ပြည်ထောင်စုတွင်ထားရှိစေရမည်။ အဆိုပါနယ်ပုံများတွင် ရေနံ



Myanmar Law Information System (MLIS)

ဓါတ်လုပ်ကိုင်ခွင့်ရရှိသည့်နယ်ပယ်များတွင် တူးဖေါက်ခွင့်ရှိသည့်တွင်းတခုခု၏တည်ရာဌာန အခေါ်အဝေါ်အခြေအနေအနက်နှင့် မြေအောက်လမ်းကြောင်းကိုငင်း၊ အဆိုပါတွင်းအသီးသီး၏ ပင်လယ်ရေပြင်အထက်အမြင့်ကိုသိရှိပြီးဖြစ်သော အနီးအနားရှိနေရာတခုခုနှင့် နှိုင်းယှဉ်သည့်မျက်နှာပြင်ကိုငင်း၊ ထို့ပြင်လုပ်ကိုင်ခွင့်အရလုပ်ငန်းဆောင်တာများ၏ကိစ္စများအလို့ငှါ တည်ဆောက်သည့်၊ သို့တည်းမဟုတ် အသုံးပြုသည့်သံကန်များ၊ ရေစုတ်စက်ရုံများ၊ အလုပ်ရုံများ၊ အခြားထုတ်လုပ်ရုံများ၊ စက်ရုံများ၊ အဆောက်အဦများ၊ အဆောက်အအုံများ၊ သို့တည်းမဟုတ် လမ်းများအားလုံးကိုလည်း ဖေါ်ပြရမည်။

(၃) ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ အဆိုပါနယ်ပုံအားလုံး၏မိတ္တူမှန်များကို၊ ဘဏ္ဍာတော်မင်းကြီးက၊ သို့တည်းမဟုတ် ၎င်းကဤကိစ္စအတွက် အာဏာလွှဲအပ်သည့် မည်သည့်အရာရှိကမဆို တောင်းဆိုသည့် အခါတိုင်း ၎င်းအားပေးသွင်းရမည်။

နို့တစ်စာချအပ်ရန်အတွက်လိပ်စာ။

၁၂၈။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ အသီးသီးသည်၊ ပြည်ထောင်စုအတွင်း နို့တစ်စာချအပ်ရန်လိပ်စာကို ဘဏ္ဍာတော်မင်းကြီးထံတွင်ငင်း၊ မြန်မာနိုင်ငံတော်ဘူမိဗေဒဌာနတွင်ငင်း၊ ကော်လိတ်တော်အရာရှိ တွင်ငင်း၊ ရေနံဝန်တွင်ငင်း၊ ထို့ပြင်နိုင်ငံတော်သမတက နို့တစ်စာပေးသလို အခြားဌာနတခုခုတွင်ငင်း သိသာရန်ဖေါ်ပြရမည့်ပြင် ဆက်လက်ဖေါ်ပြရမည်။ ထို့ပြင် ပြည်ထောင်စုတွင်နေထိုင်ပြီး ပြည်ထောင်စု အတွင်းရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ၏ ကိစ္စအရပ်ရပ်ကို အုပ်ချုပ်ရန်အာဏာ အပ်နှင်းခြင်းခံရသည့် အမှုဆောင်အရာရှိတဦးကိုလည်း သိသာရန်ဖေါ်ပြ၍ ဆက်လက်ဖေါ်ပြရမည်။

နို့တစ်စာများပေးအပ်ခြင်း။

၁၂၉။ ။ ဤနည်းဥပဒေများနှင့်အညီပေးပို့ရန်၊ သို့တည်းမဟုတ် ပေးအပ်ရန်လိုအပ်သည့်၊ မည်သည့် နို့တစ်စာ၊ စာချုပ်စာတမ်း၊ သို့တည်းမဟုတ် အကြောင်းကြားစာကိုမဆို ဆိုင်သင့်ရာရာ ဘဏ္ဍာတော် မင်းကြီး၊ သို့တည်းမဟုတ် မြန်မာနိုင်ငံတော်ဘူမိဗေဒဌာန၊ သို့တည်းမဟုတ်ကော်လိတ်တော်အရာရှိ၊ သို့တည်းမဟုတ် ရေနံဝန်၊ သို့တည်းမဟုတ် အခြားဌာနတခုခု၊ သို့တည်းမဟုတ် ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူထံသို့ ကိုယ်တိုင်ကိုယ်ကြပ်ချအပ်၍ဖြစ်စေ၊ ပေးအပ်လျှင်ဖြစ်စေ စာတိုက်မှတဆင့် ဘဏ္ဍာတော် မင်းကြီး၊ အတွင်းဝန်များရုံးသစ်ကြီး၊ ရန်ကုန်မြို့၊ သို့တည်းမဟုတ် မြန်မာနိုင်ငံတော်ဘူမိဗေဒဌာန၊ အမှတ် ၂၆၆၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့၊ သို့တည်းမဟုတ် သက်ဆိုင်ရာခရိုင်၏ ကော်လိတ်တော် အရာရှိ၊ သို့တည်းမဟုတ် သက်ဆိုင်ရာကြော်ငြာထားသည့် ရေနံမြေဆိုင်ရာရေနံဝန်၊ သို့တည်းမဟုတ် နည်းဥပဒေ ၁၂၈ အရ၊ အမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြထားသည့် အခြားဌာနတခုခုသို့ ပေးပို့ လျှင်ဖြစ်စေ၊ နည်းဥပဒေ ၁၂၈ နှင့်အညီဖေါ်ပြ၍ ဆက်လက်ဖေါ်ပြသည့် လိပ်စာအတိုင်း ထားခဲ့လျှင် ဖြစ်စေ၊ စာပို့တိုက်မှတဆင့် အဆိုပါလိပ်စာရှိရေနံဓါတ် လုပ်ကိုင်ခွင့်ရသူထံသို့ ပေးပို့လျှင်ဖြစ်စေ လုံလောက်စွာပေးပို့ပြီးဖြစ်ရမည်။

ရေညစ်ညမ်းစေမှုကို တားဆီးခြင်း။

၁၃၀။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ ရေနံဓါတ်၊ သို့တည်းမဟုတ် ရေနံဓါတ်ထုတ်လုပ်ပစ္စည်းများ၊ ပင်လယ်၊ သို့တည်းမဟုတ် ရေတွင်း၊ စမ်း၊ ချောင်း၊ မြစ်၊ ရေကန်၊ ရေလှောင်ကန်၊ သို့တည်းမဟုတ်



Myanmar Law Information System (MLIS)

ပင်လယ်လက်တက်တခုခုထဲသို့သော်၎င်း၊ ၎င်းစီမံလုပ်ကိုင်သည့်၊ သို့တည်းမဟုတ် ၎င်းအသုံးပြုသည့် ပင်လယ်ဆိပ်ကမ်းသမုဒ္ဒရာ လမ်းဆုံဆိပ်ကမ်း၊ သို့တည်းမဟုတ် အခြားအလားတူသမုဒ္ဒရာ၌ တပ်ဆင်ထားရာတန်ဆာပလာ တခုခု၌၊ ယိုထွက်ခြင်းကြောင့်၊ ရေညစ်ညမ်းစေသည်ကို တားဆီးရမည်။

ရေနံဓါတ်နှင့်ရေနံဓါတ်ထုတ်လုပ်ပစ္စည်းများအတွက်၊ ကြော်ငြာသည့်ဈေးနှုန်းများ။

၁၃၁။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူသည်၊ နိုင်ငံခြားသို့တင်ပို့ရာ နေရာအသီးသီး၌၊ ရေနံဓါတ်နှင့် ရေနံဓါတ်ထုတ်လုပ်ပစ္စည်းများအတွက်၊ ကြော်ငြာသည့်ဈေးနှုန်းများကို အခါခပ်သိမ်းထုတ်ပြန်ရမည်။ ဤ ဈေးနှုန်းများသည်၊ တင်ပို့ရာနေရာတနေရာနှင့်စပ်လျဉ်းပြီးလျှင်၊ ထိုအခါကသက်ဆိုင်သည့်အပြိုင်အဆိုင် အခြေအနေများအရ၊ ထိုအချိန်၌တည်ရှိသောပြကတေ့ ရောင်းရန်ရှိသည့် အခြင်အတွယ်နှင့် ရောင်းစွန် မည့်အခြင်အတွယ်ခြားနားခြင်းကို၊ တိကျစွာပြရမည်။ ၎င်းဈေးနှုန်းများသည်၊ တင်ပို့ရာနေရာ၏ အရပ် ဒေသတွင်ရှိ အခြားတပါးတွင် အလားတူရေနံဓါတ်၊ သို့တည်းမဟုတ် ရေနံဓါတ်ထုတ်လုပ် ပစ္စည်းများ အတွက် ကြော်ငြာသည့်ဈေးနှုန်းများအောက်မနည်းရ။ ကြော်ငြာသည့်ဈေးနှုန်းများကို၊ ရေနံဓါတ်လုပ် ကိုင်ခွင့်ရသူ အသီးသီးနှင့်နိုင်ငံတော်သမတတို့က၊ အချိန်ကာလမှန်မှန် စဉ်းစားနှီးနှောရမည်။

အနုညာတ စီရင်ဆုံးဖြတ်ရေး။

၁၃၂။ ။ အက်ဥပဒေ၊ သို့တည်းမဟုတ် ဤနည်းဥပဒေများအရ၊ ပြဿနာ၊ သို့တည်းမဟုတ် အငြင်းဖြစ် ပွါးသောကိစ္စတခုခု ပေါ်ပေါက်ရလျှင်၊ ပေါ်ပေါက်သည့်မည်သည့်အချိန်၌မဆို အဆိုပါပြဿနာ၊ သို့တည်း မဟုတ် အငြင်းဖြစ်ပွါးသောကိစ္စများကို၊ နိုင်ငံတော်သမတထံ လွှဲအပ်ရမည်။ နိုင်ငံတော်သမတ၏ ၎င်းတို့ အပေါ်ဆုံးဖြတ်ချက်သည် အဆုံးသတ်အပြီးပြတ်ဖြစ်ရမည်။

သို့ရာတွင်-

(က) လိုင်စင်ရသူ၏ လိုင်စင်၊ သို့တည်းမဟုတ် အငှါးပတ္တာရထိုက်ခွင့်ရှိခြင်း။

(ခ) လိုင်စင်၊ သို့တည်းမဟုတ် အငှါးပတ္တာ၏ သဘောတူဝန်ခံချက်များနှင့် စည်းကမ်းချက်များကို၊ ကျူးကျော်သည့်အတွက် အဆိုပါလိုင်စင်၊ သို့တည်းမဟုတ် အငှါးပတ္တာဖျက်သိမ်းခြင်း။

(ဂ) နည်းဥပဒေ ၁၁၉ အရ၊ နိုင်ငံတော်သမတက၊ လက်ဦးဝယ်ယူသည့်ရေနံဓါတ်နှင့်၊ သို့တည်းမဟုတ် ၎င်း၏ထုတ်လုပ်ပစ္စည်းများ၏ ဈေးနှုန်းနှင့်စပ်လျဉ်း၍ အငြင်းဖြစ်ပွါးသောကိစ္စ။

(ဃ) တွေ့ရှိသည့် ရေနံဓါတ်မှာ၊ ရောင်းဝယ်ဖေါက်ကားမှုအတွက် သင့်တော်သည် မတော်သည်။

(င) ရေနံဓါတ် တူးဖေါ်ခွင့် အငှါးပတ္တာကုန်ဆုံးသောအခါ၌ဖြစ်စေ၊ သည့်အလျင်ဆုံးခန်းတိုင် ရောက်စေ သောအခါ၌ဖြစ်စေ နိုင်ငံတော်သမတက ဝယ်ယူသည့်စက်ရုံး၏ ဈေးနှုန်း။

(စ) ရေနံဓါတ် တူးဖေါ်ခွင့်အငှါးပတ္တာအရ၊ အငှါးပတ္တာရသူ၏ အခွင့်အရေးများကို၊ နိုင်ငံတော်သမတ က၊ ရယူအုပ်ချုပ်သောအခါ၌၊ အငှါးပတ္တာရသူသို့ ပေးရန်ရှိသည် လျော်ကြေး။ ထို့ပြင်

(ဆ) နည်းဥပဒေ ၁၂၀ အရ၊ အငှါးပတ္တာရသူ၏ ထုတ်လုပ်ရုံများ၊ စက်ရုံများနှင့် ဥပစာများကို၊ နိုင်ငံတော်သမတက၊ ရယူအုပ်ချုပ်ပြီးခြင်းကြောင့်၊ အငှါးပတ္တာရသူ တွေ့ကြုံခံစားရကြောင်း ထင်ရှား အောင်ပြသနိုင်ခွင့်ရှိသည့်

ပျောက်ဆုံးမှု၊ သို့တည်းမဟုတ် ထိခိုက်ဆုံးရှုံးပျက်စီးမှုအတွက်၊ ၎င်းအားပေး သင့်သည့်လျော်ကြေးနှင့်စပ်လျဉ်း၍၊ အငြင်းဖြစ်ပွါးသော ကိစ္စမည်သည့်ကိုမဆို၊ အနုညာတခုံလူကြီး နှစ်ဦးတို့က ဆုံးဖြတ်ရ မည်။၎င်းအနုညာတ ခုံလူကြီးများအနက်တဦးကို၊ နိုင်ငံတော်သမတက အမည်တင်သွင်း၍၊ အခြားတဦးကို ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူက၊ အမည်တင်သွင်း၍ခန့်ထားရမည်။ အဆိုပါအနုညာတခုံလူကြီးများ သဘောကွဲလွဲလျှင်၊ ၎င်းတို့က ဒိုင်လူကြီးအဖြစ် စာဖြင့်ရေးသား၍၊ ခန့်ထားသော ဒိုင်လူကြီးတဦးက အငြင်းဖြစ်ပွါးသော ကိစ္စကိုဆုံးဖြတ်ရမည်။ အဆိုပါအနုညာတခုံ လူကြီးများ၊ သို့တည်းမဟုတ် ဒိုင်လူကြီး ၏ ဆုံးဖြတ်ချက်ဆိုင်သင့်ရာရာသည်၊ အဆုံးသတ်အပြီးပြတ် ဖြစ်စေရမည်။

ရေနံဓါတ်လုပ်ကိုင်ခွင့် ရသူထံမှရရှိသည့် မည်သည့် အကြောင်းအရာကို မည်သည့်အခါ၌ထုတ်ပြန် နိုင်ခြင်း။

၁၃၃။ ။ (၁) နည်းဥပဒေ ၇၁၊ ၇၂ နှင့် ၇၄ အရ၊ ရရှိသည့်အကြောင်းအရာကို၊ တွင်းတူးစက်စွန့်လွှတ် သည့်နေ့ရက်မှ တနှစ်ပြည့်သည့်အခါ ထုတ်ပြန်နိုင်သည်။

(၂) တွင်းတူးစက် စွန့်လွှတ်သည့်နေ့ရက် နောက်တနှစ်အကြာတွင် ထုတ်ပြန်နိုင်သည့် ရေနံဓါတ်အောင်း သည့် ကျောက်လွှာသစ်များကို တူးဖေါက်သည့်တွင်း၊ သို့တည်းမဟုတ် ဘူမိဗေဒဗဟုသုတလွှန်ပေါက် များနှင့်သော်၎င်း၊ တူးဖေါက်ပြီးနောက် ချက်ခြင်းစွန့်ပစ်သည့်တွင်းနှင့် ဘူမိဗေဒဗဟုသုတလွှန်ပေါက် များနှင့်သော်၎င်း၊ စပ်လျဉ်းသောအကြောင်းအရာမှတပါး၊ နည်းဥပဒေ ၆၄၊ ၇၃၊ ၇၅၊ ၇၆၊ ၉၂ နှင့် ၉၅ အရ၊ ရရှိသည့်အကြောင်းအရာကို ချက်ခြင်းထုတ်ပြန်နိုင်သည်။

(၃) နည်းဥပဒေ ၁၂၄ အရ၊ ရရှိသည့်အကြောင်းအရာကို၊ ရေနံဓါတ်လုပ်ကိုင်ခွင့်သက်တမ်းကုန်ဆုံးပြီး နောက်၊ တနှစ်မကုန်ဆုံးသေးသမျှ ထုတ်ပြန်ခြင်းမပြုရ။ သို့ရာတွင် ဤနည်းဥပဒေများနှင့်အညီ၊ အကြောင်းတခုခုကြောင့်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူက၊ ပြန်အပ်သည့်နယ်ပယ်များအတွက်ဖြစ်လျှင်၊ အကြောင်းအရာကိုထုတ်ဖေါ်ပြောနိုင်သည်။ ထို့ပြင်လည်း ရေနံဓါတ်တူးဖေါ်ခွင့်အငှါးပတ္တာနှင့်စပ်လျဉ်း ၍၊ ရရှိသည့်အကြောင်းအရာဖြစ်လျှင်၊ ထိုအကြောင်းအရာကို ချက်ခြင်းထုတ်ပြန်နိုင်သည်။

(၄) ဘောဂဗေဒနှင့်သက်ဆိုင်၍၊ နည်းဥပဒေ ၁၂၅၊ ၁၂၆ နှင့် ၁၂၇ အရ၊ ရရှိသည့်အကြောင်းအရာကို၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ၏ ခွင့်ပြုချက်မရရှိဘဲ၊ ထုတ်ပြန်ခြင်းမပြုရ။ သို့သော်လည်း ရေနံဓါတ်လုပ် ကိုင်ခွင့်ရသူက၊ အဆိုပါခွင့်ပြုချက်ကို အကြောင်းမဲ့မပေးဘဲမနေရ။ အခြားရရှိသည့် အကြောင်းအရာများ ကို ချက်ခြင်းထုတ်ပြန်နိုင်သည်။

(၅) နိုင်ငံတော်သမတသည်၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူထံမှရရှိသော မည်သည့်အကြောင်းအရာကိုမဆို၊ ပြည်ထောင်စုတွင် ရေနံဓါတ်စူးစမ်းရှာဖွေသည့်၊ သို့တည်းမဟုတ် တူးဖေါ်သည့်လုပ်ငန်းဆောင်တာများ ၏ ပမာဏနှင့်ပတ်သက်၍၊ စုစုပေါင်းအစီရင်ခံစာရင်းနှင့် အရပ်ရပ် အစီရင်ခံစာများ ပြုလုပ်ထုတ် ပြန်ရေး ကိစ္စအတွက်၎င်း၊ နိုင်ငံတော်သမတနှင့်ရေနံဓါတ် လုပ်ကိုင်ခွင့်ရသူတို့ အနုညာတစီရင်ဆုံးဖြတ် ရေး၊ သို့တည်းမဟုတ် တရားစွဲဆိုရေး ကိစ္စတခုခုအတွက်၎င်း၊ မည်သည့်အခါ၌မဆို အသုံးပြုနိုင်ခွင့်ရှိရ မည်။

တည်ဆဲနည်းဥပဒေများကို ရုပ်သိမ်းခြင်း။

၁၃၄။ ။ သဘာဝရေနံဓါတ်နှင့်သဘာဝဓါတ်ငွေ့နှင့်စပ်လျဉ်း၍၊ တည်ဆဲဖြစ်သော ၁၉၂၄ ခုနှစ်၊ မြန်မာနိုင်ငံ သတ္တုလုပ်ကိုင်ခွင့် နည်းဥပဒေများ (The Burma Mineral Concessions Rules, 1924) ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။ ထိုသို့ ရုပ်သိမ်းသည့်အခါ၊ အက်ဥပဒေတရုပ်ရုပ်သိမ်းမှု နှင့် စပ်လျဉ်းသည့်၊ ယေဘုယျစကားရပ်များ အက်ဥပဒေ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေ ရမည်။

အမိန့်အရ၊<br>
စိန်မြင့်၊<br>
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊<br>
သတ္တုတွင်းဝန်ကြီးဌာန။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ က ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာတော်မင်းကြီး (ကူးသန်းရောင်းဝယ်ရေး) ရုံးတော် ရေနံဓါတ်လုပ်ကိုင်ခွင့် လျှောက်ပိုင်ခွင့်လက်မှတ်၊ သီးသန့်မဟုတ်သည့် မျက်နှာပြင်ရှာဖွေခွင့်လက်မှတ်၊ ရေနံဓါတ်စူးစမ်းရေးလိုင်စင်၊ ရေနံဓါတ်ရှာဖွေရေးလိုင်စင်၊ သို့တည်းမဟုတ် ရေနံဓါတ်တူးဖော်ရန် အငှါး ပတ္တာအတွက် လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ ခ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန ရေနံဓါတ်လုပ်ကိုင်ခွင့်လျှောက်ပိုင်ခွင့် လက်မှတ်

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ ဆ အခွင့်လက်မှတ်အတွက်လျှောက်လွှာနှင့် တွင်းများနှင့် စပ်လျဉ်းသည့်အစီရင်ခံစာများ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ ဇ အပြီးသတ်ခြင်းအစီရင်ခံစာနှင့်ရေနံ၊ သို့တည်းမဟုတ် ဓါတ်ငွေ့တွင်းများ၏မှတ်စဉ်

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ ဈ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဘူမိဗေဒဌာန လုပ်ငန်းဆောင်တာများဆိုင်ရာ လစဉ်အစီရင်ခံစာ

Myanmar Law Information System (MLIS)